# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၁)

# တိုင်းရင်းသားများအကြား ပဋိပက္ခများ နှစ်ရှည်ကြာဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ နောက်ကျ
# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲကြိုးပမ်း

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်**

**ချစ်ခင်လေးစားအပ်ပါသော ညီ့သည်တော်များရှင့်။**

ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်အစိုးရတာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာ ကော်မတီဝင်များ၊ စာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ညီ့သည်တော်များ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် မိမိတို့၏ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းကပင် ဤနိုင်ငံအတွင်း နေထိုင်ခဲ့ကြပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်တွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# မည်သည့်အခက်အခဲ၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဖြေရှင်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဒေါက်တာထွန်းနိုင်၊ ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ကျွမ်းကျင်လုပ်သားနှင့် စံသတ်မှတ်ချက်

တိုင်းပြည်၏စက်မှုကုန်ထုတ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ကျွမ်းကျင်လုပ်သား လုံလုံလောက်လောက်ရရှိရေးသည် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များအတွက်ဖြစ်စေ၊ ပြည်ပစီးပွားရေး လုပ်ငန်းရှင်များအတွက်ဖြစ်စေ လိုအပ်သော ကျွမ်းကျင်လုပ်သား လုံလုံလောက်လောက်ရရှိနိုင်ခြင်း ရှိ၊ မရှိသည် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အဓိကထားစဉ်းစားရမည့် အချက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သာမန်လုပ်သားနှင့် ကျွမ်းကျင်လုပ်သားကို ခွဲခြားပေးမည့် စံသတ်မှတ်ချက်တို့ ပြဋ္ဌာန်းပေးရန် လိုအပ်လာပါသည်။ ထို့အတူ ဤစံသတ်မှတ်ချက်တို့ကို စနစ်တကျ တိုင်းတာဆုံးဖြတ်ပေးမည့် အဖွဲ့အစည်းတစ်ရပ်လည်းရှိရန်လိုအပ်ပါသည်။ သို့မှသာ လုပ်ငန်းရှင်တို့က ကျွမ်းကျင်လုပ်သားတို့ကို အလွယ်တကူ ခွဲခြားခန့်ထားပေးနိုင်မည် ဖြစ်ပါသည်။

ဤသို့သော လိုအပ်ချက်နှင့်အညီ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤလုပ်ငန်းစဉ်သည် ဒေသတွင်းလုပ်ငန်းစဉ်များ၌ မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့်လည်း ဆက်စပ်နေပါသည်။ မြန်မာနိုင်ငံသည် အာဆီယံကျွမ်းကျင်မှု အသိအမှတ်ပြုရေးလုပ်ငန်းစီမံကိန်း၌ ပါဝင်ဆောင်ရွက်ခဲ့ပြီး အဆိုပါ လုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်သည် တစ်နိုင်ငံချင်းအလိုက်အဆင့်နှင့် ဒေသတွင်းအဆင့် ကျွမ်းကျင်မှုအရည်အသွေးမူဘောင်၊ စနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။ လိုရင်းတင်ပြရမည်ဆိုပါက မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ ဖွဲ့စည်းလိုက်ခြင်းသည် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အတူ ဒေသတွင်း လိုအပ်ချက်ကိုပါ ဖြည့်ဆည်းလိုက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ယခုအခါလုပ်သား ၁၅၀၀ ခန့်အား အမျိုးသား အဆင့် (နိုင်ငံအလိုက်အဆင့်) အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးပြီး ဖြစ်ပါသည်။ အဆိုပါ အသိအမှတ်ပြုလက်မှတ်တို့သည် သက်ဆိုင်ရာလုပ်သားတို့၏ ဘဝမြင့်မားတိုးတက်ရေးအတွက် လှေကားသဖွယ် ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပိုင်ဆိုင်ရရှိခြင်းကြောင့် သက်ဆိုင်ရာလုပ်သားတို့သည် အလုပ်အကိုင်အခွင့်အလမ်းတို့ ပိုမိုရရှိလာမည်ဖြစ်သကဲ့သို့ ပိုမိုကောင်းမွန်သောလုပ်ခလစာတို့ကိုလည်း ခံစားရရှိနိုင်မည် ဖြစ်ပါသည်။ ကျွမ်းကျင်လုပ်သားတို့သည် ကျွဲကူးရေပါဆိုသကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်အစွမ်းသတ္တိကိုလည်း မြင့်မားစေမည်ဖြစ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအရှိန်အဟုန်မြင့် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ယခုနှစ်အောက်တိုဘာလအတွင်း ကျွမ်းကျင်မှု အလုပ်အကိုင် ၁၇၃ မျိုးအတွက် စံမီသော အလုပ်သမား ၅၀၀၀ မွေးထုတ်ပေးရန် ရည်မှန်းချက် ချမှတ်ထားသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ချက်ပြဋ္ဌာန်းရေးအဖွဲ့၏ စံသတ်မှတ်ချက်တို့သည် အာဆီယံအဆင့်မီသည်ဟုလည်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ လိုအပ်ချက်နှင့် ဒေသတွင်း လိုအပ်ချက်တို့ ဖြည့်ဆည်းပေးရေးကို တစ်ပြိုင်တည်း စွမ်းဆောင်ပေးနေသော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေး အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ဆင်ခြေထောက်ရောဂါ ဆေးတိုက်ကျွေးခြင်းလုပ်ငန်း ပညာပေးဆွေးနွေး

**သံတောင်ကြီး ဇန်နဝါရီ ၁၈** - ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်သော ဆင်ခြေထောက်ရောဂါကင်းဝေးရေးလူထုအားလုံးဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က သံတောင်မြို့ ပသိခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန်ဒေါက်တာစစ်သွေးပိုင်က ဆင်ခြေထောက်ရောဂါနှင့် ပတ်သက်သော ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ခြင်းအကြောင်း၊ ဆင်ခြေထောက်ရောဂါသည် သန်ကောင်မွှားသယ်ဆောင်သော ခြင်ကိုက်ခြင်းဖြင့် ကူးစက်စေခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# (၃၇)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခွဲက (၃၇)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နှစ်သစ်ကူးအဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ လားဟူတိုင်းရင်းစာပေယဉ်ကျေးမှုအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး လားဟူတိုင်းရင်းသားများ၏ ရိုးရာ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်က နှစ်သစ်ကူးအမှာစကားပြောကြားပြီး အလှူငွေများ ပေးအပ်ကာ ရိုးရာဂါရဝလက်ဆောင်ပစ္စည်းများ လက်ခံ၍ လားဟူတိုင်းရင်း သားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဖိတ်ကြားထားသော ဧည့်သည်တော်များအား လားဟူရိုးရာ ယဉ်ကျေးမှုအကဖြင့် ဂါရဝပြုတင်ဆက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဘိုကလေးမြို့နယ်မှ စက်ဆန်းချောင်းတံတားကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်

**ဘိုကလေး ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအနီးရှိ စက်ဆန်းချောင်းတံတားကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) တံတားအထူးအဖွဲ့(၁၅)က စက်ဆန်းချောင်းတံတားစီမံကိန်းဖြင့် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ခွင့်ပြုငွေကျပ် ၇၃၀၅ သန်းဖြင့် တည်ဆောက်ခဲ့ရာယခုနှစ် ဖေဖော်ဝါရီလထဲတွင် ပြီးစီးအောင် တည်ဆောက်လျက်ရှိ၍ မကြာမီ ဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ တံတားကြီးမှာ ဘိုကလေးမြို့မှ ၁၈ မိုင်အကွာ ဘိုကလေး- စက်ဆန်း- ထော်ပိုင်- အမာ လမ်းပေါ်တွင် တည်ရှိပြီး ဖျာပုံ- ကျုံကဒွန်း ၁၅ မိုင် ၃ ဖာလုံနှင့် ကျုံကဒွန်း-စက်ဆန်း ၁၉ မိုင် ၁ ဖာလုံတွင် စက်ဆန်းချောင်းကို ဖြတ်သန်း၍ တည်ဆောက်ထားကာ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးအတွက် လွန်စွာအရေးပါသော တံတားကြီးတစ်စင်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ တံတားကြီးမှာ အရှည် ၁၇၈၁ ပေ ၆လက်မ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေခွဲစီ ရှိမည်ဖြစ်ပြီး ဘိုးပိုင်အာရ်စီကွန်ကရစ်အမျိုးအစားဖြစ်ကာ ရေလမ်းကင်းလွတ်နယ်မှာ အမြင့် ပေ ၄၀၊ အကျယ် ၂၁၈ ပေထားရှိပေးထားကြောင်း၊ နည်းစနစ်မြင့်မားစွာဖြင့် အချိန်ယူတည် ဆောက်ထားသည့် တံတားဖြစ်ကြောင်း သိရသည်။

စက်ဆန်းချောင်းတံတားကြီး ဖွင့်လှစ်ပြီးစီးသွားပါက ယခင်က ရေလမ်းခရီးဖြင့် ဘိုကလေးမြို့သို့ နှစ်နာရီခန့် အချိန်ကုန်ခံ၍ သွားလာခဲ့ရသော မြို့ပတ်ဝန်းကျင် ကျေးရွာ ၃၂ ရွာမှ ပြည်သူများအနေဖြင့် ဘိုကလေးမြို့သို့ ကားဖြင့်နာရီဝက်ခန့်အတွင်း သွားရောက်နိုင်မည်ဖြစ်သည့်အပြင် ထော်ပိုင်ကျေးရွာ၊ အမာမြို့ ဒေသခံများသို့လည်း ရာသီမရွေးလွယ်ကူစွာ သွားလာနိုင်တော့မည်၍ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကို အဆင်ပြေစေမည်ဖြစ်သလို မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များကျရောက်လာပါကလည်း အခြားဒေသများမှ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို လျင်မြန်စွာပေးပို့ထောက်ပံ့နိုင်တော့မည်ဖြစ်၍ ပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၈-၁-၂၀၁၈

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၀ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ・ ၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ ・ ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ・ ၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❐ *ရှေ့ဖုံးမှ*

ကိုလိုနီအုပ်ချုပ်မှုအောက် ကျရောက်ပြီး လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ များစွာအရေးပါ ထိရောက်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်မူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ နိုင်ငံတော်အစိုးရက ဦးဆောင်၍ ကျင်းပလျက်ရှိသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများတွင် တိုင်းရင်းသားပြည်သူ များအတွက် အရေးကြီးလှသော အခွင့်အာဏာခွဲဝေရေး၊ မြေယာနှင့် သယံဇာတ စီမံခန့်ခွဲမှုများ ခွဲဝေဆောင်ရွက်ရေး၊ အခွန်ကောက်ခံမှုများ ခွဲဝေဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးစသည်တို့ကို ညှိနှိုင်းဆွေးနွေးပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု အတွက် အခြေခံမှုများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သဘောတူညီချက်အချို့ရရှိပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းများ အဖြစ် လက်မှတ်ရေးထိုးခဲ့နိုင်သကဲ့သို့ ဆက်လက်၍လည်း ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤသို့ ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နှစ်ပေါင်း(၇၀)ကျော် သက်တမ်းရှည် ကြာခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသား ပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီဖယ်ဒရယ် ပြည်ထောင်စု ကြီး တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်နိုင်ရန်ဖြစ်ပါသည်။

**“လက်ရှိ နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ဖွဲ့စည်းခန့်အပ် တာဝန်ပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသား အရေး၊ တိုင်းရင်းသား ဒေသများ ဖွံ့ဖြိုးရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမှသာ လက်တွေ့တိုးတက်မှု သာဓကများနှင့် အမျိုးသားပြန်လည်သင့်မြတ် ပြီး ပြည်ထောင်စုညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်”**

တစ်ချိန်တည်းမှာပင် လက်ရှိနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ဖွဲ့စည်းခန့်အပ်တာဝန် ပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားအရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေး တို့ကို ဦးစားပေးဆောင်ရွက်သွားမှသာ လက်တွေ့တိုးတက်မှု သာဓကများနှင့် အမျိုးသားပြန်လည်သင့်မြတ်ပြီး ပြည်ထောင်စုညီညွတ်ရေးကို တည်ဆောက် နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သော ဖိုရမ်မှ တိုင်းရင်းသားဒေသများအတွက် အတွေးသစ်၊ အမြင်သစ်များရရှိစေရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီနိုင်ရေးနှင့် ညီညွတ်ရေး အတွက် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၈ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရောဝတီတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် မြန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင်ကို ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်သို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

✻ *ရှေ့ဖုံးမှ*

အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ NGO၊ INGO အဖွဲ့များမှ ကိုယ်စားလှယ်များ ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းအဖြေရှာ**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်သည် တိုင်းရင်းသား များ၏ အသိအမြင်နှင့် ဗဟုသုတများ



**မွန်ပြည်နယ် ပအိုဝ်း တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင် သဝဏ်လွှာဖတ်ကြားစဉ်။**

ရရှိဖော်ထုတ်နိုင်စေရန် ကျင်းပခြင်းဖြစ်၍ အလွန်တန်ဖိုးရှိသည့် ဖိုရမ်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် အများ အားဖြင့် နယ်စပ်ဒေသတစ်လျှောက်နှင့် တောင်ပေါ်ဒေသများတွင် အများဆုံး နေထိုင်ကြပါကြောင်း၊ တိုင်းရင်းသား အများစုနေထိုင်သည့် တောင်တန်းဒေသ များသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး တစ်နေရာနှင့် တစ်နေရာ လွယ်ကူစွာသွားလာရန် အခက်အခဲများ ရှိနေသေးသဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခြေအနေ ဖန်တီးခွင့် နည်းပါးပါကြောင်း၊ ထို့ကြောင့် တိုင်းရင်း



**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ရှင်းလင်းပြောကြားစဉ်။**

သား ပြည်သူများအနေဖြင့် ဝိုင်းဝန်း အဖြေရှာရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှု မျိုးကိုမဆို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းကြရမည် ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းပါမှဖွံ့ဖြိုးလာမည်**

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းရင်းသားဒေသများတွင် နယ်မြေ ဒေသ တည်ငြိမ်အေးချမ်းသာယာရေးကို ဦးစားပေး ဆောင်ရွက်နေပါကြောင်း၊ အတွေးအမြင် မတူသည်များကို ဘေးဖယ် ထားပြီး တူညီသည်များကို စုစည်း၍ ရှေ့ဆက်ဆောင်ရွက်ရခြင်းများ ရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ်ဆောင်ရွက် နိုင်ခြင်းများလည်း ရှိပါကြောင်း၊ မတူ ကွဲပြားမှုများရှိသော်လည်း စုစည်း တည်ဆောက်၍ရပါကြောင်း၊ အဓိက အရေးကြီးသည်မှာ ငြိမ်းချမ်းရန်ပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု၊ လမ်းညွှန် မှုများနှင့် မျှမျှတတ ဆောင်ရွက်လျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါ ကြောင်း၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များ ရရှိခံစားနေကြရသည်ကို တွေ့မြင် ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းနေပါမှ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါကြောင်း။

**စိန်ခေါ်မှုများကျော်ဖြတ်**

တိုင်းရင်းသားလူမျိုးစု အသီးသီး အလိုက် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာ စကား၊ ကိုယ်ပိုင်ဓလေ့ထုံးစံနှင့် ကိုယ်ပိုင် ယဉ်ကျေးမှုများ ရှိကြသည်ကို တွေ့ရှိရပါ ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများနှင့် အစိုးရအဖွဲ့ ပေါင်းစည်းဆက်သွယ်ပေးရန် နှင့် စာပေနှင့် ယဉ်ကျေးမှုဓလေ့ ထုံးစံများ နှင့်အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းဆောင်ရွက် နိုင်ရန် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထား ရှိပါကြောင်း၊ တိုင်းရင်းသားဒေသများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ခိုင်မာရေးအတွက်ဆိုလျှင် စီးပွားရေး တောင့်တင်းပြီး လူမှုအသိုက်အဝန်း တည်ငြိမ်နေရေးသည် အရေးကြီးပါ ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးဟူသည့် မူဝါဒများ ချမှတ်၍ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက် နေပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် (၂၁)ရာစု ပင်လုံညီလာခံ အစည်း အဝေး အဆင့်ဆင့်ကို ကျင်းပလျက်ရှိပြီး တိုင်းရင်းသားပြည်သူများ လိုလား တောင့်တသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီ များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ စိန်ခေါ်မှုများကို ယုံကြည်ချက် ဖြင့် ကျော်ဖြတ်ကြရမည် ဖြစ်ပါကြောင်း။

**နည်းလမ်းပေါင်းစုံဖြင့်ကြိုးပမ်း**

လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲ နေပါကြောင်း၊ ငြိမ်းချမ်းရေးရှိမှသာ ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု များရှိမှလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်း နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး နှင့် စွမ်းအင်လုံလောက်စွာ ရရှိရေးတို့ ဖြစ်ပါကြောင်း၊ အဆိုပါ အခြေခံလိုအပ် ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရမည် ဖြစ်သကဲ့သို့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း ဒေသတွင်း စီးပွားရေး လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက် ပေးမှသာ အလျင်အမြန် အောင်မြင်ဖွံ့ဖြိုး လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး တိုင်းရင်းသားဒေသများ၌ လူမှုစီးပွား ဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက် စေရေး၊ နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များ နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာရေးနှင့် အနာဂတ် မြန်မာနိုင်ငံ တော်နှင့် ကိုက်ညီသင့်လျော်သည့် ဖွဲ့စည်း ပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာ စေရေးတို့ကို ဘက်ပေါင်းစုံ၊ နည်းလမ်း ပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ကဏ္ဍအသီးသီးရှိ အသိ ပညာရှင် အတတ်ပညာရှင်များနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြမည်ဆိုလျှင် ပြည်တွင်းငြိမ်းချမ်းရေး နှင့်အတူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သဝဏ်လွှာကို ဖတ်ကြား**

ထို့နောက် မွန်ပြည်နယ် ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံ ဝင့်ခိုင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သဝဏ်လွှာကို စာမျက်နှာရှေ့ဖုံးတွင် ဖော်ပြထားပါသည်)**

**တရားဥပဒေစိုးမိုး**

ယင်းနောက် တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသား တို့၏ လူမှုစီးပွားဘဝများ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ် အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၄ သို့*

# ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**အသေးစိတ်လေ့လာစိစစ်**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယကက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ သတ်မှတ်ကာလအတွင်း အတည်ပြုပြဋ္ဌာန်းနိုင်ရန် ညှိနှိုင်းသည့် အစည်းအဝေး ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ရန် စိစစ်ရေး ပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးက အသုံးစရိတ်များ တင်ပြတောင်းခံထားပါကြောင်း၊ ခြောက်လတာကာလအတွက် ပြီးပြတ်နိုင်သည့် လုပ်ငန်းများ ဟုတ်၊ မဟုတ် စိစစ်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး ဘဏ္ဍာရေးနှစ်ကာလကို အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်နှင့် ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်သစ်တို့အကြား ကြားကာလဖြစ်သည့် ယခု ခြောက်လတာကာလအတွင်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တောင်းခံလာသည့် အသုံးစရိတ်များအား စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် အသေးစိတ်လေ့လာစိစစ်ပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ သတ်မှတ်ရက်အတိုင်း ပေးပို့ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်ပြီးပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအား စိစစ်ရန် တာဝန်ပေးအပ်ထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်ရာတွင် ယခင်(၂)နှစ် အတွေ့အကြုံများပေါ် အခြေခံ၍ စိစစ်ရန်ဖြစ်ကြောင်း၊ အစီရင်ခံစာအားသတ်မှတ်ချိန်အတွင်း ပြန်လည်ပေးပို့စေလိုပါကြောင်း၊ မိမိတို့ ပူးပေါင်းကော်မတီ၏ ပန်ကြားလွှာပါ အကြံပြုချက်များနှင့်အညီ စိစစ်နိုင်ရေးနှင့် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသည့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့မှ စိစစ်မှု အတွေ့အကြုံများနှင့် အကြံပြုချက်များအား ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို မဲဆန္ဒရှင်များ ယခုထက်ပို၍ ရွေးကောက်ပွဲများတွင် ပါဝင်နိုင်အောင် ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် လူနည်းစုများ၏ အခွင့်အရေး မြှင့်တင်ခြင်းဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC)၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက် အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**ပြည်သူအားလုံး တန်းတူအခွင့်အရေးရရှိရေး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ရွေးကောက်ပွဲသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသဖြင့် ဆန္ဒမဲပေးခွင့်ရှိသည့် နိုင်ငံသားအားလုံး ရွေးကောက်ပွဲများတွင် ပါဝင်နိုင်စေရေး၊ တရားမျှတစွာ ယှဉ်ပြိုင်ခွင့်ရရှိရေးနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးတို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ၊ အမျိုးသမီးများအပြင် မသန်စွမ်းပုဂ္ဂိုလ်များ ပါဝင်နိုင်သည့် All inclusive Election များ ဖြစ်ပေါ်စေရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင် ဖြည့်စွက်ခြင်းနှင့် မဟာဗျူဟာ ၂၀၁၄-၂၀၁၈ ရေးဆွဲခဲ့ရာတွင် MILI အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲခဲ့ပါကြောင်း၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်းတွင် မသန်စွမ်းသူများရရှိစေမည့် အခွင့်အရေးများအတွက် အသိပညာပေးခြင်းနှင့် ဆန္ဒမဲပေးခွင့် အပြည့်အဝရရှိရေးတို့ကို ထည့်သွင်းရေးဆွဲနိုင်ခဲ့ပါကြောင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်စမ်းစာဖြင့် မဲပေးနိုင်သော စနစ်အားတီထွင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်း မဲဆန္ဒရှင်များအတွက် စံပြမဲရုံ ၁၈ ရုံ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မသန်စွမ်း မဲဆန္ဒရှင်များအတွက် စံပြမဲရုံ ကိုးရုံ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အနာဂတ်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီများဖြင့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့် အပြည့်အဝရရှိစေရေးနှင့် မသန်စွမ်းသူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို မဲဆန္ဒရှင်များအနေဖြင့်လည်း ယခုထက်ပို၍ ရွေးကောက်ပွဲများတွင် ပါဝင်လာနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းနေကြသည့် Sustainable Development Goals များကို အကောင်အထည်ဖော်ရာတွင် မသန်စွမ်းသူများအပါအဝင် Marginalized People များ၏ အခန်းကဏ္ဍကို ထည့်သွင်း ဆွေးနွေးကြမည်ဖြစ်သည့်အတွက် ပြည်သူအားလုံး တန်းတူအခွင့်အရေးများရရှိရေးကို များစွာ အထောက်အကူပြုမည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ နိုင်ငံတကာ ရွေးကောက်ပွဲစနစ်များဆိုင်ရာ ဖောင်ဒေးရှင်း (IFES) ၏ မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံ Mr. Paul Guerin နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်တို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးနေလင်းစိုးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ၏ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဆွေးနွေးကြမည်**

ဆွေးနွေးပွဲကို "ကျွန်တော်တို့ကို ချန်မထားခဲ့ပါနဲ့ (Don't Leave Us Behind)" ဆိုသည့် ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)က ကြီးမှူး၍ ယနေ့မှ ဇန်နဝါရီ ၁၉ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး "မသန်စွမ်းမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုရေးဝန်ဆောင်မှုများ"၊ "မသန်စွမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ၊ သက္ကရာဇ် ၂၀၃၀ ကမ္ဘာ့လုပ်ငန်းစဉ်များ"၊ "မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် လူနည်းစုများ၏ နိုင်ငံရေးအရပါဝင်မှု မြှင့်တင်ခြင်း"၊ "မသန်စွမ်းသူများနှင့် ဖယ်ကြဉ်ခံပြည်သူများ အကျုံးဝင်ပါဝင်မှုကို ဦးတည်သော အတွေ့အကြုံ၊ အလေ့အထကောင်းများ"၊ "စစ်မှန်သော အခွင့်အရေး စွမ်းဆောင်ပေးရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ရယူသုံးစွဲနိုင်မှု"၊ "လူတိုင်း အကျုံးဝင်ရေးအတွက် ဖော်ဆောင်ရမည့် မဟာဗျူဟာများ၊ လုပ်ဆောင်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ"နှင့် "အားလုံးအကျုံးဝင်သော ဥပဒေနှင့်မူဝါဒများ" စသည့် ခေါင်းစဉ်များဖြင့် ကဏ္ဍများခွဲ၍ ဆွေးနွေးကြမည်ဖြစ်သည်။

**သတင်းစဉ်**

***စာမျက်နှာ ၃ မှ***

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တိုင်းရင်းသား လူမျိုးများ၏ ရှုထောင့်များ၊ ဆန္ဒများ၊ မျှော်မှန်းချက်များ၊ ယဉ်ကျေးမှုများနှင့် ထုံးတမ်းအစဉ်အလာများကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများရှိ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှသာ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က တိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ စာတမ်းနှင့် တိုင်းရင်းသား သယံဇာတ ခွဲဝေအသုံးချမှု စာတမ်းကိုလည်းကောင်း၊ Burma News International မှ အမှုဆောင်ဒါရိုက်တာ ဦးသန်းမြင့်က ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသား မီဒီယာ စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး အဆိုပါ စာတမ်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါဖိုရမ်ကို ဇန်နဝါရီ ၁၉ ရက်ထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ILO မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အား တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် International Labour Organization (ILO) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Greg Vines အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် Draft Report to ILO Governing Body, 332nd Session နှင့်ပတ်သက်၍ တပ်မတော်ပိုင်းဆိုင်ရာ ညှိနှိုင်းရန် ကျန်ရှိသည့်အချက် နှစ်ချက်အား အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပစ္စုပ္ပန်အခွင့်အရေးရှိနေတဲ့အချိန်မှာ နောင်လာနောက်သားတွေအတွက် ကောင်းကျိုးချမ်းသာတွေဖြစ်အောင် အမွေကောင်း ချန်လှပ်ထားနိုင်ဖို့ လုပ်ဆောင်ရမယ်

## ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

**တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ရာ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဖိုရမ်သို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။**



နိုင်သက်လွင်
ပြည်ထောင်စုဝန်ကြီး



ဦးအောင်လှထွန်း
ဒုတိယဝန်ကြီး



ဒေါ်စံဝင့်ခိုင်(မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)



ဦးခိုင်မြတ်ကျော်(အယ်ဒီတာချုပ်၊ နိရဉ္စရာသတင်းဌာန)

**နိုင်သက်လွင် (ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန)**

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ကျွန်တော်တို့ တိုင်းရင်းသားအားလုံး သဘောတူညီချက်နဲ့ ကြိုးစားတည်ဆောက်နိုင်မှ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မယ်၊ အပစ်အခတ်မရပ်စဲဘဲ ငြိမ်းချမ်းရေးဆွေးနွေးတာ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး၊ အပစ်အခတ်ရပ်စဲပြီးမှ နိုင်ငံရေးအဆင့် သဘောတူညီချက် မရ ရအောင် ဆွေးနွေးမယ်ဆိုရင် ရရှိနိုင်ပါတယ်။

နေပြည်တော်က တိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအောက်ကို ပြောင်းရွှေ့ဖို့ လောလောဆယ် အစည်းအဝေးလုပ်ပြီး၊ ဝန်ကြီးဌာနပေါင်းစုံရဲ့ အကြံဉာဏ်ယူပြီး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ သူတို့ရဲ့မူလရည်ရွယ်ချက်လည်း မပျက်မယွင်းအောင် လုပ်ရမယ်၊ ပိုက်ဆံရဖို့ပဲ လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံပျက်စီးသွားပြီး စီးပွားရေးပဲ ဖြစ်သွားမှာ စိုးရိမ်တယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနက အသစ်ဆိုတော့ လေ့လာစူးစမ်းနေရပါတယ်၊ တိုင်းရင်းသားတွေ ဘက်စုံဖွံ့ဖြိုးဖို့ကတော့ လိုအပ်နေတယ်၊ ငြိမ်းချမ်းရေးရှိတဲ့နေရာမှာ စီးပွားရေးဖွံ့ဖြိုးအောင်လုပ်ရမယ်၊ ပညာရှင်တွေနဲ့ လုပ်ငန်းရှင်တွေကလည်း ကူညီတယ်၊ တိုက်တွန်းတယ်၊ ဒါဆိုရင်ကောင်းပြီဆိုပြီး မဖြစ်ဖြစ်အောင် ကြိုးစားတယ်၊ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေက ဝိုင်းဝန်းကူညီပံ့ပိုးတဲ့အတွက်လည်း ဒီဖိုရမ်ဖြစ်လာတာပါ။

ကျွန်တော်တို့ပြီးခဲ့တဲ့ အတိတ်သမိုင်းက ကောင်းတဲ့ အတိတ်သမိုင်းတွေကို ယူဆောင်လာပြီးတော့ ပစ္စုပ္ပန် အခွင့်အရေးရှိနေတဲ့အချိန်မှာ နောင်လာနောက်သားတွေအတွက် ကောင်းကျိုးချမ်းသာတွေဖြစ်အောင် အမွေကောင်းချန်လှပ်ထားနိုင်ဖို့ လုပ်ရမယ်လို့ ပြောချင်ပါတယ်။

**ဦးအောင်လှထွန်း**
**ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန**

ကျွန်တော် ဒီဖိုရမ်ကို တက်ရောက်ခွင့်ရတာ ဝမ်းသာဂုဏ်ယူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း တိုင်းရင်းသားတစ်ယောက်ဖြစ်လို့ပါပဲ၊ ဝန်ကြီးပြောသွားတာကို နားထောင်ပြီး ကျွန်တော်တို့နိုင်ငံ ဘာလို့ နောက်ကျကျန်ခဲ့တာလဲ၊ ဒုတိယသမ္မတ မိန့်ခွန်းမှာလည်း ပါပါတယ်၊ ကျွန်တော် ဝမ်းနည်း ဝမ်းသာဖြစ်မိတယ်၊ ကျွန်တော်တို့ မညီညွတ်ခဲ့လို့ ကျန်ရစ်ခဲ့ကြတယ်၊ ကျွန်တော်တို့မှာ ရေ၊ မြေ သဘာဝသိပ်ကောင်းတယ်၊ သယံဇာတကောင်းတယ်၊ လူငယ်အရင်းအမြစ်တွေ ကောင်းတယ်၊ ကျွန်တော် နားထောင်ပြီးတော့ စိတ်မကောင်းဖြစ်မိတယ်၊ ကျွန်တော်တို့ ဘာလို့ ဒီလိုဖြစ်ခဲ့ရတာလဲ၊ ကျွန်တော်တို့ သင်ခန်းစာယူပြီး ရှေ့ကိုလျှောက်လှမ်းတဲ့အခါ ပိုပြီးကောင်းမွန်အောင် လက်တွဲလုပ်ဆောင်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

အဓိကကတော့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုပါ၊ သွားရေးလာရေးကလည်း ခက်ခဲတယ်၊ အတိတ်က အုပ်ချုပ်ရေးစနစ်တွေနဲ့လည်း ဆိုင်တယ်၊ ဒုတိယသမ္မတဆိုရင် ချင်းအမျိုးသား၊ ဝန်ကြီးဆိုရင် မွန်အမျိုးသား၊ ကျွန်တော်ဆိုရင် ရခိုင်၊ ကျွန်တော် ချက်ချင်း မြင်လိုက်ရတယ်၊ ကျွန်တော်တို့ ရင်ထဲမှာ အားလုံးတူညီနေကြတယ်၊ ခံစားချက်တွေရှိတယ်၊ အားလုံးညီညွတ်ချင်ကြတယ်၊ အလှမ်းဝေးခဲ့ကြတယ်၊ အတိတ်ကို သင်ခန်းစာယူပြီး ရှေ့ကို လျှောက်လှမ်းကြပါစို့လို့ မေတ္တာရပ်ခံချင်ပါတယ်။

**ဒေါ်စံဝင့်ခိုင်**
**မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေ ၂၉ ဦး တွေ့ဆုံပြီး တိုင်းရင်းသားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတာကို တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတွေ အချင်းချင်းဆွေးနွေးချင်ပါတယ်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် အခြေခံအဆောက်အအုံတွေ ပြည့်စုံကြွယ်ဝမှသာလျှင် ကျွန်မတို့ တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်၊ အမျိုးမျိုးသော အခြေအနေအရ အခုမှပဲ လုပ်ဖြစ်ပါတယ်။

ပအိုဝ်းလူမျိုးဆိုတာ အလွန်ရိုးသားပါတယ်၊ ရိုးသားပြီး ဘာသာတရား ကြည်ညိုတယ်၊ အေးအေးချမ်းချမ်းနဲ့ တောင်ယာတွေလုပ်ကိုင်ကြတယ်၊ ကိုယ့်ရိုးရာဓလေ့နဲ့ပဲ နေကြပါတယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်၊ ကရင်မှာလည်း ပအိုဝ်းတိုင်းရင်းသားတွေရှိပါတယ်၊ ကျွန်မတို့ ပအိုဝ်းလူမျိုးတွေဟာ အေးအေးချမ်းချမ်း သီးခြားနေတတ်ပါတယ်။

အခုဆိုရင် ကျွန်မတို့ ပအိုဝ်းလူမျိုး၊ စာပေယဉ်ကျေးမှုအဖွဲ့တွေကို တိုင်ပင်တယ်၊ စုစည်းတယ်၊ ကျွန်မတို့ လူမျိုးတွေ၊ ပအိုဝ်းလူမျိုးတွေ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဦးချင်းစီရဲ့အရည်အသွေးတွေ တိုးတက်ဖို့ လိုတယ်၊ ရိုးသားနေရုံနဲ့ မဖြစ်ပါဘူး၊ ကျွန်မတို့ လူမျိုးတွေ ကျန်ရစ်ခဲ့မယ်၊ မကျန်ရစ်ခဲ့ရအောင် ပညာတတ်ရင်တတ်တဲ့အလျောက်၊ မတတ်သူကိုလည်း မတတ်တဲ့အလျောက် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေပေးမယ်၊ ပညာတတ်သူတွေကိုလည်း ဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် ဗဟုသုတတွေ ပေးမယ်၊ အခြား လူမှုဆက်ဆံရေးတွေပါ ကောင်းမွန်အောင် ပညာပေးဖိုရမ်တွေ၊ အားကစားတွေ၊ ဟောပြောပွဲတွေ စီစဉ်ဆောင်ရွက်ပေးမယ်လို့ ပအိုဝ်းလူမျိုးအဖွဲ့အစည်းတွေနဲ့ ကျွန်မတို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဆောင်ရွက်ပေးပါတယ်။

အခုဖိုရမ်ကို လာရောက်ရတာကလည်း ပအိုဝ်းလူမျိုးတွေအတွက် ရှေ့ဆက်လက် ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မလဲဆိုပြီးတော့ အကြံဉာဏ်တွေ ယူဖို့လာတာဖြစ်ပါတယ်၊ စကားတစ်ခွန်းရှိပါတယ်၊ လူတွေက ကံကောင်းရင် ချမ်းသာတယ်တဲ့၊ ကံကောင်းတဲ့သူထက် ဝီရိယရှိတဲ့သူက ပိုချမ်းသာပါတယ်၊ ဝီရိယရှိတဲ့သူထက် မိတ်ကောင်း ဆွေကောင်းရှိတဲ့သူက ပိုချမ်းသာပါတယ်၊ မိတ်ကောင်း ဆွေကောင်းဆိုတဲ့အထဲမှာ ပေးကမ်းစွန့်ကြဲတတ်သောသူကြောင့် ပိုချမ်းသာတယ်ဆိုတော့ ပေးကမ်းစွန့်ကြဲတဲ့သူတွေကို လာရှာတာပါ၊ ပေးကမ်းစွန့်ကြဲတယ်ဆိုတာ ငွေကို ပြောတာမဟုတ်ပါဘူး၊ ကျွန်မတို့အတွက် ဗဟုသုတတွေ၊ မိတ်ဆွေတွေကို လာရှာတာပါ၊ ဗဟုသုတတွေ၊ ဖွံ့ဖြိုးဖို့နည်းလမ်းကောင်းတွေ ကျွန်မတို့ဒေသကို ပြန်လည်ယူဆောင်သွားပြီး ပအိုဝ်းတိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သွားမှာပါ။

**ဦးခိုင်မြတ်ကျော်**
**အယ်ဒီတာချုပ်၊ နိရဉ္စရာသတင်းဌာန**

Burma News International ကိုယ်စားလှယ်အနေနဲ့ လာတာဖြစ်ပါတယ်၊ မြန်မာသတင်းသမဂ္ဂက ကိုယ်စားလှယ်အယောက် ၂၀ ကို ဖိတ်ပါတယ်၊ ဆွေးနွေးမယ့် အထဲမှာလည်း ကျွန်တော်ပါပါတယ်၊ အဓိကကတော့ တိုင်းရင်းသားမီဒီယာနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကဏ္ဍကို ဦးစားပေးဆွေးနွေးသွားမှာပါ၊ တိုင်းရင်းသားမီဒီယာတွေရဲ့ အနာဂတ်အတွက် ရေရှည်ရပ်တည်ရေးကိုလည်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်၊ တိုင်းရင်းသား မီဒီယာတွေဆိုတာ ပြည်နယ်အသီးသီးက တိုင်းရင်းသားတွေကို အခြေခံပြီး လုပ်ရတဲ့အခါ ကျွန်တော်တို့မှာ ဈေးကွက်လည်း မရှိပါဘူး၊ အဖွဲ့အစည်းကလည်း သေးပါတယ်၊ ငွေကြေးလည်း အရင်းအနှီးစိုက်ထုတ်နိုင်တာတွေမရှိပါဘူး၊ တိုင်းရင်းသားမီဒီယာတွေရဲ့အခန်းကဏ္ဍဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်၊ တိုင်းရင်းသား မီဒီယာဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတော်အစိုးရအပိုင်းကလည်း ကူညီပံ့ပိုးဖို့လိုပါတယ်၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေကလည်း ကူညီပေးဖို့လိုပါတယ်၊ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမီဒီယာတွေရဲ့ အခန်းကဏ္ဍကအလွန်အရေးပါပြီး ဒီမိုကရေစီကိုသွားတဲ့ နေရာမှာ တိုင်းရင်းသားမီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ မရှိလို့ မဖြစ်ပါဘူး၊ ဒါကြောင့် တိုင်းရင်းသားမီဒီယာတွေရဲ့အခန်းကဏ္ဍကို မြေတောင်မြှောက်ပေးဖို့လိုပါတယ်။

**တွေ့ဆုံမေးမြန်း-မိမိဖြိုး**
**ဓာတ်ပုံ-ကျော်ရဲဆွေ**

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ကြံသီးနှံ ကွင်းသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် သပြေကုန်းအုပ်စု စက်စက်ယိုစိုက်ကွင်း တောင်သူ ဦးဇော်မင်းထွန်း၏ သုံးဧကတွင် ကြံသီးနှံ ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် စနစ်တကျ ကြံလမိုင်းပြုပြင်ခြင်း ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ ဦးစီးမှူးများ၊ ဒုတိုင်းဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ကြံသီးနှံ ကွင်းသရုပ်ပြပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က တစ်ဧကေ ကုန်ကျစရိတ်သက်သာသည့် ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် စနစ်တကျ လမိုင်းပြုပြင်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်သည် ဆိုရာဝယ်

......... မောင်စာဂ .........

**ဥပဒေကိုလေ့လာသည့်အခါ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း၏ အခြေခံသဘောတရားကို သိရှိနားလည်ဖို့က အရေးကြီးသည်။ အဓိကကျသည်။ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း၏ အခြေခံသဘောတရားကို သိရှိနားလည်ထားမှသာလျှင် ဥပဒေဘောင်အတွင်းမှာ ဘေးကင်းရန်ကွာ၊ ချမ်းမြေ့ပျော်ရွှင်စွာ နေတတ် ထိုင်တတ်ကြပေမည်။**

**ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်း**

ရာဇသတ်ကြီး ဥပဒေအရ ပြစ်မှုတစ်ခု ဖြစ်မြောက်ဖို့ဆိုလျှင် ယေဘုယျအားဖြင့် အခြေခံ အကြောင်းနှစ်ရပ်ရှိသည်။ ရာဇဝတ်မကင်းသောစိတ်နှင့် ပြုလုပ်မှုတို့ဖြစ်သည်။

(၁) ပြုလုပ်မှုတစ်ခုသည် သာမန်အားဖြင့် ရာဇဝတ်ပြစ်မှု မမြောက်ပါ။ ပြုလုပ်သူသည် ရာဇဝတ်မကင်းသောစိတ်နှင့် ပြုလုပ်မှသာ ရာဇဝတ်ပြစ်မှုမြောက်သည်။

(၂) ပြုလုပ်မှုဟုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာ ပြုလုပ်မှု၊ ရုပ်ပိုင်းဆိုင်ရာ ပြုလုပ်မှု၊ ကြံရွယ်၍ ပြုလုပ်မှု၊ မကြံရွယ်ဘဲပြုလုပ်မှု၊ မပြုလုပ်သင့်သည်ကို ပြုလုပ်မှု၊ ပြုလုပ်သင့်သည်ကို မပြုလုပ်မှု၊ ပြုလုပ်သင့်သည်ကို ချန်လှပ်မှုများ ပါဝင်သည်။

**ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းမြောက်ရန် အဆင့်များ**

(၁) ကျူးလွန်ရန် အကြံအစည်ရှိရမည်၊

(၂) ကျူးလွန်ရန်အတွက် လိုအပ်ချက်များ ပြင်ဆင်ခြင်းရှိရမည်၊

(၃) ပြစ်မှုမြောက်စေရန် တိုက်ရိုက်ရှေးရှုပြုလုပ်သည့် အားထုတ်ခြင်း ရှိရမည်၊

(၄) ပြစ်မှု အကောင်အထည်ဖော်ခြင်း ရှိရမည်။

အထက်ပါ အဆင့်လေးဆင့်မှ မည်သို့သော အခြေအနေတွင် ပြစ်မှုကျူးလွန်ခြင်း မြောက်သည်၊ မမြောက်သည်ဆိုသည့် အခြေခံသဘောကို သိထားအပ်သည်။

**အကြံအစည်သက်သက်သည် ရာဇဝတ်ပြစ်မှုမြောက်ပါသည်လော**

ရာဇဝတ်ပြစ်မှုများတွင် ကျူးလွန်ရန်အကြံအစည်သက်သက်ရှိရုံမျှဖြင့် ပြစ်မှုမမြောက်ပါ။ သို့ရာတွင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ဖို့အတွက် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရာရောက်သည်။ ပူးပေါင်းကြံစည်ထားသည့်အတိုင်း မည်သည့်ပြုလုပ်မှု တစ်စုံတစ်ရာကိုမျှ ပြုလုပ်ကြခြင်းမရှိစေကာမူ ပူးပေါင်းကြံစည်ကြသည်နှင့် ပြစ်မှုမြောက်သည်။ ပြစ်ဒဏ်မှာ သေဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်ဖြစ်သည်။ (ပုဒ်မ ၁၂၁ နှင့် ၁၂၂)

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရန်ကြံရွယ်ကြောင်း၊ ပြင်ဆင်ကြောင်း၊ ပြုဆဲဖြစ်ကြောင်း သို့မဟုတ် ပြုပြီးဖြစ်ကြောင်း သိလျက် သက်ဆိုင်ရာသို့ ချက်ချင်းဖွင့်ဟ ပြောဆိုခြင်းမပြုလျှင် ထိမ်ချန်မှုဖြင့် ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။ (ပုဒ်မ ၁၂၄)

**ပြင်ဆင်ခြင်းသက်သက်သည် ရာဇဝတ်ပြစ်မှုမြောက်ပါသည်လော**

ရာဇဝတ်မှုများတွင် ကျူးလွန်ရန်ပြင်ဆင်မှုသက်သက်ရှိရုံမျှဖြင့် ပြစ်မှုမမြောက်ပါ။ သို့ရာတွင် ဓားပြမှုကို ကျူးလွန်ရန် ပြင်ဆင်ရုံဖြင့် ပြစ်မှုမြောက်သည်။ ပြင်ဆင်သူသည် ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်း ခံရမည်။ (ပုဒ်မ ၃၉၉)

လူလေးဦးက လုယက်မှုကျူးလွန်ရန် ပြင်ဆင်လျှင် ပြစ်မှုမမြောက်ပါ။ လူတစ်ဦး၊ နှစ်ဦး၊ သုံးဦး သို့မဟုတ် လေးဦးတို့က ကျူးလွန်လျှင် လုယက်မှုဖြစ်သည်။ လူလေးဦးထက်ပိုပြီး အနည်းဆုံး လူငါးဦး ပါဝင်၍ လုယက်မှုကို ကျူးလွန်လျှင် ဓားပြမှုဖြစ်သွားသည်။ (ပုဒ်မ ၃၉၀ နှင့် ၃၉၁)

ဓားပြမှုကို ကျူးလွန်ရန် ပြင်ဆင်ခြင်း(ပုဒ်မ ၃၉၉)၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရန် ပြင်ဆင်ခြင်း ( ပုဒ်မ ၁၂၁)။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် မဟာမိတ်ဖြစ်သော သို့မဟုတ် ငြိမ်းချမ်းလျက်ရှိသော နိုင်ငံနယ်ပယ်များတွင် တိုက်ခိုက်ဖျက်ဆီးရန် ပြင်ဆင်ခြင်း (ပုဒ်မ ၁၂၆) တို့သည် အလွန်ကြီးလေးသော ပြစ်မှုများဖြစ်ရာ ပြင်ဆင်ရုံနှင့် ပြစ်မှုမြောက်သော ပုဒ်မများ ဖြစ်သည်။

ထို့ပြင် ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန်အလို့ငှာ ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခုခု၌ ပါဝင်သူ၊ သူခိုးဂိုဏ်း၌ပါဝင်သူ သို့မဟုတ် ဓားပြမှုကိုကျူးလွန်ရန် စုဝေးမှု၌ ပါဝင်သူဖြစ်လျှင် ပြစ်မှုကျူးလွန်ခြင်း မရှိစေကာမူ ပါဝင်ရုံမျှဖြင့် ပြစ်မှုကျူးလွန်ခြင်းမြောက်သည်။ ထောင်ဒဏ် အနှစ်နှစ်ဆယ်၊ ဆယ်နှစ်ထိ ထောင်ဒဏ် သို့မဟုတ် ခုနစ်နှစ်ထိ ထောင်ဒဏ် စသည် ချမှတ်ခြင်းခံရမည်။ (ပုဒ်မ ၄၀၀၊ ၄၀၁ နှင့် ၄၀၂)

**ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုတွင် ပါဝင်ခဲ့သော်**

ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟူသည် လူနှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုသူများက ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုသော် လည်းကောင်း၊ ဥပဒေနှင့်မညီသောနည်းဖြင့် ဥပဒေနှင့်မညီ မဟုတ်သော ပြုလုပ်မှုကိုသော်လည်းကောင်း ပြုရန် သို့တည်းမဟုတ် ပြုစေရန် သဘောတူညီလျှင် ထိုသဘောတူညီချက်ကို ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟုခေါ်သည်။

ဤတွင် ပြစ်မှုကျူးလွန်ရန် သဘောတူညီချက်ဖြစ်ခဲ့ပါမူ သဘောတူညီသည့်အတိုင်း ပြုလုပ်ရန် မလိုပါ။ သဘောတူညီသည်နှင့် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု၊ ပြစ်မှုကို ကျူးလွန်ရာ ရောက်သည်။ (ပုဒ်မ ၁၂၀-က)

ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုတွင်ပါဝင်ပြီး သေဒဏ်၊ အနှစ် ၂၀ ထောင်ဒဏ်၊ နှစ်နှစ် သို့မဟုတ် နှစ်နှစ်ထက်ပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုမျိုးကို ကျူးလွန်ရန် သဘောတူညီခဲ့သော် ထိုပူးပေါင်းကြံစည်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားခြင်းမရှိလျှင် သက်ဆိုင်ရာ ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အခြားပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ရန် ပူးပေါင်းကြံစည်မှုတွင် ပါဝင်ခဲ့သော် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အကြံတူတစ်ခုကို အထမြောက်စေရန်ပြုလုပ်မှုတွင် ပါဝင်ခဲ့သော်**

တစ်ဦးထက်ပိုသောသူများသည် မိမိတို့၏အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုခဲ့လျှင် ထိုပြုလုပ်မှုကို တစ်ဦးတည်းပြုဘိသကဲ့သို့ ပါဝင်သူ အသီးသီး၌ တာဝန်ရှိသည်။ (ပုဒ်မ ၃၄)

တစ်ဦးထက်ပိုသောသူများက ပြစ်မှုကျူးလွန်ရာတွင် ပြုလုပ်မှုအမျိုးမျိုးကို ပြုခဲ့စေကာမူ အကြံတူတစ်ခုကို အထမြောက်ရန် ရည်ရွယ်ချက်နှင့်ပြုပါက ယင်းပြုလုပ်မှုအမျိုးမျိုး၏ အကျိုးဆက်အတွက် ပါဝင်သူအားလုံးတွင် တာဝန်ရှိသည်။

**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ခဲ့သော်**

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဆိုရာတွင် ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသူများက ပုဒ်မ ၁၄၁ တွင် ဖော်ပြထားသော ရည်ရွယ်ချက်ငါးရပ်အနက် တစ်ရပ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် စုဝေးကြလျှင် ထိုအစုအဝေးကို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဟုခေါ်သည်။

ပုဒ်မ ၁၄၁ ပါ ရည်ရွယ်ချက်ငါးရပ်၏ အနှစ်ချုပ်မှာ အာဏာပိုင် သို့မဟုတ် ဝန်ထမ်းတစ်ဦးကို ခြောက်လှန့်ရန် ရည်ရွယ်ချက်၊ ဥပဒေနှင့်အညီ ထုတ်ဆင့်သည့် အမိန့်ကို ခုခံရန် ရည်ရွယ်ချက်၊ အကျိုးဖျက်ဆီးမှု၊ ကျော်နင်းမှုစသည်ကို ကျူးလွန်ရန် ရည်ရွယ်ချက်၊ သူတစ်ဦး၏ လက်ရှိဖြစ်နေသော ပစ္စည်းကို အဓမ္မနည်းဖြင့် ရယူရန် သို့မဟုတ် သုံးစွဲနေသော ဖြတ်သန်းသွားလာမှု၊ ရေသုံးစွဲမှုစသည့် အခွင့်အရေးကို လက်လွှတ်စေရန် ရည်ရွယ်ချက်၊ သူတစ်ဦးအား ပြုလုပ်ရန် တာဝန်မရှိသော အလုပ်ကို အတင်းအကျပ်ပြုစေရန် သို့မဟုတ် တာဝန်ရှိသော အလုပ်ကို ပြုခြင်းမှ အတင်းအကျပ်ပျက်ကွက်စေရန် ရည်ရွယ်ချက်တို့ ဖြစ်သည်။

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်ခဲ့သော် ခြောက်လအထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ ၁၄၃)

အကယ်၍ သေစေတတ်သော လက်နက်ကိုကိုင်စွဲ၍ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူဖြစ်က သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိလျက်နှင့် ဆက်လက်ပါဝင်နေက နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ ၁၄၄ နှင့် ၁၄၅)

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးက ထိုအစုအဝေး၏ တူသော ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ပြစ်မှုတစ်ခုကို ကျူးလွန်လျှင် ထိုအစုအဝေး၌ ပါဝင်သူတိုင်းသည် ထိုပြစ်မှုအတွက် အပြစ်ရှိသည်။ ( ပုဒ်မ ၁၄၉)

**ပြစ်မှုကျူးလွန်ရန် အားထုတ်ခဲ့သော်**

ပြစ်မှုတစ်ခုကျူးလွန်ရန် အားထုတ်လျှင် ထိုသူများသည် အားထုတ်သူများ ဖြစ်ကြသည်။ (ပုဒ်မ ၅၁၁)

ပြစ်မှုကျူးလွန်ရန် ပြင်ဆင်မှုမှာ ပြစ်မှုကျူးလွန်သည့်အဆင့်နှင့် အလှမ်းဝေးသည့် ပြုလုပ်မှုဖြစ်ပြီး အားထုတ်မှုမှာ ပြစ်မှုကျူးလွန်ရန် ဆုံးဖြတ်ပြီးသည့်အခြေတွင် ပြုသည့်ပြုလုပ်မှုဖြစ်သည်။

ကျူးလွန်ရန် အားထုတ်သူကို ပြစ်ဒဏ်ချမှတ်ရန်ရှိသည့်အခါ ကျူးလွန်သည့် ပြစ်မှုသည် အားထုတ်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားပြီးဖြစ်ပါက ထိုပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။ အားထုတ်မှုအတွက် ပြစ်ဒဏ် သတ်မှတ်ထားခြင်း မရှိလျှင် ပုဒ်မ ၅၁၁ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

**ပြစ်မှုကျူးလွန်သူကို အားပေးကူညီမှုပြုခဲ့သော်**

အားပေးကူညီသူဆိုသည်မှာ ပြစ်မှုကျူးလွန်စေရန်အတွက် တစ်ဦးတစ်ယောက်အား လှုံ့ဆော်သူ၊ တစ်ဦးတစ်ယောက်နှင့် ပူးပေါင်းကြံစည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အား တမင်ကူပံ့သူသည် အားပေးကူညီသူဖြစ်သည်။ (ပုဒ်မ ၁၀၇)

အားပေးကူညီသူအား ချမှတ်ရန်ပြစ်ဒဏ်ကို ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားလျှင် ထိုပြဋ္ဌာန်းထားချက်အတိုင်း ဖြစ်သည်။ ပြဋ္ဌာန်းထားခြင်းမရှိလျှင် ကျူးလွန်ခဲ့သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ရမည်။ (ပုဒ်မ ၁၀၉)

**"ဥပဒေကို မသိ၍ ပြစ်မှုကျူးလွန်ခဲ့မိပါသည်၊ ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်မိခဲ့ပါသည်ဟူ၍ ထုချေလာလျှင် ယင်းထုချေချက်ကို လက်ခံ၍မရပါ။ ခွင့်လွှတ်၍မရပါ။ ဤသည်မှာ ဥပဒေ၏ပင်ကိုသဘော ဖြစ်သည်။ ရာဇဝတ်မှုမကင်းသည့် ကိစ္စများတွင် အနေအထိုင်မတတ်က သို့မဟုတ် အသွားအလာ မှားယွင်းမိက အစွပ်စွဲခံရတတ်သည်။ ယခုခေတ် ပြောဆိုသုံးနှုန်းနေကြသည့် နေ့တွက်ခရ၍ လိုက်ပါခဲ့ခြင်း ဖြစ်သည်။ အပြစ်ဖြစ်မည်ကို မသိ၍ လိုက်ပါရပါသည်ဟု ဆင်ခြေပေး၍ မရပါ။"**

**ဥပဒေကိုမသိ၍ ကျူးလွန်မိခဲ့သော်**

ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့မိပါသည်၊ ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်မိခဲ့ပါသည်ဟူ၍ ထုချေလာလျှင် ယင်းထုချေချက်ကို လက်ခံ၍မရပါ။ ခွင့်လွှတ်၍မရပါ။ ဤသည်မှာ ဥပဒေ၏ ပင်ကိုသဘော ဖြစ်သည်။ ရာဇဝတ်မှုမကင်းသည့် ကိစ္စများတွင် အနေအထိုင်မတတ်က သို့မဟုတ် အသွားအလာ မှားယွင်းမိက အစွပ်စွဲ ခံရတတ်သည်။ ယခုခေတ် ပြောဆို သုံးနှုန်းနေကြသည့် နေ့တွက်ခရ၍ လိုက်ပါခဲ့ခြင်းဖြစ်သည်။ အပြစ်ဖြစ်မည်ကိုမသိ၍ လိုက်ပါရပါသည်ဟု ဆင်ခြေပေး၍ မရပါ။

ရာဇဝတ်ပြစ်မှုတစ်ခုကျူးလွန်ခြင်း၏ အခြေခံသဘောတရားများကို သိရှိထားပါက ဆင်ခြင်နိုင်သည်။ ရာဇဝတ်ပြစ်မှုကျူးလွန်ရန် ကြံစည်နေသူများ၊ ပြင်ဆင်နေသူများ၊ အားထုတ်နေသူများ၊ ပြုလုပ်နေသူများနှင့် ရှောင်တိမ်းနေနိုင်သည်။ ရာဇဝတ်မှုကို ကျူးလွန်မည့် ဂိုဏ်း၊ အုပ်စု၊ အဖွဲ့များတွင် မပါဝင်ရေး ဝေးဝေးမှ နေတတ်ထိုင်တတ်လာမည်။ ဥပဒေဘောင်အတွင်းက ကောင်းမွန်စွာ ပရိယေသနဝမ်းစာရှာမှီး အသက်မွေးဝမ်းကျောင်းပြု နေထိုင်နိုင်မည်။ ပျော်ရွှင်ချမ်းမြေ့သည့် လူနေမှုဘဝတစ်ခုကို တည်ဆောက်နိုင်ကြမည်သာ။

ဥပဒေအသိပညာ ပြန့်ပွားပါစေ။

ဥပဒေဘောင်အတွင်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ပါစေ။ ။

**ညွှန်းဆိုချက်။ ဤဆောင်းပါးတွင် ဖော်ပြသော ပုဒ်မများသည် ရာဇသတ်ကြီး ဥပဒေကို ညွှန်းဆိုသည်။**

## အဆင့်မြင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း အခမဲ့တက်ရောက်နိုင်

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် မင်္ဂလာမြစ်ကြီးနား ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ ပဲစင်းငုံ အထူးပြု တန်ဖိုးမြင့် အဆင့်မြင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများနှင့် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် ပြုလုပ်သော စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်မည်ဖြစ်ရာ ရပ်ဝေးမှ လာရောက်သင်ကြားကြမည့် သင်တန်းသား သင်တန်းသူများအတွက် နေထိုင်ရေးနှင့် စားသောက်မှုအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ပဲစင်းငုံကို အခြေခံ၍ ပဲကွတ်ကီး၊ ပဲကိတ်လိပ်၊ ပဲရွှေကြည်၊ ဆနွင်းမကင်း၊ ပဲလမုန့်၊ တို့ဟူးခြောက်၊ ပူတင်း၊ ပဲခေါက်ဆွဲ၊ ပဲချောင်း၊ အချိုကြော်၊ အစပ်ကြော်၊ ပဲအာဟာရမှုန့်၊ ပဲဟင်းခတ်မှုန့်တို့ကို လက်တွေ့ထုတ်လုပ်တတ်အောင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးနှင့် နည်းပြဆရာ ဆရာမများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရပ်နီး ရပ်ဝေးမှ မည်သူမဆို အခမဲ့သင်ကြားနိုင်ကြောင်း သိရသည်။

**မင်းမင်းဦး**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ထိ ရှိနိုင်သည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

ခံတပ်ရှိသည့်အတွက် အဆိုပါလမ်းကို ကတ္တရာလမ်းအဆင့် မြှင့်တင်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမတိုင်မီ မင်းတုန်းမင်းကြီး လက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့ ဧရာဝတီမြစ်ကြောင်းမှ ရေလမ်းဖြင့်ချီတက်လာလျှင် ခုခံနိုင်ရန် ကွေ့ချောင်းခံတပ်အား တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယင်းခံတပ်ကြီးသည် အလျား ၇၂၅ ပေ၊ အနံ ၁၅၅ ပေ၊ အမြင့် ၁၂ ပေ၊ ထု ၄ ပေရှိကြောင်း၊ ခံတပ်အတွင်းတွင် ဆင်ကျုံးများ၊ စစ်တန်းလျားများ၊ အရာရှိဆောင်များ၊ ယမ်းတိုက်များနှင့် မြေအောက်ရေကန်များ ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

**အမာခံမြေသားလမ်းဖြစ်**

အစည်းအဝေးတွင် လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်းအထိ မြေသားလမ်း နှစ်မိုင်ခန့်အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ပင်လုံ-နောင်ဟိုင်း-ဝမ်အင် ကျေးရွာချင်းဆက်လမ်း တစ်မိုင် ငါးဖာလုံသည် ပင်လုံ-လွိုင်လင်လမ်းနှင့်ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး လက်ရှိအခြေအနေမှာ အမာခံမြေသားလမ်းဖြစ်ပါကြောင်း။

**လမ်းအဆင့်မြှင့်တင်**

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် လမ်းဦးစီးဌာနမှစီမံခန့်ခွဲသော လမ်းမကြီးများနှင့် တိုက်ရိုက်ဆက်သွယ်ထားသည့်လမ်းတွင် ပါဝင်သဖြင့် လမ်းအဆင့်အတန်း သတ်မှတ်ချက်အရ Class(A) တွင်ပါဝင်သောလမ်းဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် ကျောက်ချောလမ်း တစ်မိုင် ငါးဖာလုံ ဆောင်ရွက်ရန်ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊



ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်

အဆိုပါလမ်းအား ရှမ်းပြည်နယ်အစိုးရ၏ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ရေဂလုပ်၊ ကျားကိုက်ချောင်း၊ ချောင်ကြီး၊ ဘုရားကြီးကုန်း၊ ဆင်ကူး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်ကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသားလမ်း အရှည် ၁၀ မိုင် ၃ ဖာလုံသည် ကျောင်းကုန်းမြို့နယ် ရေဂလုပ်-ဒေါင့်ကြီး ကျောက်ချောလမ်းနှင့် အိမ်မဲမြို့နယ်မှ ဆင်ကူး-ပါရမီဒေါင့်-အိမ်မဲ ကွန်ကရစ်၊ ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသည့်လမ်း ဖြစ်ပါကြောင်း။

**အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်**

ကျောင်းကုန်းမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့ကို ဆက်သွယ်မည့် ရေဂလုပ်- ကျားကိုက်ချောင်း- ချောင်ကြီး- ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသားလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့် (၃) တွင် ပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်း ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ရာသီမရွေးသွား လာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

> “ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲမတိုင်မီ မင်းတုန်းမင်းကြီး လက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့ ဧရာဝတီမြစ်ကြောင်းမှ ရေလမ်းဖြင့်ချီတက်လာလျှင် ခုခံနိုင်ရန် ကွေ့ချောင်းခံတပ်အား တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယင်းခံတပ်ကြီးသည် အလျား ၇၂၅ ပေ၊ အနံ ၁၅၅ ပေ၊ အမြင့် ၁၂ ပေ၊ ထု ၄ ပေရှိကြောင်း၊ ခံတပ်အတွင်းတွင် ဆင်ကျုံးများ၊ စစ်တန်းလျားများ၊ အရာရှိဆောင်များ၊ ယမ်းတိုက်များနှင့် မြေအောက်ရေကန်များ ထည့်သွင်းတည်ဆောက်ထား ”

**ပြန်လည်ဖြေကြား**

ထို့ပြင် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်-စပါးရင်းတွင်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း အဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၏ **မြစ်သားမြို့နယ်ရှိ အမှတ် (၂) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **တန့်ဆည်မြို့နယ် သပြေရင်း- ရွာမ-ရွှေကူလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားကို ကွန်ကရစ်တံတားတစ်စင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **“၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း”** လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းရန် အသိပေးကြေညာခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်**

---

◆ *ကျောဖုံးမှ*

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဋ္ဌေးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

**ဖတ်ကြား ရှင်းလင်း**

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စည်ပင်သာယာရေးဥပဒေများ ပြဋ္ဌာန်းပြီး ယင်းဥပဒေများအရ စည်ပင်သာယာရေးအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်၍ စည်ပင်သာယာရေးဥပဒေ(၁၉၉၄ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေ အမှတ်-၅)ကို လက်ရှိအခြေအနေတွင် အသုံးပြုရန် မလိုအပ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် ဖတ်ကြားရှင်းလင်းသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားလ်မင်းထန်က ဖတ်ကြားရှင်းလင်းသည်။

**သဘောတူကြောင်း ကြေညာ**

ဆက်လက်၍ ယင်းဥပဒေကြမ်း၏ ပြင်ဆင်ချက်၊ ပြင်ဆင်ဖြည့်စွက်ချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပေးနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းသည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ စောယှားဖောင်အွာက ထောက်ခံတင်ပြပြီး အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေ အတည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**လွှတ်တော်သို့ တင်သွင်း**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းများကို လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်ပြီး ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ၏အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

**ဆွေးနွေး**

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာရပ်ကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေးပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည်လေးမျိုး ( 4 Skills- Reading,Writing,Speaking,Listening) ပါဝင်သော စနစ်သို့ပြုပြင်ပြောင်းလဲသင်ကြားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာဗဟုသုတသည် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသော ပညာဗဟုသုတများကို လေ့လာဆည်းပူးရန်အတွက် ကမ္ဘာသုံးဘာသာရပ်ဖြစ်သော အင်္ဂလိပ်ဘာသာရပ်သည် မရှိမဖြစ်တတ်ထားရမည့် အရာဖြစ်ပါကြောင်း၊ ယနေ့တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော လူငယ်၊ လူရွယ်၊ လူလတ်နှင့် လူကြီးများ အင်္ဂလိပ်စာတတ်ထားရန် အရေးကြီးပါကြောင်း၊ မိမိတိုင်းပြည်နှင့် ဆီလျော်မည့် အကြောင်းခြင်းရာများ၊ ဝတ္ထုများကို အသုံးချပြီး မိမိတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည်တို့ တိုးတက် ဖွံ့ဖြိုးအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုခေတ်ကျောင်းသားအများစုသည် သင်ကြားပေးသော ဘာသာရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုစ္ဆာ၏သဘောတရား၊ သီအိုရီတို့၏ သဘောသဘာဝတို့ကို ပြည့်စုံစွာနားမလည်ဘဲ အလွတ်ကျက်၍ စာမေးပွဲဖြေဆိုနေကြရပါကြောင်း။

**ဖန်တီးပေးထားရမည်**

နေ့စဉ်ထုတ် အင်္ဂလိပ်သတင်းစာများကိုလည်း စာကြည့်တိုက်တွင် ထားပေးသင့်ကြောင်း၊ ကျောင်းများရှိ ကွန်ပျူတာများကို အလုပြထားမည့်အစား Internet နှင့် ချိတ်ဆက်၍ Online မှ အင်္ဂလိပ်စာ 4 Skills ကိုလည်း သင်ယူစေလိုပါကြောင်း၊ ယင်းအင်္ဂလိပ်စာသင်ခန်းစာများတွင် အခြေခံမှ အဆင့်မြင့်အထိ မိမိကြိုက်နှစ်သက်သော ကဏ္ဍများကို သင်ယူနိုင်ရန် စီစဉ်ပေးသင့်ပါကြောင်း၊ အင်္ဂလိပ်စာသင်ကြားမည့် ဆရာ ဆရာမများကိုလည်း အင်္ဂလိပ်လူမျိုး ဆရာ ဆရာမများနှင့် သင်တန်းပေးပြီးမှ ကျောင်းသား ကျောင်းသူများကို သင်ပြသင့်ပါကြောင်း၊ နောင်လာမည့် လူငယ်မျိုးဆက်သစ်များ အင်္ဂလိပ်စာစွမ်းရည် 4 Skills မြင့်မားစေရန် အပြောနှင့်မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြပြီး သင်ယူနိုင်မည့် ရေခံမြေခံကောင်းများကို ဖန်တီးပေးထားရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။



အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာဦးကြွယ်ကြွယ်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

> “ အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည်လေးမျိုး( 4 Skills- Reading,Writing,Speaking,Listening) ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ”

# ယခုနှစ် နွေစပါးရာသီတွင် တစ်ဧက တင်း ၁၀၀ နှင့် အထက် ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၏ အဓိက အရင်းအမြစ်တစ်ခုဖြစ်သော မျိုးလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ၊ မျိုးစေ့ထုတ် သမဝါယမ အသင်းများ၊ တောင်သူ တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်သူများကို နည်းပညာ အကူအညီ၊ စက်ကိရိယာ အကူအညီ၊ ရင်းနှီးမြှုပ်နှံမှု ငွေကြေးအကူအညီများ ရရှိအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်၊ ယခုနှစ် နွေစပါးရာသီတွင် တစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ သွင်းအားစုများ အချိန်ကိုက် အချိုးညီသုံးစွဲရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ အပင်ပြုစု ဆောင်ရွက်မှုမှန်ကန်ရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် လုပ်ငန်းများကို ဝန်ထမ်းများ စနစ်တကျ စုဖွဲ့ဆောင်ရွက်ကြရန် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများ၊ ဌာနခွဲများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စနစ်တကျ လိုက်နာကျင့်သုံး**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံ ၁၅ မျိုးကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP လိုက်နာဆောင်ရွက်ရေးအတွက် တောင်သူများအား ပညာပေးခြင်း၊ အစားအစာ လုံခြုံစိတ်ချရန်အတွက် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်များ မပါဝင်ရေး၊ မိမိတို့ထုတ်လုပ်သည့် လယ်ယာထွက်ကုန်များသည် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် တောင်သူများ၊ ဆက်နွှယ်နေသော ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများအားလုံးကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သိရှိနားလည်ပြီး စနစ်တကျ လိုက်နာကျင့်သုံးလာအောင် ဆောင်ရွက်ကြစေလိုကြောင်း။

**အကောင်းဆုံးအားဖြည့် ကူညီ**

တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူအားလုံးသည် နိုင်ငံတော်က ချမှတ်သည့် စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဝန်ကြီးဌာန၏ မူဝါဒ (၁၀) ရပ်၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာများကို သဘောပေါက်နားလည်ရုံမျှမက သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိပြီး တိကျစွာ လိုက်နာကျင့်သုံးခြင်းဖြင့် ဒေသတာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို အကောင်းဆုံးအားဖြည့် ကူညီပေးနိုင်သည့် အထောက်အပံ့ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ရန်နှင့် မိမိဝန်ကြီးဌာန အနေဖြင့် Meritocracy စနစ်အရ ကြိုးစားဆောင်ရွက်သူများ၊ ထူးချွန်သူများအား ရာထူးတိုးပေးခြင်း၊ ဆုချီးမြှင့်ခြင်း လုပ်ငန်းများကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နှစ်အလိုက် သီးနှံ စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နည်းပညာပြန့်ပွားရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ GAP စံနှုန်းများ လိုက်နာကျင့်သုံးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးသွင်းအားစုများ အရည်အသွေးမှန်ကန်ရေးပြည့်ဝစေရန် စိစစ်ကြပ်မတ် ဆောင်ရွက်နေမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့မှုများကို လည်းကောင်း၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးနှင့် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အသီးသီး တင်ပြဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး၏ တာဝန်ပေးချက်အရ စိုက်ပျိုးရေးဦးစီးဌာနမှ အစုအဖွဲ့ပုံစံဖြင့် မျိုးစေ့ထုတ် အသင်းများ တည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခင်နှစ် မိုးစပါးရာသီတွင် စပါးမျိုးစေ့ထုတ်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ် မိုးစပါးရာသီတွင် စပါးမျိုးစေ့ထုတ်လုပ်သူများအသင်း ၁၃၁ သင်းမှ ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သဖြင့် စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု တိုးတက်လာပြီး မျိုးကောင်းမျိုးသန့် သုံးစွဲမှုလည်း မြင့်မားလာကြောင်း။

**စံချိန်တင်ရောင်းချနိုင်**

ယခုနှစ်တွင် ဆန်စပါးကဏ္ဍမှ ထူးခြားစွာ စံချိန်တင် ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ပြက္ခဒိန်နှစ်အတွင်း ဆန်တန်ချိန် သုံးသန်း ပြည်ပတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဘတ်ဂျက်နှစ်အရ ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းကျော် ပြည်ပသို့ တရားဝင်တင်ပို့ ရောင်းချနိုင်ခဲ့ရာ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း နှစ်ပေါင်း ၇၀ ကျော်အတွင်း ဆန်တင်ပို့မှု အများဆုံး စံချိန်တင်ရောင်းချနိုင်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီး တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၉/၂၀၁၈
၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

**ရခိုင်ပြည်နယ်ဝန်ကြီး တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းအောင် ကို တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ကွန်ရက်၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဒီရေတောစီမံကိန်း အကောင်အထည်ဖော်ရန် ကနဦး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်နှင့် အာရှနှင့် ပစိဖိတ်ဒေသအတွင်း သစ်တောပြန်လည်တည်ထောင်ခြင်းနှင့် ရေရှည်တည်တံ့စေရန် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ကွန်ရက် (APF-Net)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ဒီရေတောစီမံကိန်းတစ်ခု စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကနဦး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Novotel Hotel တွင် ယနေ့နံနက် ၉ နာရီ၌ ကျင်းပရာ**(အောက်ပုံ)** သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ APFNet မှ ကိုယ်စားလှယ်များ၊ University of Queensland မှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ Local NGOs နှင့် INGOs မှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ဒီရေတောနှင့် ကမ်းရိုးတန်းဒေသဆိုင်ရာ စီမံအုပ်ချုပ်မှု ပညာရှင်များ၊ စီမံကိန်းဧရိယာမှ ဝန်ထမ်းများ၊ သစ်တောအရာရှိကြီးများ တက်ရောက်ကြသည်။

**ရည်ရွယ်ကျင်းပ**

အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ပြန်လည်တည်ထောင်ခြင်းနှင့် ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းတို့နှင့် ပတ်သက်သည့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ စီမံကိန်းဧရိယာအတွင်းရှိ ဒီရေတောများနှင့် ယှဉ်တွဲလျက် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ဒေသခံပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**အကောင်အထည်ဖော်**

စီမံကိန်းကာလမှာ ၃၆ လဖြစ်ပြီး ရန်ပုံငွေမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၄၇၀၇၀ ဖြစ်သည်။ အဆိုပါရန်ပုံငွေကို ကွင်းစလန်းတက္ကသိုလ်နှင့် APF-Net တို့မှ ပူးပေါင်းပံ့ပိုးပေးခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို ကမ်းရိုးတန်းသယံဇာတများ၊ အထူးသဖြင့် ဒီရေတောများအပေါ် အဓိက မှီခိုနေကြသည့် တောင်သူလယ်သမားများ နေထိုင်ရာ ပြင်ဒရယ် ဒီရေတောကြိုးဝိုင်းအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကို ကွင်းစလန်းတက္ကသိုလ်နှင့် မြန်မာနိုင်ငံသစ်တောဦးစီးဌာန၊ ရေဝေရေလဲဒေသ အုပ်ချုပ်ရေးဌာနတို့မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာ အကူအညီများ ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

**ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်**

APFNet သည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း သစ်တောပြန်လည်ထူထောင်ခြင်းနှင့် ရေရှည်တည်တံ့စေသည့်နည်းဖြင့် သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်ခြင်း ကဏ္ဍများတွင် ဒေသတွင်းရှိ နိုင်ငံများကို အကူအညီများပေးလျက်ရှိပြီး ဒေသတွင်းသစ်တောများရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်း ဖွံ့ဖြိုးလာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ သစ်တောမူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပပေးခြင်းနှင့် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မော်ကျွန်းတွင် ကြက်သွန်နီ ဈေးကျ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလမှစတင်၍ ဈေးနှုန်းကြီးမြင့်လာသော ပြည်တွင်း ကြက်သွန်နီဈေးနှုန်းမှာ ဇန်နဝါရီ ၁၇ ရက်ကစတင်ပြီး သိသိသာသာကျဆင်းသွားပြီ ဖြစ်သည်။

ယခင်ရက်က မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေး၊ ဗိုလ်ချုပ်ဈေးနှင့် ချမ်းမြေ့သာယာဈေးတို့တွင် ပြည်တွင်း ကြက်သွန်နီအသေး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးရှိပြီး ကြက်သွန်နီဥကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိကြသည်။ ယခု ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ပြည်တွင်း ကြက်သွန်နီများ အိတ်လိုက်တင်ပို့သော ကုန်တင်ယာဉ်ကြီးများ အဆက်မပြတ်ဝင်သဖြင့် ကြက်သွန်နီ ရောင်းဈေးနှုန်းများ ကျဆင်းသွားပြီ ဖြစ်သည်။ ဇန်နဝါရီ ၁၈ ရက်က မော်လမြိုင်ကျွန်း မြို့ပေါ် ဈေးများတွင် ပြည်တွင်းကြက်သွန်နီရောင်းဈေးမှာ ဥကြီးတစ်ပိဿာ ငွေကျပ် ၂၀၀၀ နှင့် ဥသေး တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် (စနေနေ့)တွင် အမျိုးသားပြတိုက်(ဘက်စုံခန်းမ)ပြည်လမ်း ရန်ကုန်မြို့၌ နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ၂၀၁၇ ခုနှစ် တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း သိရသည်။

**ဥမ္မာထွေး**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

**( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )**

**ခုနှစ်၊ လ ရက်**

**( ခုနှစ် လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အဂတိလိုက်စားမှု** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် သက်ဆိုင်သူထံသို့ ဖြစ်စေ၊ သက်ဆိုင်သူထံမှဖြစ်စေ တံစိုးလက်ဆောင်ကို မိမိအတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော် လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော် လည်းကောင်း ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် ဆွေးနွေးခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(၂) သက်ဆိုင်ရာအစိုးရဌာန၏ ပြည်သူ့ဘဏ္ဍာကိုင်တွယ် စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၏ ပိုင်ဆိုင်မှုကိုတောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာနက သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် အစိုးရ၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း။"

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ ဒုတိယဝန်ကြီး သို့မဟုတ် ယင်းနှင့် အလားတူအဆင့်ရှိသူနှင့် အထက်နိုင်ငံရေး ရာထူးလက်ရှိဖြစ်သူကို ဆိုသည်။"

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ပ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ပ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ကော်မရှင်သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို ဆိုသည်။"

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်ကြားချက် သို့မဟုတ် ရရှိသည့်သတင်းအရ လိုအပ်ပါက ကြိုတင်ထောက်လှမ်းစုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက် အစီရင်ခံစာကို တင်ပြစေခြင်း၊"

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း၊"

၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ဌ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဌ) တိုင်ကြားစာများကိုစိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ချခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် ပြစ်မှုကျူးလွန်သည့် အတိုင်းအတာအရ တိုင်ကြားခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟုယူဆပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း၊"

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဆ) ပုဒ်မ ၂၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မ ၆၅ တို့တွင်ပါရှိသော "စုံစမ်းစစ်ဆေးရေးမှူး" ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးမှူး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင်-

(က) ပုဒ်မ ၁၆ ပုဒ်မခွဲ (ဎ)၏ နောက်၌ ပုဒ်မခွဲ(ဏ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) လိုအပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် အစိုးရ၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမှုများအား စစ်ဆေးခြင်း၊"

(ခ) ပုဒ်မ ၁၆ ၏ မူလပုဒ်မခွဲ(ဏ)ကို ပုဒ်မခွဲ(တ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင်-

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဇ)၏နောက်၌ ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းတစ်ရပ်ရပ်ကို ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။"

(ခ) ပုဒ်မ ၁၇ ၏ မူလပုဒ်မခွဲ(ဈ)ကို ပုဒ်မခွဲ (ည)အဖြစ် ပြန်လည်အမှတ်စဉ်ပြောင်းလဲပြီး အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူများ၊ သက်သေများ၊ နစ်နာသူ သို့မဟုတ် တိုင်ကြားသူများအား လိုအပ်သော အကာအကွယ်ပေးနိုင်ရန် နည်းလမ်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သတ်မှတ်သော ဆုငွေချီးမြှင့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။"

၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပုဒ်မ ၂၁ပုဒ်မခွဲ(ဂ)၏ နောက်၌ ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း ဖြစ်ပေါ်နေခြင်း။"

၁၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း သို့မဟုတ် လိုအပ်၍ ကြိုတင်ထောက်လှမ်းရာတွင်လည်း သက်သေခံချက် မရရှိခြင်း၊"

၁၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လုပ်ပိုင်ခွင့်အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်း ပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့်ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏အစီရင်ခံစာကိုပုဒ်မ ၂၁ ပုဒ်မခွဲ(က)အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)အရ တာဝန်ပေးသည့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လည်းကောင်း ဆက်လက်အရေးယူနိုင်ပါရန် ပေးပို့ရမည်။ အဆိုပါဆုံးဖြတ်ချက်အား တိုင်ကြားသော နစ်နာသူထံသို့လည်း အကြောင်းကြား အသိပေးရမည်။"

၁၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုး ဖြည့်စွက်ရမည်-

"၃၆(က) နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မရှင်သည်ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုံးခွဲများကို ဖွဲ့စည်းနိုင်သည်။"

၁၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၇) ခေါင်းစဉ်ကို "နစ်နာသူက သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း" ဆိုသည့် စကားရပ်အစား "နစ်နာသူက သတင်းပေးခြင်း၊ တိုင်ကြားခြင်းနှင့် ကျော်စောသတင်းဖြစ်ပေါ်ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၄ ကို အောက်ပါအတိုင်း အစားထိုး ဖြည့်စွက်ရမည်-

"၄၄(က) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာရှိသူ တစ်ဦးဦးက အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုကြောင့် နစ်နာသူက သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

(ခ) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦးက အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကြွယ်ဝချမ်းသာလာကြောင်း ကျော်စောသတင်းတစ်ရပ်ရပ်ကို သိရှိရပါက ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။"

၁၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၇ နှင့် ၄၈ တို့တွင် ပါရှိသော "ကြေညာချက်" ဆိုသည့် စကားရပ်ကို "ကြေညာလွှာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၃ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အဂတိလိုက်စားမှုဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်လျှင် အဆိုပါငွေကြေးနှင့် ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာတွင် သို့မဟုတ် ကျူးလွန်ရန်အတွက် အသုံးပြုသည့် ပစ္စည်း၊ ကိရိယာ၊ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။"

၁၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၃-က၏နောက်တွင် ပုဒ်မခွဲ(၁)(၂)(၃)တို့အား အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃(က) (၁) ပုဒ်မ ၅၃ ပုဒ်မခွဲ(က)အရ ချမှတ်သည့် အမိန့်နှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်းခံရသူက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံခွင့်ရှိသည်။

(၂) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း ပြုနိုင်သည်။

(၃) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"

၂၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၉။ မည်သူမဆို ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာသည်ဟု သော်လည်းကောင်း၊ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ၊ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။"

---

## ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ကြီးအတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ၁၁၃ နှစ်ပြည့် (၄၆) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၀ ရက် မှ ဖေဖော်ဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဘုရားကြီးရင်ပြင်တော်ပေါ်၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက် အထိ သံဃာတော်များက အဘိဓမ္မာခုနစ်ကျမ်း မဟာပဋ္ဌာန်းမြတ်ကို နာရီပေါင်း ၂၁၆ နာရီအကြာ အသံမစဲရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ဇန်နဝါရီ ၃၁ ရက် အရုဏ်တွင် ဘုရားကြီးအား နှမ်းထမနဲ ဆက်ကပ်လှူဒါန်းပြီး ဘုရားဖူးလာပရိသတ်များအား နှမ်းထမနဲများ ဝေငှသွားမည်ဖြစ်သည်။ ယင်းနေ့ညမှစတင်၍ ဖေဖော်ဝါရီ ၂ ရက်အထိ ဘုရားကြီးရင်ပြင်တော်၌ ညစဉ် ထေရဝါဒဗုဒ္ဓတရားပွဲများဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် သံဃာအပါး ၉၀ တို့အား ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်သတင်းများ

## စစ်တွေမြို့၌ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

**စစ်တွေ ဇန်နဝါရီ ၁၈**

စစ်တွေမြို့၌ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဆွေ့ဂေယာ၌ ကျင်းပသည်။ **(ယာပုံ)**

**အကောင်အထည်ဖော်**

ရှေးဦးစွာ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ တက်ရောက်၍ အမှာစကား ပြောကြားကြသည်။

**ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပြန်လည်လက်ခံရေးစခန်းတွင် ဆောင်ရွက်နေမှုအခြေအနေများအား သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးတင်ပြကြရာ နေရပ်စွန့်ခွာသူများလက်ခံရေးအစီအစဉ်နှင့် ၎င်းတို့အတွက် လုံခြုံရေးနှင့်ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရေး၊ ပြန်လည်ထူထောင်ရေး နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လုပ်ကိုင်နိုင်ရေး စီစဉ်ထားရှိမှုကိစ္စ၊ လွပ်လပ်လုံခြုံစွာသွားလာလုပ်ကိုင်ခြင်းအတွက် နိုင်ငံသားစိစစ်ရေး (NVC) ကတ်များ စိစစ်ထုတ်ပေးနေမှုကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





## လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များပေးအပ်ရန် စတုတ္ထအသုတ် စေတနာ့ဝန်ထမ်းလူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက်ပေးအပ် ဆောင်ရွက်နိုင်ရေးအတွက် စေတနာ့ဝန်ထမ်းလူငယ်များသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကစ္ဆပမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာသည်။

အဆိုပါလူငယ်များကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးချုပ်)မှ ဦးသန်းထွင်ဆွေ၊ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်တွေမြို့၌ ခေတ္တတည်းခိုကြမည့် ညဝတီအားကစားရုံရှိ ရိပ်သာများသို့ ပို့ဆောင်ပေးကြသည်။ စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့တွင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၁၁ ဦးစုစုပေါင်း ၄၀ ပါဝင်ပြီး ၎င်းလူငယ်အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရွှေပြည်တန် အမြန်ရေယာဉ်ဖြင့် မောင်တောဒေသသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းလူငယ်များသည် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ကွင်းဆင်းကာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပြီး လူသားချင်းစာနာမှုထောက်ပံ့ပေးရေး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဒေါက်တာ အေးမောင်အား ဖမ်းဆီးရမိ၊ ချုပ်ရမန်ရယူပြီး စစ်တွေအကျဉ်းထောင်တွင် ချုပ်နှောင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်သည့် ရခိုင်နိုင်ငံ တော်အချုပ်အခြာအာဏာ ကျဆုံးခြင်း (၂၃၃)နှစ်မြောက် ဝမ်းနည်းဖွယ် အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဟောပြောမှုကြောင့် ရသေ့တောင်မြို့နယ်ရဲစခန်းက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁)ဖြင့် အမှုဖွင့်ထားသည့် ဒေါက်တာ အေးမောင်အား စစ်တွေမြို့နယ် ရဲစခန်းမှူးနှင့် အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ အိုးတန်းရပ်ကွက် ရွှေဘန်းလမ်းရှိ ၎င်း၏နေအိမ်မှ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့နောက် စစ်တွေမြို့နယ် တရားသူကြီး ဦးစိန်ကျော်သူထံတွင် ဇန်နဝါရီ ၁၈ ရက်မှ ၃၁ ရက်အထိ ချုပ်ရမန်ရယူပြီး စစ်တွေအကျဉ်းထောင်၌ ဒေါက်တာ အေးမောင်အား ချုပ်နှောင်ထားကြောင်း သိရှိရသည်။

**အမှုဖွင့်**

စာပေဟောပြောပွဲတွင် ဒေါက်တာအေးမောင်က ဗမာများအနေဖြင့် ရခိုင်လူမျိုးများကို ဗမာ့ကျွန်အဖြစ် လောက်သာထားရှိပြီး တန်းတူအခွင့်အရေးမပေးကြောင်း၊ အချုပ်အခြာအာဏာရရှိရေးအတွက် နည်းလမ်းနှစ်ခုသာရှိကြောင်း၊ လက်နက်ကိုင်တော်လှန်ရေးနည်းနှင့် ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များရှိကြောင်း၊ မိမိမှာ နောက်တစ်နည်းဖြစ်သော လူထုဗဟိုပြု နိုင်ငံရေးနည်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိနိုင်ငံရေးအားနည်းချက်ကိုအခွင့်ကောင်းယူ၍ ပန်းတိုင်ရောက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း စသည်တို့အပါအဝင် ဟောပြောခဲ့သဖြင့် ယခုကဲ့သို့ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ခရေမြိုင်(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ် ဝန်းကျင်ရှိ တမန်းသား(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရ စခန်းပတ်ဝန်းကျင်ရှိ မြို့သစ်(တိုင်းရင်း သား)ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခုပတ်ဝန်းကျင် ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၈၇ ကောင်နှင့် ဆိတ် ၇၅၆ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဖျော်ဖြေပွဲများ ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အထူးအစီအစဉ်အဖြစ် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ ပဒေသာယိမ်းအကများ၊ ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲကို လာရောက်ကြည့်ရှု လေ့လာကြမည့် အများပြည်သူများ ပိုမို၍ ကြည်နူးပျော်ရွှင်မှုရရှိစေရန်အတွက် ရည်ရွယ်ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး မည်သူမဆို အခမဲ့ ကြည့်ရှုနိုင်ကြောင်း သိရကာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲနေ့တွင် ကြည့်ရှုလိုသည့် ပြည်သူများနှင့် ဝန်ထမ်းများ သွားလာရေး အဆင်ပြေစေရန် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အထိ သီးသန့်ယာဉ်လိုင်းများ စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖျော်ဖြေပွဲကျင်းပမည့်နေ့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ဆက်လက်ဝင်ရောက်လေ့လာလိုသူများအတွက် ဝင်ကြေးများကိုလည်း လျှော့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တို့ အပြန်အလှန် ကူးလူးသွားလာနိုင်သည့် လမ်းကြောင်းတွင်လည်း ယာဉ်ပို့၊ ကြိုများ စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ပြည်ထောင်စုတစ်ဝန်းစုစည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးစံနှင့်အညီ နေထိုင်စားသောက်ကြပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ထင်ရှားကျော်ကြားသော စေတီပုထိုး၊ အထိမ်းအမှတ်နေရာများ၊ သဘာဝရှုခင်းများ၊ မြေယာရှုခင်းအလှအပများဖြင့် ပုံဖော်၍ တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း ကြည့်ရှုလေ့လာ အနားယူအပန်းဖြေနိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နောင်တွင် တစ်လတစ်ကြိမ် ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

## အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ ဈေးကွက်ရှိဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဆေးဘူးပေါ်တွင် ဖော်ပြချက်အရ Henan Dekang Pharmaceutical Co., Ltd ထုတ် မြန်မာနိုင်ငံတွင်ဆေးဝါးမှတ်ပုံတင်မရှိသော Quinine Dihydrochloride 0.5g/ml ဆေးဝါးသည် **ဆေးဝါးအတု(အတု)** ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၃။ ဆေးဝါးအတု၊စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများပျောက်ကင်းခြင်း(လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေခံစားရမည်ဖြစ်သည့်အပြင် အသက်အန္တရာယ်လည်းရှိနိုင်ပါသည်။ သို့ပါ၍ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(ethic)အရ လုံးဝ(လုံးဝ)မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။




**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင်နှင့် အုတ်မြစ်စီအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ပြည်တွင်းသာမက ကမ္ဘာ့နိုင်ငံများသို့ပါ သာသနာထွန်းလင်းပြန့်ပွားရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော သီတဂူအဓိပတိဆရာတော်ကြီး ဦးဆောင်တော်မူသည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ် ပန္နက်တင်နှင့် ရတနာအုတ်မြစ်စီအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ပင်လုံရပ်ကွက်၌ ကျင်းပသည်။

အဆိုပါ ပန္နက်တင်နှင့် ရတနာအုတ်မြစ်စီအခမ်းအနားတွင် နမောတဿမဟာပဏာမ သုံးကြိမ်ရွတ်ဆိုပြီး သီတဂူအဓိပတိဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကာ သံဃာတော်များက ကြွရောက်လာသော ပရိသတ်များအား တရားတော်များ ချီးမြှင့်ပေးသည်။ ထို့နောက် သီတဂူအဓိပတိဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ မင်္ဂလာမဏ္ဍပ်အတွင်းရှိ သတ်မှတ်ထောင့်များတွင် ဦးရွှေနီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း(သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ဦးမိုးဟိန်း( ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး)၊ သီရိမင်္ဂလာဦးကျော်ဆွေ၊ ဦးသိန်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် ဦးသန်းလွင်တို့က မင်္ဂလာပန္နက်တော်တင်ကြသည်။ ပန္နက်တော်တင်အပြီးတွင် သီတဂူဥက္ကဋ္ဌ ဦးမြအောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဦးနိုင်ငံလင်း၊ ဗိုလ်မှူးချုပ် နေဝင်း၊ သီတဂူဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးရွှေဝင်း၊ ဒေါက်တာ သိန်းမြင့်(လန်ဒန်)၊ ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ဌေးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် သီတဂူအဓိပတိဆရာတော်ကြီးက ရတနာငွေကြုတ်မြှုပ်နှံခြင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရတနာကိုးပါးရွှေဖလား မြှုပ်နှံခြင်းတို့ ဆောင်ရွက်ကြပြီး ရတနာအုတ်မြစ်တော်များဖြစ်သော ပုလဲအုတ်ကို သီတဂူဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဟန်၊ ကြောင်အုတ်ကို ဦးအောင်မြင့်၊ ဂေါ်မုတ်အုတ်ကို သီတဂူအမှုဆောင်ဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြအုတ်ကို သီတဂူပညာရေးအမှုဆောင် ဦးကျော်စိုးလွင်၊ ဥဿဖရားအုတ်ကို သီတဂူဘဏ္ဍာရေးမှူး ဦးပီကေဆင်း၊ နီလာအုတ်ကို ကျောင်းဆောင်တော်သစ်မတည်အလှူရှင် ဦးမင်းမင်း၊ သန္တာအုတ်ကို ဒေါက်တာမြတ်သူ (သီတဂူဆရာတော်ကြီး၏ ကျန်းမာရေးအထူးတာဝန်)၊ စိန်အုတ်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် ပတ္တမြားအုတ်ကို သီတဂူအင်ဂျင်နီယာကြီး ဦးစောထွေးဇော်တို့က အသီးသီးအုတ်မြစ်တော်စီကြသည်။



**သီတဂူအဓိပတိဆရာတော်ကြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင်နှင့် အုတ်မြစ်စီအခမ်းအနား၌ ရတနာငွေကြုတ်မြှုပ်နှံစဉ်။**

ယနေ့ ပန္နက်တင်နှင့် အုတ်မြစ်စီအခမ်းအနားကျင်းပသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ကျောင်းဆောင်တော်ကို ယခင်သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောဘက်ကပ်လျက်တွင် ရှစ်ထပ်တည်ဆောက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ အစည်းအဝေးခန်းမကြီးများ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ နိုင်ငံတကာအဆင့်မီ မျက်စိစမ်းသပ်ခန်းများ၊ ခွဲစိတ်ခန်းများပါဝင်မည်ဖြစ်ကာ ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် သိန်းပေါင်း ၃၀၀၀ ခန့် လျာထားကြောင်း သိရသည်။ အဆိုပါရှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ယခုနှစ်အတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကာ ပြီးစီးပါက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)အနေဖြင့် ယခုလက်ရှိသင်ကြားပြသပေးလျက်ရှိသော စာသင်သား ၂၀၀ အပြင် စာသင်သား ၁၀၀ ကျော်ကို ထပ်မံတိုးချဲ့သင်ကြားပြသပေးနိုင်ပြီး သာသနာပြန့်ပွားရေးလုပ်ငန်းများကို ယခုထက် ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

---

## ◆ ပြည်တွင်းမှ ဝယ်လိုအားမြင့်တက်လာခြင်းသည် ဖွံ့ဖြိုးမှုများကို အထောက်အကူဖြစ်စေခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အချက်အလက်များအရ ၂၀၁၇ ခုနှစ် ဧပြီလနှင့် ဇူလိုင်လများ အတွင်း လူသုံးကုန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ရောင်းချရမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၅၄ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်း အထိ အသီးသီးတိုးတက်လာ

❍ *ကျောဖုံးမှ*

၅ ဒသမ ၁ ထက်ပင် များပြားနေသည်ကို မြင်တွေ့ရသည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရာသီဥတုဆိုးရွားမှုများ ကြုံတွေ့ရသည်ကို ကျော်လွှန်လာပြီး ပြန်လည်ကောင်းမွန်လာသည့် စိုက်ပျိုးရေးကဏ္ဍမှ အကျိုးအမြတ်ရရှိမှုသည် မြင့်တက်လာကြောင်း ယင်းအစီရင်ခံစာက ဖော်ပြထားသည်။ စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အဓိကကျပြီး အနာဂတ်စီး ပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ရာ ယင်းကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်ကြောင်း ကမ္ဘာ့ဘဏ်ကလည်း သတိပေးထားသည်။ စိုက်ပျိုးရေးကဏ္ဍသည် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးဖြစ်သည့် နိုင်ငံ၏ ဂျီဒီပီ၏ ၃၈ ရာခိုင်နှုန်းနှင့် ကုန်တင်ပို့မှုပမာဏ၏ ၂၃ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍမှဖြစ်ကြောင်း၊ နိုင်ငံ၏ လုပ်သားအင်အား အားလုံးအနက်မှ ၆၀ ရာခိုင်နှုန်းကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများကို စိုက်ပျိုးရေးကဏ္ဍမှ ရရှိကြောင်း ကမ္ဘာ့ဘဏ်ကလည်း ထုတ်ပြန်ထားခဲ့သည်။

စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုအပြင် ပြည်တွင်းထုတ်အထည်အလိပ်နှင့် အသေးစားထုတ်ကုန်များ ဝယ်လိုအားမြင့်တက်လာခဲ့ခြင်းသည်လည်း ပြီးခဲ့သည့်နှစ်အတွင်း စီးပွားရေးကဏ္ဍအား အထောက်အကူဖြစ်စေခဲ့ကြောင်း အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်း၏ သုတေသနအစီရင်ခံစာက ဖော်ပြထားသည်။

ပြည်တွင်းမှ ဝယ်လိုအားမြင့်တက်လာခြင်းသည် ဖွံ့ဖြိုးမှုများကို အထောက်အကူဖြစ်စေခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အချက်အလက်များအရ ၂၀၁၇ခုနှစ် ဧပြီလနှင့် ဇူလိုင်လများ အတွင်း လူသုံးကုန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ရောင်းချရမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၅၄ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းအထိ အသီးသီးတိုးတက်လာကြောင်းလည်း သိရသည်။

အခွန်အခကောက်ခံခြင်းမှ ဝင်ငွေရရှိမှုတိုးတက်လာသည့်အတွက် ၂၀၁၈ခုနှစ် အစောပိုင်းကာလများတွင် အများပြည်သူအသုံးစရိတ် မြင့်တက်လာနိုင်ခြေလည်းရှိနိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

မကြာမီကာလအတွင်း မြန်မာနိုင်ငံ၏ နှစ်စဉ်ဂျီဒီပီ မြင့်တက်မှုသည့် မူလရှိနေသည့် ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်းကိုလည်း IMF က ၂၀၁၈ ခုနှစ် စီးပွားရေးဆိုင်ရာခန့်မှန်းမှုတွင် ဖော်ပြထားသည်။

များပြားသည့်အကောင်းမြင်ရှုထောင့်များ ရှိနေသော်လည်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် ဝင်ငွေရရှိမှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း စိုးရိမ်မှုများကိုလည်း မြင်တွေ့ရသည်။ သို့သော် အဆိုပါ တိုက်ရိုက်စီးပွားရေး အကျိုးသက်ရောက်မှုများသည် ပြည်တွင်းသို့သာ ရိုက်ခတ်မှုကြီးမားနိုင်ပြီး ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်အပေါ်တွင်တော့ ဆိုးရွားစွာသက်ရောက်နိုင်ခြေနည်းပါးကြောင်း IMF က ဖော်ပြထားသည်။

### ငွေကြေးဖောင်းပွမှု ဆက်လက်များပြားနိုင်

ဝယ်လိုအား မြင့်မားလာနိုင်သည့်အတွက် သုံးစွဲမှုကုန်ကျစရိတ်များမှာလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားပြီး ငွေကြေးဖောင်းပွမှုသည် ၂၀၁၆ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအတွက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ခုနစ်ရာခိုင်နှုန်းနှင့် ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ဖြစ်လာမည်ဟု ADB ဘဏ်ကလည်း ခန့်မှန်းထားသည်ကို သတိပြုသင့်ကြောင်းသိရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ခလစာများ မြင့်တက်လာမည်ဖြစ်နိုင်သော်လည်း ငွေကြေးဖောင်းပွမှုနှုန်း ခန့်မှန်းချက်များသည် အရှေ့တောင်အာရှ ဒေသ၏ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ပျမ်းမျှငွေဖောင်းပွမှုနှုန်းဖြစ်သည့် ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက များစွာမြင့်မားနေခြင်းကိုလည်း သတိပြုရမည်ဖြစ်ကြောင်း ယင်းအစီရင်ခံစာက ထောက်ပြထားသည်။

### စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမြန်ဆန်ရန်လိုအပ်နေ

၂၀၁၈ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအကျိုးအမြတ်များ ရရှိနိုင်မှုအနေဖြင့် အစီရင်ခံစာအရ အကောင်းဘက်တွင် ရှိနေသေးသော်လည်း စီးပွားရေးအသိုက်အဝန်းအတွင်းရှိ အချို့သောလုပ်ငန်းများသည် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှေးကွေးခြင်းနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများကိုလည်း မြင်တွေ့ရကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အတိုင်ပင်ခံလုပ်ငန်းတစ်ခုတို့ ပူးပေါင်းပြုလုပ်သည့် စစ်တမ်းအရလည်း စီးပွားရေး အသိုက်အဝန်းအတွင်း ယုံကြည်မှုများ သိသာစွာကျဆင်းလာသည်ကို မြင်တွေ့ရပြီး သတိပြုသင့်ကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

အဆိုပါစစ်တမ်းအရ အကျိုးအမြတ်ရရှိနေသည့် ရေတိုစီးပွားရေးလုပ်ငန်းပမာဏသည် ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ၇၃ ရာခိုင်နှုန်းရှိရာမှ ၄၉ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ကို ဖော်ပြထားသည်။ ထိုကဲ့သို့ ကျဆင်းလာမှုသည် နိုင်ငံတော်အစိုးရ၏ စီးပွားရေးဆိုင်ရာ ပေါ်လစီများကြောင့် ဖြစ်နိုင်ကြောင်း ဝေဖန်ကြသူများလည်း ရှိသည်။

ထိုကဲ့သို့ စိုးရိမ်ကြောင့်ကြမှုများရှိနေသော်လည်း ၈၈ ရာခိုင်နှုန်းရှိ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံအနေဖြင့် တောင့်တင်းသော ပြည်တွင်းဈေးကွက်အလားအလာ ပိုင်ဆိုင်ထားသည့်အတွက် များမကြာမီကာလနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများနှင့်ပတ်သက်ပြီး အကောင်းမြင်မှုများ ရှိနေကြောင်း သိရသည်။

ထင်မြင်ယူဆချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ပီတာဘီရွှန်က လက်ရှိတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်နေသော်လည်း အဆိုပါတိုးတက်မှုများအတွက် အထောက်အကူဖြစ်စေမည့် လုပ်ဆောင်ချက်များ လိုအပ်နေသေးကြောင်း ထောက်ပြထားသည်။

“မြန်မာနိုင်ငံရဲ့ စီးပွားရေးအသိုက်အဝန်းကို ပိုပြီးကောင်းမွန်အောင် လုပ်ပေးနိုင်ဖို့အတွက် အစိုးရအနေနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ၊ ဖြေလျှော့မှုတွေကို ပိုမိုမြန်ဆန်စွာလုပ်ပေးနိုင်ဖို့ လိုအပ်ပါတယ်၊ အထူးသဖြင့် အစိုးရတာဝန်ရှိသူတွေအနေနဲ့ အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဘဏ်မဟုတ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အသေးစားငွေကြေးလုပ်ငန်းစတဲ့ ကဏ္ဍတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ ပိုပြီးမြန်မြန်ဆန်ဆန်ဖြစ်ပေါ်လာအောင် အဓိကထား လုပ်ဆောင်သင့်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် ပြုပြင်ဖြေလျှော့မှုများအား မှန်ကန်သည့် နည်းဥပဒေ ကြပ်မတ်မှုများနှင့်အတူ ပြုလုပ်နိုင်ရန်လည်း အရေးကြီးကြောင်း ၎င်းက သတိပေးသည်။

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ထားသည့် ၂၀၁၈ ခုနှစ်အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အလွယ်ကူဆုံးနိုင်ငံများ စာရင်းတွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၉၀ အနက် ၁၇၁ အဆင့်တွင် ရောက်ရှိနေခြင်းမှာလည်း စိုးရိမ်ကြောင့်ကြမှုရှိနေကြောင်းကို ထပ်လောင်းသတိပေးသည့် အကြောင်းအရာတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံ ရပ်တည်ခဲ့သည့် အဆင့်သည် ၂၀၁၇ ခုနှစ် စစ်တမ်းတွင် ရပ်တည်ခဲ့သည့် အဆင့်နှင့်တူညီသော်လည်း ယခုနှစ် စစ်တမ်းတွင် ပါဝင်သည့် ကဏ္ဍ ၁၀ ခုအနက် ခြောက်ခုတွင် မြန်မာနိုင်ငံသည် သိသိသာသာ တိုးတက်လာခဲ့ခြင်းသည် နိုင်ငံအနေဖြင့် ပိုမိုအားကောင်းသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာရန် တာစူနေခြင်း ဖြစ်နိုင်ကြောင်း အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစု၏ အစီရင်ခံစာအတွင်း သုံးသပ်ထားသည်။

ပိုင်ဆိုင်မှုများအား မှတ်တမ်းတင်ရာတွင် လိုအပ်သည့် တံဆိပ်ခေါင်းခွန် ပမာဏအပေါ် လျှော့ချပေးလိုက်ခြင်းနှင့် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနများအား အကောင်အထည်ဖော်ရန် လိုအပ်သည့် စည်းမျဉ်း ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့သည် ၂၀၁၇ ခုနှစ်အတွက် ကောင်းမွန်သည့် လုပ်ရပ်များဖြစ်လာခဲ့ပြီး လတ်တလောတွင် ပိုမိုကြီးမားသော စီးပွားရေးလုပ်ဆောင်ချက်များအား ဖြစ်ပေါ်လာစေခဲ့ကြောင်း သိရသည်။

### နိုင်ငံခြားအက်ဖ်ဒီအိုင်အတွက် ကုမ္ပဏီများဥပဒေသစ်

စီးပွားရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်နှင့်ပတ်သက်၍ စိုးရိမ်မှုများဖြစ်ပေါ်နေသော်လည်း မကြာသေးမီ အချိန်အထိ ဖွံ့ဖြိုးတိုးတက်မှုများကြောင့်လည်း ရင်းနှီးမြှုပ်နှံသူတို့ စိတ်ဝင်စားမှု မလျော့ကျကြောင်း ယခုအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဒီဇင်ဘာလက အတည်ပြုခဲ့သည့် ကုမ္ပဏီများဥပဒေအသစ်သည် လာမည့် ဩဂုတ်လတွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ထိုဥပဒေအရ ရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီတစ်ခု၏ ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်နေသည့်တိုင်အောင် ယင်းကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်သည်။ လက်ရှိတွင်မူ ပြည်တွင်းကုမ္ပဏီတစ်ခုသည် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု တစ်ရာခိုင်နှုန်းသာ ပိုင်ဆိုင်ထားသည့်တိုင်အောင် နိုင်ငံခြားသားပိုင်ကုမ္ပဏီတစ်ခုအဖြစ် သတ်မှတ်ခံရခြင်းအပြင် အိမ်ခြံမြေနှင့် အခြားပိုင်ဆိုင်မှုများနှင့် ပတ်သက်၍လည်း အက်ဖ်ဒီအိုင်များအပေါ် ကန့်သတ်ချက်အဖြစ် ရောက်ရှိနေကြောင်းကိုလည်း သတိပြုသင့်ကြောင်း အောက်စဖို့ဒ်လုပ်ငန်းစုက ထောက်ပြထားသည်။

တာဝန်ရှိသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ အခြေအနေအားကောင်းလာသည်နှင့်အမျှ နိုင်ငံခြားတိုက်ရိုက်ရင်း နှီးမြှုပ်နှံမှုများလည်း ၂၀၁၈ ခုနှစ်အတွင်း ပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြပြီး ပိုမိုများပြားသော စီးပွားရေးကဏ္ဍများသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်စေရန်လည်း အထောက်အကူဖြစ်စေနိုင်ကြောင်း ခန့်မှန်းထားကြသည်။

**သတင်း-ခင်ရတနာ**

# မင်းဘူးမြို့အဝင် ဆားပွတ်ချောင်းတံတားအောက် ကိုင်းတောအတွင်း တရားမဝင်ခိုးဝင်လာသူ ၁၁ ဦး ဖမ်းဆီးရမိ

**မင်းဘူး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့အဝင် ဆားပွတ်ချောင်းတံတားအောက် ကိုင်းတောအတွင်း၌ တရားမဝင်ခိုးဝင်လာသူ ၁၁ ဦးနှင့် ယာဉ်မောင်းတစ်ဦးတို့ကို မင်းဘူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တမာတန်းရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ ယနေ့ နံနက် ၈ နာရီခန့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီခန့်တွင် မင်းဘူးမြို့ အမှတ်-၁ ရပ်ကွက် ဆားပွတ်ချောင်းတံတားအနီးတွင် ယာဉ်မောင်း သက်နိုင် (၃၁ နှစ်) မောင်းနှင်လာသော EE/---- HONDA PARTNER GJ3 ယာဉ်နှင့် ဇော်လင်းနိုင် (၁၈ နှစ်) မင်းတုန်းမြို့နေသူ မောင်းနှင်လာသော 9M/---- HYUNDAI STAREX ယာဉ်တို့ တိုက်မိကြရာမှ EE/---- HONDA PARTNER GJ3 ယာဉ်ပေါ်ပါ တရားမဝင်ခိုးဝင်လာသူများမှာ ဆားပွတ်ချောင်းအတွင်း ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေကြကြောင်း သိရသည်။ **(ယာပုံ)**

တရားမဝင်ခိုးဝင်လာသူများ ထွက်ပြေးခိုအောင်းနေကြောင်း သတင်းရသဖြင့် ရပ်ကွက်နေပြည်သူများက စောင့်ကြည့်နေခဲ့ရာ တမာတန်းရပ်ကွက်ရာအိမ်မှူး ဦးမျိုးချစ်က ဇန်နဝါရီ ၁၈ ရက် နံနက် ၆ နာရီခန့်တွင် ဆားပွတ်ချောင်းအနီး နွားမွေးမြူရေးလုပ်ကိုင်နေသူ ဦးဇော်ဦးနေအိမ်ဝိုင်းအတွင်း တရားမဝင်ခိုးဝင်လာသူတစ်ဦးက သောက်ရေနှင့်အစားအစာများ တောင်းယူနေသည်ကိုတွေ့ရသဖြင့် ၎င်းပြန်ထွက်သွားသည့်နေရာကို နောက်ယောင်ခံလိုက်ရာမှ ကိုင်းတောအတွင်း ပုန်းအောင်းနေသည့် တရားမဝင်ခိုးဝင်လာသူများအား တွေ့ရှိကြောင်း မင်းဘူးမြို့ အမှတ်-၁ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးလွင်ထံ အကြောင်းကြားခဲ့ပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးက ရဲတပ်ဖွဲ့သို့ ဆက်လက်အကြောင်းကြားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူ ၅၀ ခန့်တို့က ဝိုင်းဝန်းဖမ်းဆီးခဲ့သဖြင့် တရားမဝင်ခိုးဝင်လာသူ ၁၁ ဦးနှင့် ယာဉ်မောင်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖမ်းဆီးရမိခဲ့သော တရားမဝင်ခိုးဝင်လာသူ ၁၁ ဦးနှင့် ယာဉ်မောင်း သက်နိုင် (၃၁ နှစ်) လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့အား မင်းဘူးမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း စခန်းမှူး ဒုရဲမှူး မြင့်ဇော်ထံမှ သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ကျောက်မီးသွေးတွင်း၌ လုပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရ သေဆုံး

**မင်းဘူး ဇန်နဝါရီ ၁၈**

မင်းဘူးမြို့နယ် ပန်းတောင်းကျေးရွာအနီးရှိ ကျောက်မီးသွေးတွင်း၌ ဇန်နဝါရီ ၁၇ ရက်က လုပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ သေဆုံးခဲ့ကြောင်း စကုနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က မင်းဘူးမြို့နယ် ပန်းတောင်းကျေးရွာ အနောက်တောင်ဘက်ရှိ မြင့်မြတ်ချမ်းအေး ကုမ္ပဏီပိုင် ကျောက်မီးသွေး လုပ်ကွက်အတွင်း၌ လူတစ်ဦးသေဆုံးသွားကြောင်း သတင်းအရ မင်းဘူးမြို့နယ် အိုင်းမရဲကင်းစခန်းမှူး ရဲအုပ် ခင်မောင်ဇော် သွားရောက်စစ်ဆေးခဲ့ရာ မြင့်မြတ်ချမ်းအေး ကုမ္ပဏီပိုင် ကျောက်မီးသွေး လုပ်ကွက်အတွင်း ကျောက်မီးသွေးများ သယ်ဆောင်သော ရော်ဘာဇလားကွက်အတွင်းသို့ လင်းနိုင် (၂၆ နှစ်) ကျောက်မီးသွေးတွင်း နေ့စားလုပ်သား ဇဖဲမြို့နယ် သာယာကုန်းကျေးရွာနေသူသည် လိုက်ပါစီးနင်းရာ စတီးသံကြိုးအား ထိန်းထားသည့် လျှပ်တန်းသံချောင်းကျိုးရာမှ ရော်ဘာဇလားကွက်အောက်သို့ ပြုတ်ကျခဲ့၍ လင်းနိုင်တွင် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ မင်းဘူး(စကု)မြို့နယ် စကုနယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မြဝတီမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

သထုံခရိုင်ရဲတပ်ဖွဲ့နှင့် မြဝတီခရိုင်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့ အမှတ်-၃ ရပ်ကွက် ကုန်းမြင့်သာယာလမ်း၌ မျိုးမြင့်အောင် (ခ)ဝတုတ် မောင်းနှင်ပြီး ၎င်း၏ဇနီးဖြစ်သူ မကြည်ပြာ(ခ)မဖြူဖြူ လိုက်ပါလာသည့် မော်တော်ယာဉ် ရောက်ရှိလာ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၊ လက်ကိုင်ဖုန်းလေးလုံးနှင့် ငွေကျပ် ၁၄၅၀၀၀ တို့ကို လည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု-၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ယုန်တောင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည်ကားလမ်း မိုင်တိုင်အမှတ် (၃၀/၃)နှင့် (၃၀/၄)ကြားတွင် ကိုစိုင်း၊ လင်းထွန်းနှင့် မြမောင်တို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် သုံးစီးရောက်ရှိလာ၍ ရှာဖွေရာ ကိုစိုင်း၏မော်တော်ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ လင်းထွန်း၏ မော်တော်ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ မြမောင်ထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၁၇ ရက် ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု-၂၃ တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ တန့်ယန်း-နမ့်မူစယ်ကားလမ်း ဖြူန်းတောင်အနီးတွင် စံမုတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စံမုတ် (၆၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တူးအောင် မောင်းနှင်ပြီး ဇော်ဘောက်အောင်လိုက်ပါလာသည့် မော်တော်ယာဉ် ရောက်ရှိလာ၍ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၆၆ ခွက် (ဘိန်းဖြူ အလေးချိန် သုညဒသမ ၆၉၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တူးအောင်(၂၂ နှစ်)နှင့် ဇော်ဘောက်အောင်(၂၃ နှစ်) **(အောက်ပုံ)** တို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ဖုန်းဆိုင်ဖောက်ထွင်းခိုးယူသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် တပ်ကုန်းမြို့ပေါ်ရှိ လမ်းမတော် သျှားပင်ဆိပ်မီးပွိုင့်အနီး တယ်လီကွန်းစီးတီးဖုန်းဆိုင်တွင် ဇန်နဝါရီ ၁၄ ရက်ညက ဖောက်ထွင်းခိုးယူခံခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်ကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဖြိုးနှင့် ပူးပေါင်းအဖွဲ့များသည် ဖောက်ထွင်းခိုးယူခံရသည့် ပျောက်ဆုံးဖုန်းစာရင်းများကို ဖုန်းပြုပြင်ရောင်းဝယ်ရေးဆိုင်များနှင့် နီးစပ်ရာရဲစခန်းများသို့ ဖြန့်ဝေခဲ့ပြီး ယခင် ပြစ်မှုကျူးလွန်ခဲ့ဖူးသူများအား စောင့်ကြည့်စုံစမ်းခဲ့ရာ ဇန်နဝါရီ ၁၆ ရက် ညနေက စနေမောင်မောင် (၁၇ နှစ်) အနော်ရထာရပ်ကွက်နေသူသည် လမ်းမတော်ရှိ ဖုန်းအရောင်းဆိုင်သို့ ဖုန်းတစ်လုံးအား ငွေကျပ်နှစ်သောင်းဖြင့်လာရောက်ပေါင်နှံနေကြောင်း သိရှိရသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် စနေမောင်မောင်က ဇန်နဝါရီ ၁၄ ရက် ည ၂ နာရီခန့်က တပ်ကုန်းမြို့အနော်ရထာရပ်ကွက်နေသူများဖြစ်သည့် အောင်ကိုထွန်း (၁၇ နှစ်)နှင့် စိုးထက်အောင် (၁၇ နှစ်) တို့နှင့်အတူ လမ်းမတော်ရှိ တယ်လီကွန်းစီးတီးဖုန်းဆိုင်အား ဝင်ရောက်ပြီး ဖုန်းမျိုးစုံ ၁၆ လုံးနှင့် ငွေဖြည့်ကတ်များ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စနေမောင်မောင်ပါ သုံးဦးအား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၂၃ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက် ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ဝ၉၅သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈၈ သန်းခန့် စုစုပေါင်းတားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၈၈၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၇ ရက်က မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်စ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း ၁၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဓာတ်ကြိုး ပြန်လည်တပ်ဆင်နေစဉ် လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားလမ်းမအနီး ဇန်နဝါရီ ၁၈ ရက် နံနက် ၂ နာရီ မိနစ် ၅၀ က လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားလမ်းမဘေးအနီး လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝင်းခိုင် (၃၄ နှစ်) လျှပ်စစ်ဝန်ထမ်း လျှပ်စစ်ရုံးခွဲ လိုင်းခန်းဝန်ထမ်းအိမ်ရာ အေးမေတ္တာ အောင်ချမ်းသာတိုးချဲ့ ၂ ရပ်ကွက် သန်လျင်မြို့နယ်နေသူဖြစ်ပြီး ကျိုက်ခေါက်ဘုရားလမ်းဘေး စကိတ်ကွင်းအနီးရှိ ဓာတ်တိုင်တွင် ၁၈ ကုန်းထိပ်မှ နည်းပညာတက္ကသိုလ်သို့ သွယ်တန်းထားသည့် ဓာတ်ကြိုး (၆၆၀၀ ဗို့အားလိုင်း) ပျက်ကျနေ၍ လျှပ်စစ်ဝန်ထမ်းဖြစ်သူ မောင်မောင်၊ ဆန်းကိုအောင်တို့နှင့်အတူ ပြန်လည်တပ်ဆင်နေစဉ် ဓာတ်လိုက်သေဆုံးသွားခဲ့သဖြင့် သန်လျင်အထွေထွေဆေးရုံသို့ ပေးပို့စစ်ဆေးလျက်ရှိပြီး သန်လျင်မြို့မရဲစခန်းက သေမှုသေခင်း ဖွင့်ထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ဘုရားပွဲလာသူတစ်ဦး၏ ဆွဲကြိုးခိုးယူသူများအား ညတွင်းချင်း ဖမ်းဆီးရမိ

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဗုဒ္ဓမြတ်စွယ်တော်ပွဲတော် ယမန်နေ့ ည ၁၂ နာရီတွင် ဘုရားပွဲလာ မောင်ညီခန့်ဇော် သုံးနှစ်၏ လည်ပင်းတွင် ဝတ်ဆင်ထားသော တစ်ကျပ်သားခန့် ရွှေဆွဲကြိုးတစ်ကုံး ပျောက်ဆုံးသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မြင့်စိုးနှင့်အဖွဲ့က ချက်ချင်းလိုက်လံစုံစမ်းရှာဖွေရာ ည ၁ နာရီခွဲတွင် နတ်တလင်းမြို့ အေးငြိမ်းသာရပ်ကွက် ဘုရင့်နောင်လမ်းနေ ကိုကိုမင်း(ခ)ဖိုးနီ (၂၈ နှစ်)နှင့် ပေါင်းတည်မြို့ ဖိုးသာအောင်ကုန်းအုပ်စု ရှမ်းတောင်ရွာနေ စိုးကျော်(၂၀ နှစ်) တို့ကို သက်သေခံ ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိသဖြင့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပွဲတော်အတွင်းလုံခြုံရေးအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေခဲ့ရာ နတ်တလင်းမြို့နယ် ကံသာအုပ်စု မြို့ခြံရှမ်းစုရွာနေ စောလွင်ဦး (၃၀ နှစ်)ထံမှ ရွှေဆွဲကြိုးအပြတ်တစ်ခု၊ ငွေကျပ် ၁၃၀၀၀ အား လည်းကောင်း၊ နတ်တလင်းမြို့နယ် အေးငြိမ်းသာရပ်ကွက်နေ ငမော့(ခ)မျိုးမင်းအောင် (၂၅ နှစ်)ထံမှ ရွှေဆွဲကြိုးအပိုင်းတစ်ခုနှင့် ကတ်ကြေးအသေးတစ်ခုတို့ကို ဆက်လက်ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ကြို့ပင်ကောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဇေယျာထွန်း( ကြို့ပင်ကောက်)**

# ကသာမြို့နယ်၌ ဘိန်းဖြူ ၁၀၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ဖမ်းမိ

**ကသာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းခွကျေးရွာအနီး မီးရထားသံလမ်းကူးနေရာမှ မူးယစ်ဆေးဝါး ငွေကျပ်သိန်းပေါင်း ၂၉၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု-၆ ကသာမှ ရဲအုပ် ကျော်မင်းထွန်းခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် လမ်းခွကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ အောင်ဇော်မျိုး မောင်းနှင်လာသော ဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၀၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ စုစုပေါင်းကာလတန်ဖိုးငွေကျပ်သိန်း ၂၉၀ အား ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်သူ အောင်ဇော်မျိုး အမှတ်-၉ ရပ်ကွက် ကသာမြို့နေသူအား ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ရဲအုပ်ကျော်မင်းထွန်းထံမှ သိရသည်။

**လူအောင်(ကသာ)**

# နိုင်ဂျီးရီးယားတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လူ ၁၀ ဦးသေဆုံးပြီး ၆၅ ဦးဒဏ်ရာရ

**အဘူဂျာ ဇန်နဝါရီ ၁၈**

ယမန်နေ့က နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့တွင် အသေခံဗုံးဖောက်ခွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးသေဆုံးခဲ့ပြီး ၆၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးတာဝန်ရှိသူများက မကြာသေးမီတွင် ပြောခဲ့သည်။

ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့အစည်းမှ အဖွဲ့ဝင်နှစ်ဦးသည် နိုင်ငံမြောက်ပိုင်း ဘော်နိုပြည်နယ် မိုင်ဒူဂူရီမြို့အစွန်တွင်ရှိသော မူနာဂါရေချ်ဇရီယာရှိ ဈေးတစ်ခုတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ကြီးမားစွာ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း ဘော်နိုပြည်နယ် ရဲချုပ်ဒါမီအန်ချူကူးက ပြောကြားခဲ့သည်။ ပထမပေါက်ကွဲမှုသည် ဈေးအဝင်ပေါက်တွင်ဖြစ်ပွားခဲ့ပြီး ဒုတိယပေါက်ကွဲမှုသည် ဈေးအလယ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပေါက်ကွဲမှုကြောင့် ပစ္စည်းများပြန့်ကျဲကုန်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောခဲ့သည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ပြည်တွင်းဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် မူနာဇရီယာတွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ၁၂ ခုထက်မနည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားသော အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အဆိုပါ နေရာ၌ ၂၀၁၈ခုနှစ်တွင် ဖြစ်ပွားသော ပထမဆုံး အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံအတွင်း ၂၀၀၉ ခုနှစ်မှစကာ ဘိုကိုဟာရမ်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀၀၀၀ ကျော် သေဆုံးခဲ့ပြီး ဒေသခံများသန်းချီ၍ နေရပ်စွန့်ခွာထွက်ပြေးသွားကြကြောင်း သိရသည်။

**ဆင်ဟွာ**



# ယူကရိန်းနိုင်ငံတွင် အအေးလွန်ကဲမှုကြောင့် လူ ၁၀ ဦးထက်မနည်းသေဆုံး

**ကိယက်ဗ် ဇန်နဝါရီ ၁၈**

ယူကရိန်းနိုင်ငံတွင် လွန်ခဲ့သော သုံးရက်အတွင်း နိုင်ငံတစ်ဝန်း ဆီးနှင်းများထူထပ်စွာကျဆင်းပြီး အအေးလွန်ကဲမှုကြောင့် လူ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်း မီဒီယာတစ်ခုတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

သေဆုံးသူများအနက် လေးဦးမှာ နိုင်ငံအနောက်ပိုင်း လာဗစ်ဒေသမှဖြစ်ကြောင်း၊ အခြားနှစ်ဦးမှာ ကိယက်ဗ်မြို့မှဖြစ်ကြောင်း၊ ကျန်လူများမှာ ယူကရိန်းနိုင်ငံအနှံ့အပြားမှ ပြည်သူများဖြစ်ကြောင်း သိရသည်။

သေဆုံးသူအများစုသည် အိမ်ရာမဲ့များဖြစ်ကြကာ ရုတ်တရက်အပူချိန်ကျဆင်းမှုဖြစ်ပွားခြင်း၊ နားခိုစရာမရှိခြင်းတို့ကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယူကရိန်းနိုင်ငံ ဒေသအတော်များများတွင် လွန်ခဲ့သော ရက်သတ္တပတ်က ရေခဲမှတ်အထိ ရှိခဲ့ရာမှ ဇန်နဝါရီ ၁၆၊ ၁၇ ရက်များတွင် အပူချိန်သည် ၁၅ ဒီဂရီဆဲလ်စီးယက်စ်အောက်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

လာမည့်ရက်များတွင် နေရောင်မြင်ရနိုင်သော်လည်း နိုင်ငံသည် နှင်းမုန်တိုင်းဒဏ်ကို နေရာအနှံ့အပြားခံစားနေရကြောင်း မိုးဇလပညာရှင်များက ပြောခဲ့သည်။

လွန်ခဲ့သော ၂၀၁၂ ခုနှစ် အစပိုင်းများတွင် ယူကရိန်းနိုင်ငံတွင် အအေးဒဏ်သင့်ခဲ့ရာ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ပြီး အများစုမှာ လမ်းမများပေါ်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယား၌ ဆက်လက်ထားရှိသွားမည်

**ဒမတ်စကတ် ဇန်နဝါရီ ၁၈**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်သည် အမေရိကန်ပြည်ထောင်စုက ၎င်း၏ တပ်ဖွဲ့ဝင်အင်အားစုများကို ဆီးရီးယား၌ ရှိမြဲအတိုင်းဆက်လက်ထားရှိသွားမည်ဖြစ်သည်ဟု အတိအလင်း ပြောကြားခဲ့ကြောင်းသိရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံအတွင်း၌ အင်အားများဆုံးရှုံးခဲ့ရပြီးဖြစ်ရာ ယင်းဆောင်ရွက်မှုသည် ဆီးရီးယား၌ အီရန်၏လွှမ်းမိုးမှုပိုမိုကြီးထွားလာမှုကို စောင့်ကြည့်သွားရန် ရည်ရွယ်ဟန်ရှိကြောင်း ဖော်ပြထားသည်။

တေလာဆန်သည် ဗုဒ္ဓဟူးနေ့က ကယ်လီဖိုးနီးယားတွင် ပြောကြားခဲ့သည့် မိန့်ခွန်း၌ ယင်းအစီအစဉ်ကို ထုတ်ဖော်ကြေညာခဲ့ကြောင်း သိရသည်။

အမေရိကန်သည် ဆီးရီးယား၌ တပ်ဖွဲ့ဝင်များကို ချထားမြဲအတိုင်း ဆက်လက်ချထားမည်ဖြစ်ပြီး အိုင်အက်စ်အစွန်းရောက်အုပ်စုများ ပြန်လည်ပေါ်ထွက်မလာစေရေးသေချာအောင် အထူးစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်၌ အာဏာလစ်ဟင်းမှုဖြစ်စေခဲ့သည့် အမေရိကန်၏ အမှားမျိုး နောက်ထပ်မမှားအောင် ဆင်ခြင်သွားရန်လိုအပ်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က အမေရိကန်အစိုးရအဖွဲ့သည်အီရတ်တွင် ချထားသည့်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းခဲ့ရာ အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့ကို အသက်ရှင်လွတ်မြောက်ခွင့်ပေးလိုက်သကဲ့သို့ ဖြစ်သွားခဲ့ကြောင်း တေလာဆန်က ပြောကြားခဲ့သည်။

ဆီးရီးယားစစ်ပွဲအတွင်း၌ သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရအဖွဲ့သည် အီရန်နှင့်ရုရှားတို့၏ အကူအညီဖြင့် အင်အားကြီးသည့် အနေအထားကို ရယူခဲ့သည်။

ယင်းနှစ်နိုင်ငံတို့သည် ဆီးရီးယားပဋိပက္ခကို အဖြေရှာရေး ကြိုးပမ်းမှုကို အစပြုရန်လုပ်ဆောင်ခဲ့သည်။

ယင်းအချိန်တွင် အမေရိကန်ပြည်ထောင်စုက ဆီးရီးယားရှိအစိုးရဆန့်ကျင်သည့် အင်အားစုများကို ကူညီအားပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကာဇက်စတန်သို့ ထွက်ခွာလာသည့် ဘတ်စ်ကားမီးလောင်မှုကြောင့် ဥဇဘက်ကစ္စတန်နိုင်ငံသား ၅၀ကျော်သေဆုံး

**အယ်လ်မာတီ ဇန်နဝါရီ ၁၈**

ကာဇက်စတန် အနောက်မြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီးမီးလောင်မှုဖြစ်ပွားခဲ့ရာ ဥဇဘက်ကစ္စတန်နိုင်ငံသား ၅၂ဦးသေဆုံးသွားကြောင်းသိရသည်။ ကားမီးလောင်မှုသည် ရုရှားသို့ ဦးတည်သွားရောက်သည့် ရွှေ့ပြောင်းလုပ်သားများအသုံးပြုသည့်လမ်းကြောင်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ဘတ်စ်ကားသည် ရုရှားနိုင်ငံရှိ Samara နှင့် Ahymkent ကို ဆက်သွယ်ပေးထားသည့် အလွန်ဝေးလံသည့် အက်တိုဘီဒေသအတွင်းရှိ လမ်းပေါ်တစ်လျှောက် မောင်းနှင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘတ်စ်ကားသည် ကာဇက်စတန်တောင်ပိုင်းမှ ရုရှားရှိကာဇန်သို့ ထွက်ခွာလာခဲ့ကြောင်း ကာဇက်အာဏာပိုင်များက ပြောသည်။

မီးစွဲလောင်နေသည့် ကားပေါ်မှ လူငါးဦးသာလွတ်မြောက်အောင်ထွက်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အရေးပေါ်ဌာနက ဖော်ပြခဲ့သည်။ ဘတ်စ်ကားမီးလောင်မှုသည် နံနက် ၁၀နာရီ မိနစ် ၃၀ တွင် ဖြစ်ပွားခဲ့သည်ဟု ဝန်ကြီးဌာနက ပြောကြားသည်။ သို့သော် မီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုဖော်ပြခဲ့ခြင်းမရှိပေ။ ဖြစ်စဉ်၏ အကြောင်းရင်းကို အကြီးတန်းအစိုးရအာဏာပိုင်များက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဘတ်စ်ကားတစ်စီးလုံး ဆိုးဆိုးရွားရွားမီးလောင်သွားသည့်မြင်ကွင်းကို အွန်လိုင်းပေါ်တွင် ဖော်ပြခဲ့သည့်သတင်းဓာတ်ပုံများတွင် တွေ့မြင်ရသည်။ အခင်းဖြစ်ပွားရာသို့ လေယာဉ်တစ်စင်းနှင့် ဆရာဝန်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျိုကိုဝီဒိုဒို အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်

**ဂျကာတာ ဇန်နဝါရီ ၁၈**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ၎င်း၏ အစိုးရအဖွဲ့တွင် ဝန်ကြီးတစ်ဦးနှင့် အခြားအဆင့်မြင့်အရာရှိများကို ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းသည် ၎င်းအနေဖြင့် ၂၀၁၄ ခုနှစ် သမ္မတဖြစ်လာသည့် အချိန်မှစကာ တတိယအကြိမ်မြောက် ပြောင်းလဲခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဝီဒိုဒိုအနေဖြင့် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများကို ၂၀၁၅ ခုနှစ် ဩဂုတ်လက တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် ဇူလိုင်လက တစ်ကြိမ် အသီးသီးပြုလုပ်ခဲ့ကြောင်း သိရသည်။

ပထမဆုံးအကြိမ်ပြောင်းလဲမှုတွင် ဝန်ကြီးခြောက်ဦး နေရာအပြောင်းအလဲဖြစ်ခဲ့ပြီး ဒုတိယတစ်ကြိမ်ပြောင်းလဲမှုတွင် ၁၂ နေရာ အပြောင်းအလဲဖြစ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### အမေရိကန်ဗုံးကြဲလေယာဉ် သုံးမျိုးကို ဂူအမ်၌ ဖြန့်ကြက်

**ဂူအမ် ဇန်နဝါရီ ၁၈**

အမေရိကန်တပ်မတော်သည် မဟာဗျူဟာကျသည့် အမေရိကန်ဗုံးကြဲလေယာဉ်အမျိုးအစားသုံးမျိုးကို ပစိဖိတ်ကျွန်းဖြစ်သည့် ဂူအမ်၌ ဖြန့်ကြက်ချထားခဲ့ကြောင်း သိရသည်။ အမေရိကန်ပစိဖိတ်လေကြောင်းအင်အားစုများသည် B-52 ဗုံးကြဲလေယာဉ်ခြောက်စင်းနှင့် တပ်ဖွဲ့ဝင် ၃၀၀ တို့ကို အန်ဒါဆန်လေတပ်အခြေစိုက်စခန်းသို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း အင်္ဂါနေ့က ကြေညာခဲ့သည်။

B-1 ဗုံးကြဲလေယာဉ်ခြောက်စင်းနှင့် B-2 ဗုံးကြဲလေယာဉ်သုံးစင်းတို့ကိုလည်း လေတပ်အခြေစိုက်စခန်း၌ တပ်ဖြန့်ချထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။ B-52 လေယာဉ်များကို ပစိဖိတ်ဒေသအတွင်းရှိအမေရိကန်တပ်မတော်၏ မဟာဗျူဟာကျသည့် ဂူအမ်ရှိ B-1 ဗုံးကြဲလေယာဉ်များနေရာတွင် အစားထိုးသွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

ဂူအမ်၌ ပြီးခဲ့သည့် ၂၀၁၆ ဩဂုတ်လတွင် မဟာဗျူဟာကျသည့် ဗုံးကြဲလေယာဉ်သုံးမျိုးကို နောက်ဆုံးချထားမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်တပ်မတော်သည် နောက်ဆုံးဖြန့်ကြက်ခဲ့မှုကို ဒေသတွင်းရှိ ၎င်း၏ မဟာမိတ်များအား တာဝန်ကျေပွန်မှုကိုပြသသည့် ဆောင်ရွက်မှုအဖြစ် ဖော်ပြခဲ့သည်။ ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်မှုသည် အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့အား ဟန့်တားနိုင်စွမ်းရှိမှုကို ဖော်ထုတ်ပြသလိုက်သည့် အပြုအမူတစ်ခုဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပင်လယ်ပြင်ကို ခြိမ်းခြောက်လျက်ရှိသည့် ကမ္ဘာ့အဆိုးရွားဆုံး ရေနံတင်သင်္ဘောကြီးများ နစ်မြုပ်မှု

**ခြူးစန္ဒီနွေး**



Exxon Valdez ရေနံတင်သင်္ဘောမြုပ်ပြီးနောက် ကမ်းခြေတွင် တင်ကျန်ရစ်ခဲ့သော ရေနံအညစ်အကြေးများကို ဆေးကြောသန့်စင်ကြစဉ်။

**တစ်ပတ်ကြာ ပင်လယ်ပြင်မှာ မီးလောင်ကျွမ်းခဲ့**

ဒီသီတင်းပတ်အတွင်းမှာနိုင်ငံတကာသတင်းစာမျက်နှာမှာ နေရာယူထားနိုင်တဲ့ သတင်းကတော့ အရှေ့တရုတ်ပင်လယ်ပြင်မှာ အီရန်ရေနံတင်သင်္ဘော နစ်မြုပ်သွားခြင်းပဲဖြစ်တယ်။ ဆန်ချီလို့ခေါ်တဲ့ ရေနံတင်သင်္ဘော နစ်မြုပ်မှုဟာ ဆယ်စုနှစ် နှစ်ခုစာအတွင်း အဆိုးရွားဆုံးသော ရေနံတင်သင်္ဘော နစ်မြုပ်မှုပဲဖြစ်တယ်။ ၁၉၉၁ ခုနှစ်က ABT ရေနံတင်သင်္ဘော နစ်မြုပ်မှုကြောင့် ပင်လယ်ထဲသို့ ရေနံတန်ချိန်ပေါင်း ၂၆၀၀၀၀ ခန့်စီးဝင်သွားခဲ့ပါတယ်။ အခုတစ်ဖန် ဆန်ချီလို့ခေါ်တဲ့ ရေနံတင်သင်္ဘောဟာလည်း ရေနံတန်ချိန်ပေါင်း ၁၃၆၀၀၀ ကို တင်ဆောင်လာခဲ့ရင်း နစ်မြုပ်ခဲ့တာပဲဖြစ်တယ်။ ဇန်နဝါရီလ ခြောက်ရက်နေ့က ကုန်တင်သင်္ဘောနဲ့ တိုက်မိပြီး ပင်လယ်ပြင်မှာ မီးလောင်ကျွမ်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ ဆန်ချီလို့ခေါ်တဲ့ သင်္ဘောဟာ ပင်လယ်ပြင်မှာ တစ်ပတ်တိတိ အပြင်းအထန် မီးလောင်ကျွမ်းပြီး ကောင်းကင်တစ်ခုလုံးကို မီးခိုးတွေနဲ့ လွှမ်းခြုံသွားစေပြီးတဲ့နောက်မှာတော့ နစ်မြုပ်သွားခဲ့ပါပြီ။

ဒီသင်္ဘောမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ သင်္ဘောသားတွေအားလုံးဟာလည်း သေဆုံးကုန်ပြီလို့ ယူဆရပါတယ်။ အခုလက်ရှိမှာ သုံးဦးရဲ့ အလောင်းကိုတော့ တွေ့ရှိပြီးပါပြီ။ သင်္ဘောပေါ်မှာ တင်ဆောင်လာတဲ့ ရေနံတွေဟာလည်း ပင်လယ်ပြင်ထဲကို စီးဝင်ကုန်ပါတယ်။ ရေနံယိုဖိတ်တဲ့ ရေပြင်ပမာဏဟာလည်း တဖြည်းဖြည်း ကြီးသထက်ကြီးလာတယ်။ ရေနံယိုဖိတ်တဲ့ ရေပြင်ဟာ ၂၅ စတုရန်းမိုင် ကျယ်ပြန့်တယ်။ အရင်နေ့တွေထက်စာရင် ပိုပိုပြီး ကျယ်ပြန့်လာတယ်။ လေပြင်းတိုက်ခတ်မှုကြောင့်လည်း ဒီရေနံနဲ့ ဓာတုစွန့်ပစ်ပစ္စည်းတွေဟာ ဂျပန်နိုင်ငံ နာဟာမြို့ဘက်ကို စီးနေတယ်။

**ငှက်တွေရဲ့ ရှင်သန်မှုကိုပါ ခြိမ်းခြောက်လျက်ရှိ**

ဒီလိုမျိုး ရေနံလောင်စာဆီတွေ ရေပြင်ပေါ်မှာ ပျံ့နှံ့မှုကြောင့် ပင်လယ်ရေနေသတ္တဝါတွေရဲ့ရှင်သန်မှုဟာ အန္တရာယ်တွေနဲ့ ကြုံတွေ့နေရတယ်။ ရေနေသတ္တဝါတွေရဲ့ ဘဝအပြင် ပင်လယ်ငှက်တွေရဲ့ ရှင်သန်နေထိုင်မှုကိုပါ ခြိမ်းခြောက်လျက်ရှိတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေနဲ့ ပင်လယ်ပြင်ကျွမ်းကျင်သူတွေ စိုးရိမ်နေရတဲ့ အဓိကအချက်လည်းဖြစ်တယ်။ နောက်ထပ် စိုးရိမ်စရာတစ်ခုကတော့ ရေနံစွန့်ပစ်ပစ္စည်းတွေပါ ပင်လယ်ထဲကို ရောက်ရှိသွားရင် ပင်လယ်ရေနေသတ္တဝါတွေ အဆိပ်သင့်ကုန်မှာပါပဲ။ အရှေ့တရုတ်ပင်လယ်မှာရှိတဲ့ ရေအောက်ဂေဟစနစ်ကို ပျက်စီးနိုင်တယ်လို့ သတိပေးမှုတွေ ထုတ်ပြန်ထားပါတယ်။

**ရေနေသတ္တဝါတွေ အဆိပ်သင့်ကုန်တော့မှာလား**

အရှေ့တရုတ် ပင်လယ်ဟာ ပင်လယ်ကူးသင်္ဘောကြီးတွေ အဓိကဖြတ်သန်းရာ နေရာလည်းဖြစ်တယ်။ အခု ရေနံတင်သင်္ဘောမှောက်တဲ့ နေရာဟာ ငါးတွေ အဓိကဥချတဲ့နေရာလည်း ဖြစ်တယ်။ ဒါ့အပြင် ငါးကွန်းရှပ်၊ ပုစွန်လုံး၊ အခြား စားသုံးလို့ရတဲ့ ရေနေသတ္တဝါတွေ ဆောင်းတွင်းမှာ လာရောက်ခိုလှုံနေထိုင်ရာ နေရာလည်းဖြစ်တယ်။ ဝေလငါးကဲ့သို့ အခြားသော နို့တိုက်ရေနေသတ္တဝါတွေ ဖြတ်သန်းသွားလာရာလမ်းကြောင်းလည်းဖြစ်တယ်။ ဒီရေနေတိရစ္ဆာန်တွေအားလုံး အဆိပ်သင့်ကုန်မှာလားဆိုပြီး ပင်လယ်ပြင်ကျွမ်းကျင်သူတွေက စိုးရိမ်ပူပန်နေကြတယ်။ ရေနံစည်ပေါင်း တစ်သန်းကျော် တင်ဆောင်လာတဲ့ အဲဒီသင်္ဘော တိမ်းမှောက်သွားတဲ့ အခါမှာတော့ ပင်လယ်ပြင်ဟာ ညစ်ထေးသွားခဲ့ပါတယ်။ ရေပြင်မှာလည်း ရေနံတွေ ရောယှက်နေပြီး ရေနေသတ္တဝါတွေ ပျက်စီးဖို့ လမ်းစသဖွယ် ဖြစ်နေခဲ့တယ်။ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ လောင်ကျွမ်းနေတဲ့ မီးဟာဆိုရင် တနင်္လာနေ့မှာ ငြိမ်းသွားခဲ့တယ်လို့ ဂျပန်ကမ်းခြေစောင့်တပ်က ပြောပါတယ်။ ရေနံတွေ ယိုဖိတ်မှုဟာ ကမ်းရိုးတန်းဆီကို ရောက်လာခဲ့ရင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှာဖြစ်ပေမယ့် ဂျပန်ကမ်းခြေကို ရောက်လာဖို့တော့ အလားအလာနည်းပါးတယ်လို့ ပင်လယ်ပြင်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနကို ပြောခဲ့ပါတယ်။ ဂျပန်ကမ်းခြေစောင့်တပ်ရဲ့ အဆိုအရတော့ ရေနံပျံ့နှံ့မှုဧရိယာဟာ ၁၃ ကီလိုမီတာ အရှည်ရှိပြီး ၁၁ ကီလိုမီတာ အကျယ်ရှိတယ်လို့ သိရပါတယ်။ ရာသီဥတုအခြေအနေကြောင့် ရေနံယိုဖိတ်စီးဆင်းမှု လမ်းကြောင်း ပြောင်းသွားမှု ရှိ မရှိကို သတိထားစောင့်ကြည့်ဖို့လိုတယ်လို့ ဂျပန်ကမ်းခြေစောင့်တပ်က ပြောတယ်။ လက်ရှိမှာတော့ သင်္ဘောတိမ်းမှောက်ရာနေရာနဲ့ ကွာဝေးပြီး ပင်လယ်ရေကြောင်းဟာ မြောက်ဘက်ကို ဦးတည်နေတဲ့အတွက် ရေနံနဲ့ ဓာတုပစ္စည်းတွေ ဂျပန်ကမ်းရိုးတန်းဘက်ကို ရောက်လာဖို့ အလားအလာနည်းပါတယ်။

**အသက်ရှင်သန်နိုင်ခြေနည်းပါး**

အလာစကာတက္ကသိုလ်က ပင်လယ်ပြင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကတော့ ရေနံတန်ချိန် ခြောက်သောင်းကနေ ကိုးသောင်းလောက်အထိ ပင်လယ်ပြင်ထဲ စီးဝင်သွားတယ်လို့ AP သတင်းဌာနကို ပြောခဲ့ပါတယ်။ တကယ်တော့ ဒါဟာ အင်မတန်မှများပြားတဲ့ ပမာဏလည်းဖြစ်တယ်။ ၁၉၈၉ ခုနှစ်က အလာစကာကမ်းရိုးတန်းမှာ ဖြစ်ပွားခဲ့တဲ့ Exxon Valdez ရေနံတင်သင်္ဘော တိမ်းမှောက်မှုနဲ့ ယှဉ်ရင်တောင် ပိုမိုများပြားတဲ့ပမာဏလို့ ဆိုလို့ရပါတယ်။ ဆန်ချီသင်္ဘောမှာ တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားခဲ့တဲ့ သင်္ဘောသားတွေအတွက် အီရန်အစိုးရက တနင်္လာနေ့မှာ နိုင်ငံအတွက် ဝမ်းနည်းကြေကွဲရတဲ့နေ့လို့ ကြေညာခဲ့ပါတယ်။ သူတို့ရဲ့ တာဝန်ကို ထမ်းဆောင်ရင်း သေဆုံးသွားတဲ့အတွက် ရဲရင့်တဲ့ သင်္ဘောသားတွေလို့ ဂုဏ်ပြုခဲ့ပါတယ်။ အီရန်ဒုတိယသမ္မတကတော့ ကျန်ရှိနေတဲ့ သင်္ဘောသား ၂၉ ဦးရဲ့ အလောင်းရှာဖွေမှုကို ရပ်တန့်လိုက်ပြီလို့ ပြောပါတယ်။ သင်္ဘောတိုက်မိပြီးတဲ့နောက် ပေါက်ကွဲမှုဖြစ်ပြီး အဆိပ်ရှိတဲ့ ဓာတ်ငွေ့တွေ ထွက်လာတဲ့အတွက်ကြောင့် သင်္ဘောသားတွေ အသက်ရှင်သန်ဖို့ဆိုတာ ဖြစ်နိုင်ခြေနည်းပါးပါတယ်။ ဒါပေမယ့်လည်း သူတို့ရဲ့ အလောင်းကို ဆက်လက်ရှာဖွေပေးပါ့မယ်လို့ ဒုတိယသမ္မတက ပြောခဲ့ပေမယ့် ကံမကောင်းစွာဘဲ သင်္ဘောဟာ နစ်မြုပ်သွားပြီဖြစ်တဲ့အတွက် အလောင်းတွေ ရှာဖွေတွေ့ရှိဖို့ဆိုတာတော့ မဖြစ်နိုင်တော့ပါဘူး။ သေဆုံးသွားတဲ့ သင်္ဘောသား ၃၀ ဟာ အီရန်နိုင်ငံသားတွေဖြစ်ပြီး နှစ်ဦးကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေ ဖြစ်တယ်။ ပင်လယ်ပြင်မှာ ဘာကြောင့် သင်္ဘောနှစ်စင်း ဒီလိုမျိုးတိုက်မိရတာလဲ ဆိုတာကိုတော့ အာဏာပိုင်တွေအခုထက်ထိ တိုင်အောင် မသိသေးပါဘူး။

**ကမ္ဘာ့အဆိုးရွားဆုံးသော ရေနံတင်သင်္ဘော တိမ်းမှောက်မှုများ**

အခုဖြစ်ရပ်လိုပါပဲ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးသော ရေနံတင်သင်္ဘော တိမ်းမှောက်မှုတွေရှိပါတယ်။ ၁၉၆၇ ခုနှစ်က Torrey Canyon ရေနံတင်သင်္ဘော တိမ်းမှောက်ခဲ့ပါတယ်။ အဲဒီသင်္ဘောဟာ အဲဒီအချိန်ကာလတုန်းက အကြီးဆုံးရေနံတင်သင်္ဘောဖြစ်ပြီး ရေနံတန်ချိန် ခြောက်သောင်းအထိ တင်ဆောင်နိုင်အောင် ဆောက်လုပ်ထားပါတယ်။ တကယ်တမ်း တင်နိုင်ဝန်အားကတော့ တစ်သိန်းနှစ်သောင်းအထိ တင်ဆောင်လို့ရအောင် ကျယ်ဝန်းပါတယ်။ တိမ်းမှောက်သွားတဲ့အခါမှာတော့ ၂၇၀ စတုရန်းမိုင်အထိ ရေနံတွေ ယိုဖိတ်ခဲ့ပြီး ဂါလန် ၂၅ သန်းကနေ ၃၆ သန်းအထိ ယိုဖိတ်ခဲ့ပါတယ်။ ပင်လယ်ငှက်နဲ့ ရေနေသတ္တဝါ တစ်သိန်းခွဲခန့် သေဆုံးခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ၁၉၇၂ ခုနှစ်က Sea Star လို့ခေါ်တဲ့ သင်္ဘောတိမ်းမှောက်မှုပါပဲ။ အိုမန်ပင်လယ်ကွေ့မှာ မှောက်ခဲ့ပြီး ရေနံဂါလန် ၃၅ ဒသမ ၃ သန်း ယိုဖိတ်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ Haven ရေနံတင်သင်္ဘော တိမ်းမှောက်မှုဖြစ်ပြီး ၁၉၉၁ ခုနှစ် ဧပြီလက ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ အီတလီနိုင်ငံ Genoa မှာ ဖြစ်ပွားခဲ့ပြီး ရေနံဂါလန်ပေါင်း ၄၅ သန်း ယိုဖိတ်ခဲ့ပါတယ်။ လူခြောက်ဦး သေဆုံးခဲ့ပါတယ်။ အဲဒီသင်္ဘောက ရေနံနဲ့ စွန့်ပစ်ဓာတုပစ္စည်းတွေဟာ မြေထဲပင်လယ်ထဲမှာ ၁၂ နှစ်ကျော်ကြာတဲ့အထိ ကျန်ရှိနေဆဲဖြစ်တယ်။ နောက်တစ်ခုကတော့ ABT သင်္ဘောမှောက်မှုပဲဖြစ်ပြီး ၁၉၉၁ ခုနှစ် မေလအတွင်းမှာ ဖြစ်ပွားခဲ့ပါတယ်။ အန်ဂိုလာကမ်းရိုးတန်းမှာ ဖြစ်ပွားခဲ့တာဖြစ်တာဖြစ်ပြီး ဂါလန် ၈၁ သန်း ယိုဖိတ်ခဲ့ပါတယ်။ သင်္ဘောသား ၃၂ ဦးလုံး သေဆုံးခဲ့ရပါတယ်။ သင်္ဘောမနစ်မြုပ်ခင် သုံးရက်တိုင်တိုင် မီးလောင်ကျွမ်းခဲ့ပါတယ်။ နောက်ထပ်တစ်ခုကတော့ ကူဝိတ်နိုင်ငံ ပါရှန်းပင်လယ်ကွေ့မှာ နစ်မြုပ်ခဲ့တဲ့ သင်္ဘောပဲဖြစ်တယ်။ အဲဒီသင်္ဘောဟာ ဂါလန် သန်း ၃၈၀ ကနေ ၅၂၀ ထိ ယိုဖိတ်မှု ဖြစ်ပွားခဲ့တာပဲဖြစ်တယ်။ ပင်လယ်ရေပြင်မှာ အထူလေးလက်မလောက်ရှိတဲ့ ရေနံအညစ်အကြေးတွေဟာ ပါရှန်းပင်လယ်ကွေ့မှာ စတုရန်းမီတာ လေးထောင်ခန့်ထိ ဖုံးလွှမ်းသွားပါတယ်။ ဒီဖြစ်ရပ်တွေအပြင် နောက်ထပ်ဖြစ်ရပ်တွေလည်း အများကြီးရှိပါသေးတယ်။ ဒါတွေအားလုံးကတော့ ရေနေသတ္တဝါတွေရဲ့ ရှင်သန်နေထိုင်မှုကို ခြိမ်းခြောက်နေတဲ့ ရေနံယိုဖိတ်မှုတွေပဲဖြစ်တယ်။ ပင်လယ်ပြင်မှာ ရေနံတင်သင်္ဘောတွေ တိမ်းမှောက်တဲ့အခါ ရေနံတွေ ဆုံးရှုံးသွားရတာထက် ပိုပြီးနစ်နာရတာကတော့ ရေနေသတ္တဝါတွေ သေဆုံးရတာအပြင် ရေအောက်ဂေဟစနစ်ကိုပါ ပျက်စီးရတာပါပဲ။ ။

**ကိုးကား- ရိုက်တာ၊ နယူးယောက်တိုင်းမ်**

"ဒီလိုမျိုးရေနံလောင်စာဆီတွေ ရေပြင်ပေါ်မှာ ပျံ့နှံ့မှုကြောင့် ပင်လယ်ရေနေသတ္တဝါတွေရဲ့ ရှင်သန်မှုဟာ အန္တရာယ်တွေနဲ့ ကြုံတွေ့နေရတယ်။ ရေနေသတ္တဝါတွေရဲ့ဘဝအပြင် ပင်လယ်ငှက်တွေရဲ့ ရှင်သန်နေထိုင်မှုကိုပါ ခြိမ်းခြောက်လျက်ရှိ"

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(စ) မည်သူမဆို ကုမ္ပဏီတစ်ခု ဖွဲ့စည်းတည်ထောင်သည့် သက်သေခံလက်မှတ် သို့မဟုတ် မိတ္တူ သို့မဟုတ် ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရှိရမည့် အခြားစာရွက်စာတမ်း၏ ကောက်နုတ်ချက် သို့မဟုတ် အခြားစာရွက်စာတမ်း၏ မည်သည့်အစိတ်အပိုင်းကိုမဆို ပြည်ထောင်စုဝန်ကြီးကသတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကိုပေးသွင်း၍ မှတ်ပုံတင်အရာရှိက မိတ္တူ မှန်ကန်ကြောင်း အထောက်အထားပြုသည့် စာရွက်စာတမ်းမိတ္တူ သို့မဟုတ် ကောက်နုတ်ရယူလိုသည့် အချက်အလက်မိတ္တူကို ရယူနိုင်သည်။

(ဆ) သိသာထင်ရှားသော မှားယွင်းချက်မှလွဲ၍ ပုဒ်မ ၄၂၂ နှင့် ၄၂၃ တို့တွင် မှားယွင်းမှုအားပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှားယွင်းသည့် အချက်ကို ဖော်ပြ၍ ပုဒ်မခွဲ (စ) အရ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ထုတ်ပေးသည့် စာရွက်စာတမ်းတစ်ရပ်ကို တရားစစ်ဆေးစီရင်ဆောင်ရွက်မှု တစ်ရပ်ရပ်တွင် မူလစာရွက်စာတမ်းကဲ့သို့ တရားဝင်သည့် သက်သေခံချက်အဖြစ် လက်ခံဆောင်ရွက်ရမည်။

**မှတ်ပုံတင်စာရင်း၏ မှားယွင်းမှုများကို ပြင်ဆင်ခြင်း**

၄၂၂။ (က) မှတ်ပုံတင်အရာရှိသည်-

(၁) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်စာရင်းတွင် အချက်အလက် တစ်ရပ်ရပ်ကိုမှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် ချန်လှပ်ထားကြောင်းသိရှိလျှင် ဤဥပဒေအရ ၎င်းက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းတစ်ခုကိုပြင်ဆင်နိုင်သည် သို့မဟုတ်

(၂) ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် မှားယွင်းမှုကြောင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မမှန်မကန် ရေးသွင်းမိကြောင်း ၎င်းကသိရှိလျှင် ထိုအချက်အလက်များကို ပြင်ဆင်နိုင်သည် သို့မဟုတ်

(၃) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိက ကုမ္ပဏီနှင့်ဆွေးနွေးပြီးနောက် ကုမ္ပဏီ၏ ရုံးလုပ်ငန်းဆိုင်ရာ မှားယွင်းမှုကြောင့် ကုမ္ပဏီတွင်ထိန်းသိမ်းထားရှိသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် ထိုမှားယွင်းမှုကိုပြင်ဆင်ခြင်းသည် အခြားသူတစ်ဦးဦးကို ထိခိုက်စေနိုင်မည် မဟုတ်ကြောင်းတွေ့ရှိရလျှင် ကုမ္ပဏီက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းပါ ဖော်ပြချက်များကို မှန်ကန်စွာပြင်ဆင်စေရန် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်း တစ်ရပ်ကို ပြင်ဆင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် -

(၁) လျှောက်ထားချက်ကို အဆိုပါကုမ္ပဏီနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါ လျှောက်ထားချက်၏ အသေးစိတ်အချက်အလက်များကိုဖော်ပြ၍ ကုမ္ပဏီသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်။

(၂) ပေါင်းနှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်အား ပြုလုပ်ခြင်းဖြစ်လျှင် ၎င်းတို့နှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအားပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါလျှောက်ထားချက်၏ အသေးစိတ်အချက်အလက်များကိုဖော်ပြ၍ ပေါင်းနှံခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်။ ၎င်းအပြင်

(၃) အောက်ပါအချက်အလက်များပါရှိသော အကြောင်းကြားစာကို အများပြည်သူသိရှိရန် ထုတ်ပြန်ရမည် -

(ကက) လျှောက်ထားသူ၏အမည်၊

( ခခ ) ကုမ္ပဏီ၏အမည်၊

( ဂဂ ) မှတ်ပုံတင်စာရင်းတွင် ပြုလုပ်ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များနှင့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များနှင့်

(ဃဃ) အဆိုပြုထားသည့် ပြင်ဆင်ချက်ကို စာဖြင့်ရေးသားကန့်ကွက်နိုင်ကြောင်းသတ်မှတ်သည့် နေ့ရက်တစ်ရက်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုနေ့ရက်သည် အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၈ ရက်ထက်နောက်မကျသည့် နေ့ရက်တစ်ရက်ရက် ဖြစ်စေရမည်။

(ဂ) မည်သူမဆို အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့် ရေးသားကန့်ကွက်ချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃)၊ ပုဒ်မခွဲငယ်စိပ်(ဃဃ) နှင့်အညီ သတ်မှတ်ထားသည့် နေ့ရက်ထက် နောက်မကျစေဘဲ ပေးပို့နိုင်ပြီး မှတ်ပုံတင်အရာရှိသည် အဆိုပါ ကန့်ကွက်ချက်၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် လျှောက်ထားသူထံသို့ ပေးပို့ရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသည့် နေ့ရက်တွင် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသား ကန့်ကွက်ချက် တစ်ရပ်ကို လက်ခံရရှိခဲ့ပြီးထိုကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းထားခြင်း မရှိကြောင်းတွေ့ရှိရလျှင် ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ်(၁)အရ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ခြင်းမပြုရ။

**တရားရုံး၏ အခွင့်အာဏာများ**

၄၂၃။ (က) မှတ်ပုံတင်အရာရှိသည် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသား ကန့်ကွက်ချက်တစ်ရပ်ကို ပုဒ်မ ၄၂၂၊ ပုဒ်မခွဲ(ဂ) အရ လက်ခံရရှိခဲ့ပါကမှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်အတွက် လျှောက်ထားသူသည် အဆိုပါ ပြင်ဆင်လိုမှုအတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားမှုအား ပြုလုပ်ရာတွင်-

(၁) လျှောက်ထားသူသည် အဆိုပါလျှောက်ထားမှုအား မှတ်ပုံတင်အရာရှိထံသို့ ဆောလျင်စွာအသိပေးအကြောင်းကြားရမည်။ ၎င်းအပြင်

(၂) မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားမှုနှင့် စပ်လျဉ်း၍ တရားရုံးသို့ တက်ရောက် ကြားနာနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အချက်အလက်တစ်ရပ်ရပ်ကို မှတ်ပုံတင်စာရင်းတွင် မှားယွင်း၍ရေးသွင်းထားကြောင်း သို့မဟုတ် မှားယွင်း၍ချန်လှပ်ထားကြောင်း တွေ့ရှိခဲ့လျှင် အဆိုပါမှတ်ပုံတင်စာရင်းအား ပြင်ဆင်ဆောင်ရွက်ရန်အတွက် အမိန့် တစ်ရပ် ချမှတ်နိုင်သည်။

**မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့် စာရွက်စာတမ်းများအတွက် လျှောက်လွှာပုံစံ**

၄၂၄။ (က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံဖြင့် တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းတစ်ရပ်ရပ်သည်-

(၁) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို ဤဥပဒေအရ ပြုလုပ်သည့်စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်ဖြင့် သတ်မှတ်ဖော်ပြခဲ့လျှင်-

(ကက) အဆိုပါသတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံအတိုင်း ဖြစ်စေရမည်။

( ခခ ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သော ကိစ္စရပ်များပါဝင်စေရမည်။ ၎င်းအပြင်

( ဂဂ ) လျှောက်လွှာပုံစံတွင် လိုအပ်သော အခြားအချက်အလက်များကို ပူးတွဲ ပါရှိစေရမည်။ သို့မဟုတ်

(၂) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်ဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို အတည်ပြုသတ်မှတ်ထားပါက-

(ကက) အဆိုပါ အတည်ပြုထားသည့် လျှောက်လွှာပုံစံအတိုင်း ဖြစ်စေရမည်၊

(ခခ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သော ကိစ္စရပ်များ ပါဝင်စေရမည်။ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သော အခြားအချက်အလက်များကို ပူးတွဲပါရှိစေရမည်။

(ခ) ဤဥပဒေအရတင်ပြလာသည့် စာရွက်စာတမ်းတစ်ရပ်ရပ်သည် ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ရမည်ဖြစ်ပြီး ယင်းကို ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာမရှိပါက သက်ဆိုင်သည့် လျှောက်လွှာပုံစံနှင့်အတူ တင်ပြလာသည့် စာရွက်စာတမ်းနှင့် အခြားအချက်အလက်များသည်လည်း ဤဥပဒေအရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်တွင် ပါဝင်သည်။

(ဂ) အကယ်၍ -

(၁) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့်စာရွက်စာတမ်း တစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံဖြင့် တင်ပြရန် လိုအပ်ခဲ့လျှင်၊ ၎င်းအပြင်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်က စာရွက်စာတမ်းတွင် ပါဝင်ရမည့် သို့မဟုတ် ထိုစာရွက်စာတမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် အခြား အချက်အလက်များတွင်ပါဝင်ရမည့် သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြား ကိစ္စရပ်များကို သတ်မှတ်ဖော်ပြနိုင်ရန်အတွက် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကို သတ်မှတ်ထား လျှင် သို့မဟုတ် ပြုလုပ်ထားလျှင်၊

အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (က) အရ ဆောင်ရွက်မှုများကို ထုတ်ပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေရ။ ၎င်းအပြင် ထိုသို့ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံသည် ယင်းတွင်ပါဝင်ရမည့် အချက်အလက်များနှင့် ယင်းနှင့်အတူ ပူးတွဲဖော်ပြရမည့် အချက်အလက်များကိုလည်း ပါရှိစေနိုင်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

---

## ဘားအံမြို့၌ ဘိုးဘွားရိပ်သာဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းပြီး

**ဘားအံ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် စက်မှုဇုန်နယ်မြေ ငြိမ်းချမ်းသာယာကျေးရွာ၌ ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လျက်ရှိသော ဘိုးဘွားရိပ်သာသည် ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါဘိုးဘွားရိပ်သာကို ပြည်နယ် အစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ စုပေါင်းပြီး ရရှိသောငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိရာ စတင်ဆောက်လုပ်သည့်အချိန်မှစ၍ ယနေ့အချိန်အထိ ငွေကျပ်သိန်း ၁၈၀၀ ခန့် ကုန်ကျနေပြီး ဖြစ်ကြောင်း သိရသည်။



"အဆောက်အအုံတွေ အကုန်လုံး ပြီးသွားပါက ဘိုးဘွားတွေကို ပြုစုစောင့်ရှောက်ဖို့အတွက် ကော်မတီဖွဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပြုစုစောင့်ရှောက်ဖို့ လိုအပ်တဲ့ ဘိုးဘွားတွေကို စိစစ်ပြီး လက်ခံသွားမှာပါ၊ ပြုစုစောင့်ရှောက်ဖို့လိုအပ်တဲ့ ဘိုးဘွားတွေရှိပါက ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနသို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါတယ်" ဟု ဦးဇော်မင်းက ပြောပြသည်။

ယင်းရိပ်သာတွင် အဘိုးအဘွားများ ၅၀ ခန့်ကို ပြုစုစောင့်ရှောက်မှု ပြုလုပ်ပေးနိုင်ရန် လျာထားကြောင်း၊ ကရင်ပြည်နယ်တစ်ခုလုံးအနေဖြင့် အသက် ၉၀ နှင့် အထက် အဘိုးအဘွား ၉၂၇ ဦးရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

---

## တောင်သူပညာပေးစိုက်ပျိုးရေးသင်တန်းနှင့် လက်တွေ့ကွင်းဆင်း သရုပ်ပြ

**မိုင်းဖြတ် ဇန်နဝါရီ ၁၈**

တောင်သူပညာပေးစိုက်ပျိုးရေးသင်တန်းနှင့် ကွင်းလက်တွေ့ပြပွဲကို ဇန်နဝါရီ ၁၄ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာအုပ်စု ပါဆန်းကျေးရွာ၌ ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်နှင့် တာချီလိတ်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းလွင်တို့က အမှာစကားများပြောကြားပြီး သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအကြောင်း ပညာပေးသင်တန်းပို့ချပေးခဲ့သည်။

ဆက်လက်၍ နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိသည့် နွေစပါး (SRI) စနစ်ပျိုးထောင်နည်း ဆန်ခါပိုက်ဖြင့် ပျိုးထောင်နည်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က (SRI) စိုက်ပျိုးနည်းစနစ်အကြောင်း လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

---

## ယာဉ်အန္တရာယ်နှင့် မူခင်း ကျဆင်းရေး ဟောပြော

**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၃) အထက်တန်းကျောင်း၌ ဇန်နဝါရီလ ၁၅ ရက်နေ့က ယာဉ်အန္တရာယ်နှင့် မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်မှူး ရဲမှူးငွေတင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရန်နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးခြင်း၊ ကျောင်းသူ ကျောင်းသားများ မူးယစ်ဆေးဝါးကင်းစင်ရေး၊ သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်အလက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

---

## သောက်သုံးရေဖူလုံစေရန် ဆည်ရေတင်လုပ်ငန်းဖွင့်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆူးဖြူကုန်းကျေးရွာအုပ်စု ယာကြီး တောကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ဆည်ရေတင်ဖွင့်ပွဲကို ဇန်နဝါရီလ ဒုတိယပတ်က အဆိုပါကျေးရွာ ရေစုကန်များအနီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ယာကြီးတောကျေးရွာနေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာနှင့် ပေ ၃၀၀၀ ကျော် ဝေးကွာသည့် သနပ်ပင်ဆည်မှ သုံးလက်မ ရေပိုက်ဖြင့် ရေသွယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းတွင် သုံးလက်မရေပိုက်ဖြင့် ပေ၃၀၀၀ ကျော်ရေသွယ်ယူခြင်းနှင့် အလျားပေ ၂၀ × အနံ ၈ ပေနှင့်အမြင့် ၅ ပေရှိ ရေ ဂါလန် ၅၀၀၀ ဆံ့ရေစုကန် သုံးကန်တည်ဆောက်ခြင်းများအပြင် မြင်းကောင်ရေ ၃၀ ရှိ အင်ဂျင်တစ်လုံးတို့ ပါဝင်ကြောင်းသိရပြီး စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ်သိန်း ၂၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲတွင် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်၊ ညောင်ဦး ခရိုင်မှူး ဦးငွေလှိုင်နှင့် ပြည်သူ့ဆက်ဆံရေးတာဝန်ခံ (ပခုက္ကူ) မှ ဦးကျင်ဝမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **နေအောင်(မြန်/ဆက်)**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၄)

# အိန္ဒိယ၊ မြန်မာ တရားစီရင်ရေးရာ



ဦးဟန်ညွန့် (ဥပဒေ)



**တရားစီရင်ရေးရာ**

အိန္ဒိယသို့ သွားရောက်ခဲ့သည့် ခရီးတွင် ဘက်စုံလေ့လာတင်ပြချင်သော်လည်း အချိန်အတိုင်းအတာအရ (ခရီးစဉ်တာဝန်အရ) သတင်းမီဒီယာအပိုင်းကိုသာ ဦးစားပေးရေးသားနိုင်ပါသည်။

သို့သော်ငြား ကျွန်တော်သည် (ဥပဒေသမားတစ်ဦးဖြစ်သောကြောင့်) အိန္ဒိယနိုင်ငံ၏ တရားစီရင်ရေးအကြောင်း မဖြစ်မနေ အချိန်ရသမျှ လေ့လာခဲ့ပါသည်။ အိန္ဒိယတရားလွှတ်တော်ချုပ်တွင် အမှုများစစ်ဆေးပုံကိုတော့ လက်တွေ့မလေ့လာနိုင်ခဲ့ပါ။ နောင်တစ်ချိန်ချိန်တွင် ကြုံဦးမည်သာဟု မိမိကိုယ်မိမိ အားတင်းခဲ့မိပါသည်။ ၂၀၁၇ နိုဝင်ဘာလ ကာလဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကား၍ တရားစီရင်ရေးရာကို ကောက်နုတ်တင်ပြခွင့်ပြုပါ။ မြန်မာတစ်ဦး၏ အိန္ဒိယ တရားစီရင်ရေးအပေါ် အမြင်ဟု ဆိုလျှင်လည်း မမှားနိုင်ပါ။

**အိန္ဒိယအခြေခံဥပဒေ**

အိန္ဒိယနိုင်ငံ အခြေခံဥပဒေ အခန်း(၄)တွင် ပြည်ထောင်စုတရားစီရင်ရေးအကြောင်း ပိုင်းခြားဖော်ပြထားပေသည်။ တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး ဦးရေ ၃၀ ထက်မပိုသော အရေအတွက်ဖြင့် ဖွဲ့စည်းထားပါသည်။ **[ပုဒ်မ ၁၂၄(၁) ]**

တရားသူကြီးများ ခန့်အပ်ရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် တရားလွှတ်တော် တရားသူကြီးများအားလုံးကို နိုင်ငံတော်သမ္မတက ခန့်အပ်ပါသည်။ တရားလွှတ်တော် တရားသူကြီးများသည် အသက် ၆၅ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။

**ဖယ်ရှားခြင်း**

တရားလွှတ်တော်တရားသူကြီးတစ်ဦးဦးအား မသင့်လျော်သည့် အပြုအမူပြုမူခြင်း၊ အရည်အချင်းမပြည့်ဝခြင်း စသည့် အကြောင်းများကြောင့် ဖယ်ရှားမည်ဆိုပါလျှင် **သမ္မတသည်** လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံထက်မနည်းသော ကိုယ်စားလှယ်များ၏ မဲဖြင့် သမ္မတအမိန့်အရ ထုတ်ပြန်၍ ဖယ်ရှားရပါမည်။ **[ပုဒ်မ ၁၂၄(၄) ]**

**ခန့်အပ်ရေးကော်မရှင်**

တရားသူကြီးများ ခန့်အပ်ရေးကော်မရှင်ကို အောက်ပါအတိုင်း ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းပါသည်-

(၁) တရားသူကြီးချုပ် (ဥက္ကဋ္ဌ)
(၂) တရားလွှတ်တော်တရားသူကြီးနှစ်ဦး(အဖွဲ့ဝင်)
(၃) ဥပဒေရေးရာနှင့် တရားရေးဝန်ကြီး(အဖွဲ့ဝင်)
(၄) ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ပြည်သူ့ လွှတ်တော်မှ အတိုက်အခံပါတီခေါင်းဆောင်တို့ ပါဝင်သည့် ကော်မတီက အဆိုပြုသော ထင်ရှားကျော်ကြားသူ ပုဂ္ဂိုလ်နှစ်ဦး (အဖွဲ့ဝင်)

**တရားသူကြီးများ ခန့်အပ်ရေးကော်မရှင်သည် အောက်ပါ တာဝန်များကို ထမ်းဆောင်သည်-**

(၁) တရားသူကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးများ၊ တရားလွှတ်တော်ချုပ်တရားသူကြီးများ အဖြစ်ခန့်အပ်မည့် သူများကို စိစစ်ထောက်ခံတင်ပြခြင်း
(၂) တရားလွှတ်တော်ချုပ် တရားသူကြီးများအားပြောင်းရွှေ့ ခန့်ထားရေးထောက်ခံခြင်း

လွှတ်တော်သည် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများခန့်ထားရေး လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ပါသည်-

**မူလစီရင်ပိုင်ခွင့်များ**

အခြေခံဥပဒေနှင့်အညီ တရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် မူလစီရင်ပိုင်ခွင့်ရှိပါသည်၊

(က) အိန္ဒိယအစိုးရနှင့် ပြည်နယ်တစ်ခုခုအကြား အငြင်းပွားမှု
(ခ) အိန္ဒိယအစိုးရနှင့် ပြည်နယ်တစ်ခုခုက တစ်ဖက်နှင့် အခြားပြည်နယ်တစ်ခုခုက တစ်ဖက်တို့အကြား အငြင်းပွားမှု
(ဂ) ပြည်နယ်များအကြား အငြင်းပွားမှု-**[ပုဒ်မ ၁၃၁ ]**

**နိုင်ငံတော်၏အခြေခံမူများ**

နိုင်ငံတော်သည် ညီမျှသည့် အခွင့်အလမ်းရရှိမှုကို အခြေခံသည်။

တရားမျှတမှု ထွန်းကားရေးကို ရှေးရှုသည့် ဥပဒေစနစ်ကို ဆောင်ရွက်ကျင့်သုံးသည်။

ဥပဒေအထောက်အကူပေးရေးကိုလည်း အခမဲ့ပံ့ပိုး ဆောင်ရွက်ပေးမည်။

**အယူခံခွင့်**

ဗဟိုတရားရုံးတစ်ခုခုမှ ချမှတ်သည့်ဆုံးဖြတ်ချက်၊ ဒီကရီ၊ အပြီးသတ်အမိန့်အပေါ် အယူခံခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ ဥပဒေရေးရာပြဿနာရှိပါက တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်ခြင်း တို့ရှိပါသည်။

ဗဟိုတရားရုံးတစ်ခုခုမှ ချမှတ်သည့် တရားမဆိုင်ရာ ဆုံးဖြတ်ချက်၊ ဒီကရီ၊ အပြီးသတ်အမိန့်တို့အပေါ် ဥပဒေရေးရာ ပြဿနာရှိပါက (သို့မဟုတ်) တရားလွှတ်တော်ချုပ်က ဆုံးဖြတ်သင့်သည်ဟု ဗဟိုတရားရုံးက ထင်မြင်ယူဆပါက တရားလွှတ်တော်ချုပ်သို့ အယူခံ ဝင်ရောက်နိုင်သည်။

**[ ဥပဒေ ပုဒ်မ ၁၃၂၊ ၁၃၃ ]**

**ပြစ်မှုဆိုင်ရာ**

ပြစ်မှုဆိုင်ရာ ဆုံးဖြတ်ချက်၊ အပြီးသတ်အမိန့်တို့အပေါ် (အောက်ပါကိစ္စရပ်များတွင်) တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက် နိုင်ပါသည်-

(၁) အယူခံလျှောက်ထားမှုအပေါ် တရားခံအား အပြီးအပြတ်လွှတ်ခြင်း၊ သေဒဏ်ချမှတ်ခြင်း
(၂) တရားရုံးတစ်ရုံးရုံး၏ အမှုရုပ်သိမ်းခြင်း
(၃) စစ်ဆေးသည့်အမှုမှ တရားခံအား သေဒဏ်ပေးခြင်း

**ပြည်ထောင်စုစာရင်းပါ ကိစ္စရပ်များ**

ဥပဒေအရ လွှတ်တော်က အခွင့်အာဏာအပ်နှင်းလျှင်-

ပြည်ထောင်စုစာရင်းပါ ကိစ္စရပ်တစ်ခုခုအတွက် တရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်ရှိသည်။

ပြည်ထောင်စုအစိုးရသော်လည်းကောင်း၊ ပြည်နယ်အစိုးရသော်လည်းကောင်း၊ အထူးသဘောတူညီချက်အရ အခွင့်အာဏာအပ်နှင်းလျှင် ကိစ္စရပ်တစ်ခုခုအတွက် တရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်ရှိသည်။

**အကြံဉာဏ်ရယူခြင်း**

သမ္မတသည် ဥပဒေရေးရာပြဿနာ၊ အကြောင်းခြင်းရာပြဿနာ ကိစ္စရပ်တစ်ခုခုအတွက် တရားလွှတ်တော်ချုပ်၏ အကြံဉာဏ်ကို ရယူသင့်သည်ဟု ယူဆပါက မည်သည့်အချိန်၌မဆို အကြံဉာဏ်ရယူနိုင်သည်။ **[ပုဒ်မ ၁၄၃ ]**

**တရားရုံးများ**

ပြည်နယ်တိုင်းတွင် ဗဟိုတရားရုံးတစ်ရုံးစီ ဖွင့်လှစ်ထားရှိသည်။

ဗဟိုတရားရုံးကို တရားသူကြီးချုပ်တစ်ဦးနှင့် သမ္မတမှ ခန့်အပ်သည့် တရားသူကြီးများဖြင့် ဖွဲ့စည်းထားရှိသည်။

သမ္မတသည် တရားသူကြီးများ ခန့်အပ်ရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ဗဟိုတရားရုံးတစ်ခုခုမှ တရားသူကြီးတစ်ဦးဦးကို အခြားဗဟိုအဆင့်တရားရုံးတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ပေးအပ်နိုင်သည်။ **[ပုဒ်မ ၂၂၂ ]**

လွှတ်တော်သည် ဥပဒေနှင့်အညီ ပြည်နယ်နှစ်ခု၊ (သို့မဟုတ်) နှစ်ခုထက်ပိုသော ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ တစ်ခုခုအတွက် ဗဟိုတရားရုံးတစ်ခုကို တည်ထောင်နိုင်သည်။ **[ပုဒ်မ ၂၃၁ ]**

ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဗဟိုတရားရုံးနှင့် ညှိနှိုင်း၍ ခရိုင်တရားသူကြီးအဖြစ် ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းကို ပြုလုပ်နိုင်သည်။ ခရိုင်တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရမည့်သူသည် နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေအဖြစ် လုပ်သက် **ခုနစ်နှစ်ထက်မနည်း** ဆောင်ရွက်ခဲ့သူဖြစ်ရမည့်အပြင် ဗဟိုတရားရုံးက ထောက်ခံတင်ပြသူလည်း ဖြစ်ရမည်။

**[ပုဒ်မ ၂၃၃ ]**

**အချုပ်**

အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တရားစီရင်ရေးအပိုင်းမှ ပြဋ္ဌာန်းချက်(အချို့)ကို ကောက်နုတ်တင်ပြရခြင်းသာ ဖြစ်ပါသည်။ အကျယ်ကို ဥပဒေသုတေသီများ၊ စိတ်ဝင်စားသူများ ဆက်လက်လေ့လာကြမည်၊ သုတေသနပြုကြမည်ဟု ကျွန်တော် ယုံပါသည်။

**စေတနာ**

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ် အမြင်အမျိုးမျိုးသုံးသပ်နေကြသည့်အချိန်တွင် အိန္ဒိယနိုင်ငံ အခြေခံ ဥပဒေပါ တရားစီရင်ရေးအပိုင်းကို လျှပ်တစ်ပြက် ရှုမြင်ပြီး လေ့လာသည့် ကျွန်တော်၏ စေတနာ ဥပဒေအတွေး မျှသာပါ။ ။

**“အိန္ဒိယနိုင်ငံ အခြေခံဥပဒေ အခန်း(၄)တွင် ပြည်ထောင်စုတရားစီရင်ရေးအကြောင်း ပိုင်းခြားဖော်ပြထားပေသည်။ တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးဦးရေ ၃၀ ထက် မပိုသော အရေအတွက်ဖြင့် ဖွဲ့စည်းထား”**

## ကရဏာရှင် နာရေးကူညီမှုအသင်းသို့ အောက်ဆီဂျင်ဘူးများ လှူဒါန်း

**ပျော်ဘွယ် ဇန်နဝါရီ ၁၈**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ အလှူရှင်များစုပေါင်းလှူဒါန်းသည့် အသက်ကယ်အောက်ဆီဂျင်ဘူးများအား ကရုဏာရှင်နာရေးကူညီမှုအသင်းသို့ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီလ ဒုတိယပတ်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အဆိုပါ အသင်းမှာ ယခင်က အောက်ဆီဂျင်ဘူး ၁၀ လုံးနှင့် လည်ပတ်ခဲ့ရာ မလုံလောက်သဖြင့် မြို့နယ်အတွင်း၌ရှိသည့် အလှူရှင်များထံမှ အသက်ကယ် အောက်ဆီဂျင်ဘူးများ အလှူခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် အလှူရှင်များက အောက်ဆီဂျင်ဘူး ၄၃ ဘူးကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကျောက်ထု၌ ယဉ်ကျေးလိမ္မာစကားဝိုင်း ကျင်းပ

**ကျောက်ထု ဇန်နဝါရီ ၁၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဇန်နဝါရီ ၁၄ ရက်ကယဉ်ကျေးလိမ္မာစကားဝိုင်း ကျင်းပရာ စာကြည့်တိုက် လက်ထောက် (၃) ဒေါ်ချိုချိုဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယဉ်ကျေးလိမ္မာစကားဝိုင်းတွင် ဘာသာရေးဆိုင်ရာများ အလှည့်ကျမေးမြန်းဖြေကြားခြင်း၊ နိပါတ်တော်လာ ပုံပြင်များ ပြောဆိုစေခြင်းတို့ ဆောင်ရွက်ကြပြီး အဆိုပါ စကားဝိုင်းသို့ ကျောက်ထုမြို့မဗ္ဗစကူးကော်မတီမှ ဆရာမဒေါ်နန္ဒာ ဦးဆောင်သည့် ဆရာဆရာမ ခုနစ်ဦး၊ ကျောင်းသားကျောင်းသူ ၄၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၀၁**

## ကသာမြို့နယ် တုံးပေါကျေးရွာအုပ်စုပိုင်း၌ ကျေးရွာချင်းဆက် တံတားတည်ဆောက်ရေးလုပ်ငန်းစတင်

**ကသာ ဇန်နဝါရီ ၁၈**

ကသာမြို့နယ် တုံးပေါကျေးရွာအုပ်စုပိုင်း သဖန်းကိုင်ရပ်ကွက်နှင့် ဆက်စပ်နေရာများတွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာများသွားလာရေးလွယ်ကူစေရန်အရှည်ပေ ၈၀ ရှိ RC ကွန်ကရစ် တံတားတည်ဆောက်ခြင်းကို ဇန်နဝါရီ ၁၂ ရက်မှစ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ်သိန်း ၈၀ ဒသမ ၈၄ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူ၍ အလျားအရှည်ပေ ၈၀၊ အမြင့် ၁၁ ပေ၊ အခန်း ၄၂ ခန်း၊ ချဉ်းကပ်လမ်းအရှည်ပေ ၁၀၀ ပါရှိပြီး RC သံကူကွန်ကရစ် တံတားအား ဘိုးပိုင်စနစ်ဖြင့် အကျယ် ၁၆ ပေ အပေါ်ရေပေါက် ထည့်သွင်း၍ ၂၀၁၈ ခုနှစ်မေလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားမှာယခင်က ဒေသခံပြည်သူများ စုပေါင်း၍ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ခဲ့ကြသော သစ်သားတံတားဖြစ်ရာ တံတားမှာ ကြံ့ခိုင်မှုအားနည်း၍ မကြာခဏ ပြုပြင်ကာ သွားလာကြရသည်။ မိုးတွင်းကာလ ဧရာဝတီမြစ်ရေကြီးချိန်၌ အခက်အခဲများ ကြုံတွေ့ရခဲ့ကြောင်း သိရသည်။

အဆိုပါတံတားပြီးစီးပါက ကသာမြို့နယ် တုံးပေါကျေးရွာအုပ်စု၊ အောက်ဝဲကြီးကျေးရွာအုပ်စု၊ သံပုရာကျေးရွာအုပ်စု၊ ကျောက်ပုံကျေးရွာအုပ်စုများရှိ ကျေးရွာများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# စပါးအသင်းကို စွန့်ခွာနိုင်တဲ့ ဟယ်ရီကိန်းရဲ့ အကြောင်းတရားများ




**အောင်က**

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအတွက် ၂၀၁၇ ကလည်း အကောင်းဆုံးဖြစ်ခဲ့တယ်။ ပြက္ခဒိန်တစ်နှစ်အတွင်း ဂိုးတွေသွင်းယူပြီး အလန်ရှီးယားရားရဲ့ စံချိန်ကို ဖြတ်ကျော်နိုင်ခဲ့တယ်။ ဒါ့အပြင် ပြီးခဲ့တဲ့အပတ်ကပဲ ဂိုးတွေထပ်မံသွင်းယူပြီး စပါးအသင်းရဲ့ ထာဝရဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားတဲ့ ရှာရင်ဂမ်ရဲ့ ၉၇ ဂိုးစံချိန်ကို ဖြတ်ကျော်ပြီး လက်ရှိအချိန်မှာအသင်းအတွက် ပရီမီယာလိဂ်မှာ ၉၈ ဂိုးသွင်းယူထားပြီးလည်း ဖြစ်တယ်။ လက်ရှိခြေစွမ်းတွေအရ ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးအဖြစ် ရပ်တည်နေတာကတော့ သေချာလွန်းတယ်။ သူ့ရဲ့ခြေစွမ်းတွေက မက်ဆီ၊ ရော်နယ်ဒိုတို့နဲ့ ပျက်ကျန်မနေဘူးဆိုတာက သေချာတယ်။ ဒါပေမယ့် အခုချိန်အထိတော့ ဆုဖလားကိုင်မြှောက်နိုင်ခြင်း မရှိသေးဘူး။ ဒါကြောင့်လည်း သူ့လိုကစားသမားတစ်ဦးက အသင်းကို စွန့်ခွာဖို့ရှိတယ်ဆိုတာကတော့ အနေးနဲ့အမြန် ဖြစ်လာမယ့် ကိစ္စတစ်ခုလည်း ဖြစ်တယ်။ ဖြစ်လာနိုင်စရာ အကြောင်းတရားတွေကလည်း ရှိနေတယ်လို့ ပြောရမှာပါ။

### ဆုဖလားကင်းမဲ့မှု

ကစားသမားတစ်ဦးအတွက်တော့ ဆုဖလားဟာ အသက်လို့ပြောရမယ်။ ဟယ်ရီကိန်းကလည်း ကစားသမားတစ်ဦးဖြစ်တာကြောင့် ဆုဖလားကို ရချင်တာကတော့သေချာတယ်။ သူ့လိုကစားသမားမျိုးက ရာသီတိုင်းဆုဖလားတွေ ရသင့်တယ်လို့ ပြောရမယ်။ ဒါပေမယ့်သူဟာ အသင်းနဲ့အတူ စံချိန်တင်ဂိုးတွေသွင်းယူပေးနေပေမယ့် ဆုဖလားဆိုတာက ဗလာနတ္ထိလို့ပြောရမယ်။ ကံမကောင်းစွာဘဲ ဒီနှစ်ရာသီမှာလည်း ဟယ်ရီကိန်းအတွက် ဆုဖလားဆိုတာက မဖြစ်နိုင်သေးဘူး။ လိဂ်ဖလားကလည်း စောစီးစွာထွက်ခဲ့ရသလို ပရီမီယာလိဂ်မှာဆိုရင်လည်း မန်စီးတီးအသင်းနဲ့ ရမှတ်ကွာခြားမှုက အလွန်ကို ကွာဟနေသေးတယ်။ လက်ရှိအချိန်မှာ စပါးအသင်းအနေနဲ့ မျှော်လင့်တာက အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားလို့ ပြောရမယ်။

ချန်ပီယံလိဂ်မှာတော့ စပါးအသင်းရဲ့ခြေစွမ်းတွေက အံ့သြလေးစားစရာကောင်းခဲ့တယ်။ ရီးရဲမက်ဒရစ်၊ ဒေါ့မွန်တို့လို ထိပ်တန်းအသင်းကြီးတွေနဲ့ တစ်အုပ်စုတည်း ကျခဲ့ပေမယ့် အုပ်စုထိပ်ဆုံးမှာ ရပ်တည်ပြီး ရှုံးထွက်အဆင့်ကို တက်ခဲ့တယ်။ စပါးအသင်းအနေနဲ့ ချန်ပီယံလိဂ်မှာ အောင်မြင်မှုရနိုင်ဖို့ရှိတယ်လို ပြောဆိုမှုတွေရှိနေပေမယ့် စဉ်းစားစရာကောင်းတဲ့ အချက်တွေကလည်း အများကြီးရှိတယ်။ စပါးအသင်းဟာ ယခင်က အုပ်စုအဆင့်တွေနဲ့သာ ကျေနပ်ခဲ့ရတဲ့အသင်းဖြစ်တယ်။ အခုတော့ စပါးအသင်းဟာ ရှုံးထွက်အဆင့်မှာ ဂျူဗင်တပ်စ်အသင်းနဲ့ ရင်ဆိုင်ရတော့မယ်။

အခြားတစ်ဖက်ကိုကြည့်ရင်လည်း အက်ဖ်အေဆုဖလားပြိုင်ပွဲလည်း ရှိနေပါသေးတယ်။ စပါးအတွက်က အက်ဖ်အေဆုဖလားဟာ ချန်ပီယံလိဂ်ဆုဖလားထက်တော့ ပိုမိုလွယ်ကူတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် စပါးအသင်းရဲ့အဓိကအခက်အခဲက အင်္ဂလန်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ လီဗာပူး၊ မန်ချက်စတာ နှစ်သင်းတို့နဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စပါးအသင်းအတွက် အက်ဖ်အေဖလားရရှိရေးက ထင်သလောက်မလွယ်နိုင်ဘူးလို့ ပြောရမယ်။




### ငွေကြေး

ဘာရာဇီး တိုက်စစ်မှူး နေမာဘာစီလိုနာအသင်းက နေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း ဘောလုံးလောကရဲ့ ဘဏ္ဍာရေးဈေးကွက်ကလည်း အရှိန်အဟုန်နဲ့ ပိုမိုမြင့်တက်လာခဲ့တယ်။ အဲဒီနောက်ပိုင်းဖြစ်ပျက်ခဲ့တဲ့ အပြောင်းအလဲတွေကိုပဲကြည့် ဒမ်ဘီလီ၊ အမ်ဘတ်ပီ၊ ကော်တင်ညိုတို့ရဲ့ အပြောင်းအရွှေ့တွေအားလုံးဟာ ယူရိုသန်း ၁၀၀ ကျော်အထက်တွေမှာ ကြီးပဲ ရှိနေခဲ့တယ်။ ဒါကိုကြည့်တာနဲ့ ဘောလုံးလောကရဲ့ ခေတ်သစ် တစ်ခုရောက်လာခဲ့ပြီဆိုတာက သေချာလွန်းနေခဲ့ပြီ။

လက်ရှိဟယ်ရီကိန်းရဲ့ ခြေစွမ်းတွေအရဆိုရင် ယူရိုသန်း ၂၀၀လောက်အထိ ဈေးခေါ်နိုင်တဲ့ ကစားသမားအဆင့်မျိုးမှာ ရှိတယ်။ သူ့ရဲ့လက်ရှိအခြေအနေဟာ ရီးရဲမက်ဒရစ်အသင်းကို ဂါရက်ဘေးလ် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းသွားခဲ့တဲ့အချိန်နဲ့တောင် တူညီနေတယ်လို့ ပြောရမယ်။ ကိန်းရဲ့ အပြောင်းအရွှေ့တံခါးကို လာခေါက်ခဲ့မယ်ဆိုရင် စပါးအသင်းအနေနဲ့ ဘယ်လောက်အထိ ခံနိုင်ရည်ရှိမလဲ။ အဲဒီခံနိုင်ရည်ကတော့ ဘယ်လောက်အထိကြာရှည်ခံမလဲ။ ဟယ်ရီကိန်းကိုယ်တိုင်ကရော ထိပ်တန်းကစားသမားတွေ လုပ်ခအမြင့်ဆုံးဖြစ်နေချိန်မှာ သူကရောစံချိန်တင်လုပ်ခမရဘဲ နေနိုင်မလား။ ဆုဖလားတွေရနေမယ်ဆိုရင်တောင် ငွေကြေးကတော့ ဘောလုံးသမားတွေအတွက် မက်မောစရာလို့ပြောရမယ်။ ဒါကြောင့်လည်း အချိန်ကျလာခဲ့ရင်တော့ စံချိန်တင်ပြောင်းရွှေ့မှုတွေနဲ့ ဟယ်ရီကိန်းကိုတွေ့မြင်ရမှာပါ။

### Ballon d'Or ဆု

Ballon d'Or ဆုဟာ ကစားသမားတစ်ယောက်အတွက် အကြီးမြတ်ဆုံးသော ဆုတံဆိပ်လို့ ပြောရမယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ် တစ်ခုလောက်က ရော်နယ်ဒိုနဲ့ မက်ဆီတို့ဟာ Ballon d'Or ဆုကို ခွဲယူခဲ့ကြပြီးပြီ။ ပြီးခဲ့တဲ့ ၂၀၁၇ ပြက္ခဒိန်တစ်နှစ်အတွင်း ဟယ်ရီကိန်းရဲ့သွင်းဂိုးဟာ လာလီဂါစတားတွေထက်သာတယ်။ အခုချိန်မှာ သူ့ရဲ့အသက် ၂၄ နှစ်သာ ရှိနေသေးတာကြောင့် သူ့အနေနဲ့ ဒီထက်ပိုကောင်းဖို့သာရှိတယ်။ ဒါကြောင့် သူ့လိုကစားသမားမျိုးဟာ Ballon d'Or ဆုကို မျှော်မှန်းနိုင်တဲ့ အဆင့်မျိုးမှာ ရှိတယ်။ ဒါပေမယ့် အဲဒီဆုကို ရယူနိုင်ဖို့အတွက် စပါးအသင်းနဲ့ဆိုရင် ဖြစ်နိုင်မလား။ ရိုးရိုးလေးဖြေရရင် မဖြစ်နိုင်ဘူးလို့ ပြောရမယ်။ အဲဒီဆုကို နောက်ဆုံးရရှိခဲ့တဲ့ အင်္ဂလန်ကစားသမား ဆိုလို့ မိုက်ကယ်အိုဝင် ပဲ ရှိတယ်။

သူ့အနေနဲ့ ရီးရဲမက်ဒရစ်လိုအသင်းကြီး တစ်သင်းသင်းကိုပြောင်းရွှေ့ခဲ့မယ်ဆိုရင်တော့ Ballon d'Or ဆုဟာ သူ့အတွက် ပိုမိုမျှော်မှန်းနိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။

ဒါကြောင့် လက်ရှိအချိန်မှာ အင်္ဂလန်မှာသာမက ကမ္ဘာ့ဘောလုံးလောကမှာပါ အကောင်းအဆုံး တိုက်စစ်မှူးအဖြစ် သက်မှတ်ထားခြင်းခံရတဲ့ ဟယ်ရီကိန်းက စပါးအသင်းကို စွန့်ခွာနိုင်မှုဟာ မကြာမီ လာမည်လာမည်မျှော်လို့သာဆိုရမှာ ဖြစ်ပါတယ်။ ။

## မန်ယူသို့ပြန်လာရန် တိုက်စစ်ကစားသမား ရော်နယ်ဒိုရည်ရွယ်ထား

**ထက်အောင်**




ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုသည် သူ၏ အသင်းဟောင်းဖြစ်သည့် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် လိုလားလျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လာသည်။ တိုက်စစ်ကစားသမား ရော်နယ်ဒိုအနေဖြင့် ရီးရဲမက်ဒရစ်အသင်းသည် မိမိနှင့် စာချုပ်သစ်ချုပ်ဆိုရေး စီစဉ်နေမှုများတွင် မိမိအပေါ် လိမ်ညာမှုများ ရှိနေသည်ဟု ခံစားနေရကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ရော်နယ်ဒိုသည် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်ဟု သူ၏ မိတ်ဆွေများကို ဖွင့်ဟပြောဆိုခဲ့ခြင်းဖြစ်ကြောင်း စပိန်သတင်းစာ AS က ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။


ပေါ်တူဂီလက်ရွေးစင်အသင်း ကပ္ပတိန် ရော်နယ်ဒို (၃၂နှစ်) သည် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မန်ယူအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ် ချန်ပီယံဆုဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ်အပါအဝင် ဆုဖလားပေါင်း ကိုးလုံး ရရှိခဲ့သူ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌ ဖလော်ရင်တီနို ပီရက်ဇ်သည် ရော်နယ်ဒိုအား စာချုပ်သစ် ချုပ်ဆိုသွားရန် ရည်ရွယ်ထားသော်လည်း ရော်နယ်ဒိုကမူ စာချုပ်သစ်ချုပ်ဆိုရေးအတွက် မိမိအား ရီးရဲအသင်းက ပေးထားသည့် ကတိများကို အသင်းတာဝန်ရှိသူများ မေ့လျော့ထားကြသည်ဟု ယူဆနေသည်ဟု ဆိုသည်။ ရီးရဲအသင်းသည် ရော်နယ်ဒိုနှင့် စာချုပ်သစ် ချုပ်ဆိုရန် စီစဉ်နေမှု၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာအတွင်း ရီးရဲအသင်းနှင့် ၂၀၂၁ ခုနှစ်အထိ ချုပ်ဆိုခဲ့သော စာချုပ်သစ်ပါ အချက်အလက်များကို ပြောင်းလဲခြင်း မပြုဘဲ ချုပ်ဆိုသွားရန် စီစဉ်နေခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် ရီးရဲအသင်းက ပြီးခဲ့သည့် နွေရာသီအတွင်း ပြင်သစ်လူငယ် တိုက်စစ်မှူး အမ်ဘတ်ပီအား ခေါ်ယူရန် ကြိုးစားခဲ့ပြီး လက်ရှိအချိန်တွင်လည်း ပီအက်စ်ဂျီ တိုက်စစ်မှူး နေမာအား ခေါ်ယူရန် ကြိုးစား နေမှုများကြောင့် ရော်နယ်ဒိုနှင့် ရီးရဲအသင်းတို့အကြား ဆက်ဆံရေး အခြေအနေ ဆိုးရွားလျက်ရှိသည်ဟုဆိုသည်။

မန်ယူအသင်းအနေဖြင့်လည်း အသင်း၏ အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်ခဲ့သူ ရော်နယ်ဒိုအား ပြန်လည်ခေါ်ယူသွားရန် လိုလားမှုများ ရှိနေသည်။ ။

## မန်ယူအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရန် မော်ရင်ညို သဘောတူညီခဲ့



မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုသည် မန်ယူအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ မန်ယူအသင်းအနေဖြင့် လာမည့် သီတင်းပတ်အတွင်း မန်နေဂျာ မော်ရင်ညိုနှင့် စာချုပ်သစ်ချုပ်ဆိုခြင်းကို တရားဝင် သတင်းထုတ်ပြန်သွားနိုင်ရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

ပေါ်တူဂီလူမျိုး မန်နေဂျာ မော်ရင်ညိုသည် ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်တွင် မန်ယူမန်နေဂျာအဖြစ် သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် စတင်တာဝန်ယူခဲ့သူဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုပြီးပါက မော်ရင်ညိုသည် မန်ယူအသင်းတွင် ၂၀၂၃ ခုနှစ်အထိ ရှိနေမည် ဖြစ်သည်။ မန်နေဂျာ မော်ရင်ညို (၅၄နှစ်)သည် လက်ရှိအချိန်၌ မန်ယူအသင်းထံမှ တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၂၅၀၀၀၀ ရရှိနေပြီး မန်စီးတီး မန်နေဂျာ ဂွါဒီယိုလာနှင့်အတူ ပရီမီယာလိဂ် မန်နေဂျာများအနက် လုပ်ခငွေအများဆုံး ရရှိသည့် မန်နေဂျာအဖြစ် ရပ်တည်နေသူဖြစ်သည်။ မန်ယူအသင်းတာဝန်ရှိသူများက မန်နေဂျာ မော်ရင်ညို၏ လက်အောက်တွင် အသင်း၏ တိုးတက်မှုအပေါ် ကျေနပ်မှုရှိနေပြီး မော်ရင်ညိုသည် မန်ယူကစားသမားများထံသို့ အောင်မြင်လိုစိတ်ကို ပြန်လည်ယူဆောင်ပေးနိုင်မည့် မန်နေဂျာအဖြစ် ယူဆထားသည်။ မန်နေဂျာ မော်ရင်ညိုကလည်း မန်ယူမန်နေဂျာဘဝ အနာဂတ်နှင့်ပတ်သက်၍ “မန်ယူအသင်းအနေနဲ့ ကျွန်တော့်ကို အလိုမရှိတော့တဲ့ အချိန်မှသာ မန်ယူကနေ ကျွန်တော် ထွက်ခွာသွားမှာပါ၊ ဒါကို မန်ယူမန်နေဂျာအဖြစ် စတင်တာဝန်ယူချိန်ကတည်းက ပြောခဲ့ပြီးပါပြီ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အနေနဲ့ မန်ယူအသင်းကို စွန့်ခွာသွားဖို့ ဆန္ဒမရှိလို့ပါ၊ ကျွန်တော့်ရည်မှန်းချက်က မန်ယူအသင်းမှာ ဆက်နေပြီး အသင်းကို တိုးတက်လာအောင် ပြုလုပ်သွားဖို့ပါ”ဟု ပြောဆိုခဲ့ဖူးသည်။ မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲစဉ် ၂၃ ကစားပြီးချိန်၌ ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေကာ ထိပ်ဆုံးမှ မန်စီးတီးအသင်းထက် ရှစ်မှတ် လျော့နည်းနေသည်။ **ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ် (၂၄)

| | | |
|---|---|---|
| **စနေနေ့** | | **၂၀-၁-၁၈** |
| ဘရိုက်တန် | ချယ်လ်ဆီး | ည ၇း၀၀ |
| အာဆင်နယ် | ပဲလေ့စ် | ည ၉း၃၀ |
| ဘန်လေ | မန်ယူ | ည ၉း၃၀ |
| အဲဗာတန် | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| လက်စတာ | ဝတ်ဖို့ဒ် | ည ၉း၃၀ |
| စတုတ် | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| ဝက်စ်ဟမ်း | ဘုန်းမောက် | ည ၉း၃၀ |
| မန်စီးတီး | ကာဆယ် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | **၂၁-၁-၁၈** |
| ဆောက်သမ်တန် | စပါး | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | **၂၂-၁-၁၈** |
| ဆွမ်ဆီး | လီဗာပူး | နံနက် ၂း၃၀ |

## စပိန်လာလီဂါပွဲစဉ် (၂၀)

| | | |
|---|---|---|
| **သောကြာနေ့** | | **၁၉-၁-၁၈** |
| ဂီတာဖေး | ဘီဘာအို | နံနက် ၂း၃၀ |
| **စနေနေ့** | | **၂၀-၁-၁၈** |
| အက်စ်ပန်ညို | ဆီဗီလာ | ည ၆း၃၀ |
| အက်သလက်တီကို | ဂျီရိုနာ | ည ၉း၄၅ |
| ဗီလာရီးရဲ | လီဗန်တေး | နံနက် ၀၀း၀၀ |
| လက်ပဲလ်မက်စ် | ဗလင်စီယာ | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | **၂၁-၁-၁၈** |
| အလာဗက်စ် | လီဂါနက်စ် | ည ၅း၃၀ |
| ရီးရဲ | ဒီပို့တီဗို | ည ၉း၄၅ |
| ဆိုစီဒက်စ် | ဆဲလ်တာ | နံနက် ၀၀း၀၀ |
| ဘက်တစ် | ဘာစီလိုနာ | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | **၂၂-၁-၁၈** |
| အီဘာ | မာလာဂါ | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၂)

| | | |
|---|---|---|
| **သောကြာနေ့** | | **၁၉-၁-၁၈** |
| ကိန်း | မာဆေး | နံနက် ၂း၁၅ |
| **စနေနေ့** | | **၂၀-၁-၁၈** |
| နန့်စ် | ဘော်ဒိုး | ည ၁၀း၃၀ |
| အာမီယန် | ဂူအင်ဂမ့် | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | တူးလောက်စ် | နံနက် ၁း၃၀ |
| ရိန်းစ် | အန်ဂျာစ် | နံနက် ၁း၃၀ |
| စထရက်စ်ဘော့ | ဒီဂျွန် | နံနက် ၁း၃၀ |
| ထရွိုင်းယက်စ် | လိုင်လီ | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | **၂၁-၁-၁၈** |
| နိုက်စ် | စိန့်အက်တီယန် | ည ၈း၃၀ |
| မိုနာကို | မက်ဇ် | ည ၁၀း၃၀ |
| လိုင်ယွန် | ပီအက်စ်ဂျီ | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၁)

| | | |
|---|---|---|
| **တနင်္ဂနွေနေ့** | | **၂၁-၁-၁၈** |
| အတ္တလန္တာ | နာပိုလီ | ည ၆း၀၀ |
| ဘိုလော့ဂ်နာ | ဘီနီဗန်တို | ည ၈း၃၀ |
| လာဇီယို | ချီယေဗို | ည ၈း၃၀ |
| ဗီရိုနာ | ခရိုတိုနီ | ည ၈း၃၀ |
| ဆမ်ဒိုးရီးယား | ဖီအိုရင်တီးနား | ည ၈း၃၀ |
| အူဒီးနိစ် | SPAL | ည ၈း၃၀ |
| ဆက်ဆူအိုလို | တိုရီနို | ည ၈း၃၀ |
| ကယ်ဂလီယာရီ | မီလန် | ည ၁၁း၃၀ |
| အင်တာ | ရိုးမား | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | **၂၂-၁-၁၈** |
| ဂျူဗင်တပ်စ် | ဂျီနိုအာ | နံနက် ၂း၁၅ |

## လိဂ်ဖလားဆီမီးဖိုင်နယ် (ဒုကျော့)

| | | |
|---|---|---|
| **အင်္ဂါနေ့** | | **၂၃-၁-၁၈** |
| ဘရစ္စတိုးလ် | မန်စီးတီး | နံနက် ၂း၁၅ |
| **ဗုဒ္ဓဟူးနေ့** | | **၂၄-၁-၁၈** |
| အာဆင်နယ် | ချယ်လ်ဆီး | နံနက် ၂း၃၀ |

ပရီမီယာလိဂ်ပွဲစဉ် ၂၄ ကို ဇန်နဝါ ရီ ၂၀ ရက်၊ ၂၁ ရက်၊ ၂၃ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အသင်းကြီးအချင်းချင်း ဆုံတွေ့တဲ့ပွဲမပါပေမယ့် မန်စီးတီး၊ အာဆင်နယ်၊ မန်ယူတို့အနေနဲ့ ပထမအကျော့က ခက်ခဲစွာရင်ဆိုင်ခဲ့ရတဲ့အသင်းတွေနဲ့ ပြန်တွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် မန်ယူအနေနဲ့ အိမ်ကွင်းမှာတောင်အနိုင်မယူနိုင်ခဲ့တဲ့ ဘန်လေကို အဝေးကွင်းမှာ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲ ရယူနိုင်ပါ့မလားစောင့်ကြည့်ရမယ်။





## ဘန်လေ VS မန်ယူ

စနေနေ့ : ၂၀-၁-၁၈ : ၉ း ၃၀

ပကျော့ : မန်ယူ ၂ - ၂ ဘန်လေ

ပထမအကျော့ အဝေးကွင်းမှာမန်ယူကို သရေကစားခဲ့တဲ့ ဘန်လေခြေစွမ်းကောင်းမွန်ခဲ့သလို အိမ်ကွင်းဖြစ်နေလို့လည်း ဒီပွဲမှာပိုမိုအားစိုက်လာမှာပါ။ အထူးသဖြင့်ဘန်လေက အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကျစ်လျစ်မှု ရှိပါတယ်။ ခံစစ်ပိုင်းကစားပုံလည်းကောင်းမွန်မှုရှိလို့ မန်ယူကို ထိန်းချုပ်နိုင်ဖို့ ရှိနေပါတယ်။ မန်ယူက အဝေးကွင်းစွမ်းဆောင်ရည် ထင်သလောက် မတည်ငြိမ်သလို တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်ဘူး။ မန်ယူအနိုင်ရနိုင်ခြေရှိပေမယ့် ဂိုးပြတ်နိုင်ဖို့တော့ ခက်လွန်းတယ်။

## ဘရိုက်တန် vs ချယ်လ်ဆီး

ပကျော့ ချယ်လ်ဆီး ၂ ၀ ဘရိုက်တန်

နှစ်ပွဲဆက်တိုက်အနိုင်မရခဲ့တဲ့ ချယ်လ်ဆီးအနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဒါပေမယ့် သတိပြုရမှာက ချယ်လ်ဆီးတိုက်စစ်က အဆုံးသတ်ပိုင်း တည်ငြိမ်မှု မရှိပါဘူး။ ဒါ့အပြင် ဒီပွဲအပြီးမှာလည်း အာဆင်နယ်နဲ့ လိဂ်ဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ကစားရဖို့ရှိနေတယ်။ ဘရိုက်တန်က ခံစစ်ပိုင်း အနည်းငယ်အားနည်းနေတယ်ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်မယ်။

## အာဆင်နယ် vs ပဲလေ့စ်

ပကျော့ ပဲလေ့စ် ၂ ၃ အာဆင်နယ်

အာဆင်နယ်အနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာ ဖြစ်ပါတယ်။ အိမ်ကွင်းအားသာချက်လည်း ရှိနေပါတယ်။ ဒါပေမယ့် အာဆင်နယ်အနေနဲ့ ဒီပွဲအပြီးမှာ လိဂ်ဖလား ဆီမီးဖိုင်နယ်ပွဲအဖြစ် ချယ်လ်ဆီးနဲ့ ထပ်မံကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ပါတယ်။ ပဲလေ့စ်ကတော့ တန်းမဆင်းရရေး အားစိုက်ကစားနေသလို ဒီပွဲမှာလည်း အာဆင်နယ်ကို အကောင်းဆုံးတုံ့ပြန်ကစားသွားမှာ သေချာပါတယ်။ အာဆင်နယ်အနိုင်ရရင်တောင်ဂိုးမပြတ်ဘူး။

## အဲဗာတန် vs ဝက်စ်ဘရွန်း

ပကျော့ ဝက်စ်ဘရွန်း ၀ ၀ အဲဗာတန်

အခုနောက်ပိုင်းမှာ အဲဗာတန်ခြေက အားနည်းမှုတွေရှိလာပြီး နိုင်ပွဲတွေပျောက်ဆုံးနေပါတယ်။ ဒါပေမယ့်လည်း အဆိုပါအခြေအနေကြောင့် အဲဗာတန်တို့ အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ ပြန်လည်အားစိုက်လာနိုင်ပါတယ်။ ဝက်စ်ဘရွန်းကတော့ ဘရိုက်တန်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့နိုင်ပွဲပြန်ရှာဖို့အားစိုက်လာမယ့် အဲဗာတန်ကသာ နိုင်ပွဲကပ်ရသွားနိုင်ဖို့ရှိနေပါတယ်။

## မန်စီးတီး vs ကာဆယ်

ပကျော့ ကာဆယ် ၀ ၁ မန်စီးတီး

ပရီမီယာလိဂ်မှာ ပထမဆုံးရှုံးပွဲကြုံခဲ့လို့ မန်စီးတီးနိုင်ပွဲပြန်ရဖို့အားစိုက်လာမှာပါ။ လိဂ်ဖလားဆီမီးဖိုင်နယ်ကစားရမှာဖြစ်ပေမယ့် ပထမအကျော့နိုင်ပွဲကြောင့် ဒုတိယအကျော့မှာ ထိန်းကစားနိုင်တဲ့ အခွင့်အရေးရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ မန်စီးတီးတို့ ခြေကုန်ထုတ်ကစားလာနိုင်ပါတယ်။ ကာဆယ်ကတော့ အသင်းလိုက်ကစားပုံကောင်းသလို ခံစစ်ကစားပုံတည်ငြိမ်ပေမယ့် မန်စီးတီးပဲ အနိုင်ရမယ်။

## ဆွမ်ဆီး vs လီဗာပူး

ပကျော့ လီဗာပူး ၅ ၀ ဆွမ်ဆီး

လက်ရှိအချိန်မှာ လီဗာပူးရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်နေကာ မန်စီးတီးကိုတောင် အနိုင်ကစားနိုင်ခဲ့တယ်။ တိုက်စစ်ပိုင်း စွမ်းဆောင်ရည်ကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ဆွမ်ဆီးက အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းအရ အားနည်းနေပါတယ်။ ဆွမ်ဆီးတို့ တန်းမဆင်းရအောင် အားစိုက်ကစားလာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့လီဗာပူးပဲ အနိုင်ရမယ်။

## ဝက်စ်ဟမ်း vs ဘုန်းမောက်

ပကျော့ ဘုန်းမောက် ၃ ၃ ဝက်စ်ဟမ်း

ဒီနောက်ပိုင်းမှာ ဘုန်းမောက်ခြေစွမ်းက ကောင်းမွန်မှုရှိလာတယ်။ ဒါပေမယ့်ခံစစ်ပိုင်း အားနည်းမှုအချို့ရှိနေဆဲဖြစ်သလိုအဝေးကွင်းပွဲတွေမှာဆိုရင်လည်း ကစားအားကျဆင်းတတ်တယ်။ အထူးသဖြင့် ဝက်စ်ဟမ်းကလည်း ခြေစွမ်းပိုင်းကောင်းနေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်နေတယ်။ အိမ်ကွင်းဖြစ်နေလို့လည်း ဝက်စ်ဟမ်းအားစိုက်ကစားလာမှာဖြစ်ပြီး နိုင်ပွဲကပ်ရမယ်။

## စတုတ် vs ဟက်ဒါဖီးလ်

ပကျော့ ဟက်ဒါဖီးလ် ၁ ၁ စတုတ်

စတုတ်ခြေစွမ်းပိုင်းနဲ့ ခံစစ်ကစားပုံ အားနည်းနေတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် စတုတ်ကတန်းမဆင်းရဖို့ရုန်းကန်နေတာကြောင့် ပိုမိုဂရုစိုက်ပါလိမ့်မယ်။ ဟက်ဒါဖီးလ်ကလည်း လက်ရှိအချိန်မှာခြေပျက်နေကာ အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်း ပိုမိုအားနည်းတတ်ပါတယ်။ စတုတ်တို့အနိမ့်ဆုံး သရေလောက်ရမှာပါ။

## ဆောက်သမ်တန် vs စပါး

ပကျော့ စပါး ၅ ၂ ဆောက်သမ်တန်

စပါးခြေစွမ်းကကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဟယ်ရီကိန်းခြေစွမ်းပြနေတာကြောင့် ဂိုးသွင်းအားကောင်းနေတယ်။ ဆောက်သမ်တန်ကတော့ခြေစွမ်းပိုင်း မတည်ငြိမ်ဘဲခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့် ဒီပွဲကဆောက်သမ်တန်ရဲ့အိမ်ကွင်းဖြစ်နေတာကြောင့် စပါးတို့ကစားရအနည်းငယ် ခက်ခဲနိုင်ပါတယ်။ စပါးအနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်နိုင်ဘူး။

## လက်စတာ vs ဝတ်ဖို့ဒ်

ပကျော့ ဝတ်ဖို့ဒ် ၂ ၁ လက်စတာ

ချယ်လ်ဆီးကိုသရေကစားနိုင်ခဲ့တဲ့ပွဲမှာ လက်စတာခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝတ်ဖို့ဒ်ကတော့ တုံ့ပြန်ကစားပုံကောင်းမွန်ပေမယ့် ခံစစ်ပိုင်း အားနည်းမှုတွေရှိနေတာကို သတိပြုရမှာပါ။ နိုင်ပွဲပြန်ရှာဖို့ အိမ်ကွင်းမှာ အားစိုက်လာမယ့် လက်စတာပဲနိုင်ပွဲရမယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၈ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၂ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာ(၂၀) လစ်လပ်လျက်ရှိပါသဖြင့် အကောက်ခွန်မှူးရာထူးအဖြစ် အောက်ပါသတ်မှတ်ချက်ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အောက်ပါဘွဲ့/မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

| | | |
|---|---|---|
| (၁) | မဟာကွန်ပျူတာသိပ္ပံဘွဲ့/ မဟာကွန်ပျူတာနည်းပညာဘွဲ့ | (၅) ဦး |
| (၂) | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်) | (၅) ဦး |
| (၃) | မဟာဘွဲ့(စီးပွားရေးတက္ကသိုလ်) | (၃) ဦး |
| (၄) | မဟာဥပဒေဘွဲ့ | (၃) ဦး |
| (၅) | မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ) | (၁) ဦး |
| (၆) | မဟာသိပ္ပံဘွဲ့(ဘူမိဗေဒ) | (၁) ဦး |
| (၇) | စက်မှုအင်ဂျင်နီယာဘွဲ့ | (၁) ဦး |
| (၈) | ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘွဲ့ | (၁) ဦး |

(ဂ) ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်မခံပါ။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နိုင်ငံတော်အတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) ၃၁-၁-၂၀၁၈ ရက်တွင် အင်ဂျင်နီယာဘွဲ့ရပြီးသူများသည် အသက် (၂၅)နှစ်နှင့် မဟာဘွဲ့ရရှိသူများသည် အသက်(၂၇) နှစ်ထက် မကျော်လွန်သူများဖြစ်ရမည်။

(စ) ကျွမ်းကျင်စွာ ရေကူးတတ်ရမည်။

(ဆ) အမျိုးသားများအတွက် အနည်း အရပ် ၅'၅"၊ ရင်အုပ်နဂိုနေ ၃၂"၊ ကိုယ်အလေးချိန်ပေါင် ၁၁၀နှင့် အိမ်ထောင်မရှိသူ လူပျိုဖြစ်ရမည်။

(ဇ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅'၂"၊ ကိုယ်အလေးချိန်ပေါင် ၉၀နှင့် အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတများကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီး အောင်မြင်သူများကို ကွန်ပျူတာနှင့်ရေကူးစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရွေးချယ်ခြင်းခံရပါက ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့်သင်တန်း၊ အကောက်ခွန်ဆိုင်ရာအခြေခံ သင်တန်းများသို့ တက်ရောက်ရမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲအား ၁၇-၂-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့်ဖြေဆိုရမည့်နေရာ၊ အချိန်တို့အား ၇-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် အကောက်ခွန်ဦးစီး ဌာနရုံးချုပ်ရှေ့ရှိ ကြော်ငြာသင်ပုန်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) ကိုယ်တိုင်လျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ် မူရင်း/မိတ္တူမှန်

(ဃ) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ် မူရင်း/မိတ္တူမှန်

(င) (၂)လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂"×၁.၄") ဓာတ်ပုံ(၂)ပုံ

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၄။ လျှောက်လွှာများကို ၄၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် အကောက်ခွန်သင်တန်းကျောင်းတွင်လျှောက်ထားနိုင်ပြီး လျှောက်လွှာလက်ခံမည့်ရက်မှာ ၂၄-၁-၂၀၁၈ရက်မှ ၂-၂-၂၀၁၈ရက်အထိ ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၇။ ရွေးချယ်ခြင်းခံရပါက ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲ၊ ဘဏ္ဍာရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဥပဒေရေးရာဌာနခွဲနှင့် နိုင်ငံတကာရေးရာဌာနခွဲတို့တွင် အမြဲတမ်းတာဝန်ပေးအပ်ရန်အတွက် ခန့်အပ်မည်ဖြစ်ပြီး အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ-ဖုန်း-၀၁-၃၈၂၈၅၁နှင့်အကောက်ခွန်သင်တန်း ကျောင်း-ဖုန်း-၀၁-၉၀၁၀၆၈၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

---

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဘက်စုံသုံးဘေးဒဏ်ခိုလှုံရန် အဆောက်အဦများဖြစ်သော Shelterများ ဆောက်လုပ်နိုင်ရေးအတွက် တင်ဒါစနစ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ Cyclone Shelter များဆောက်လုပ်သည့် အတွေ့အကြုံရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | ၂၂-၁-၂၀၁၈ရက် |
| ၄။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | ၂-၂-၂၀၁၈ရက် |
| ၅။ **တင်ဒါပုံစံတစ်စောင်ဈေးနှုန်း** | ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| ၆။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** | ၂၈-၂-၂၀၁၈ရက် |
| ၇။ **တင်ဒါရောင်းချမည့်နေရာ** | ရုံးအမှတ်၂၃၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန။ |

၈။ တင်ဒါလမ်းညွှန်ချက်နှင့်ပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၁-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၃၁၇၊ ၀၆၇-၃၄၀၄၃၉၅တို့သို့စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**
**ရုံးအမှတ်(၂၃)၊ နေပြည်တော်**

---

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၈)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ HSD ဒီဇယ်ဆီ 2,273,000.±. 5%Ltrsကို မြန်မာကျပ်ငွေဖြင့် တာချီလိတ်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင် ဆီဖလှယ်ကွင်းအရောက် ဤလုပ်ငန်းမှ သတ်မှတ်ထားသော ဆီတင်ယာဉ်များသို့ စနစ်တကျဆီဖလှယ်ပေးခြင်း အပါအဝင်(DDP)ဈေးနှုန်းဖြင့် ဝယ်ယူမည်ဖြစ်၍ လက်ရှိဒီဇယ်ဆီဖြန့်ဖြူးရောင်းချနေသော ဒေသခံကုမ္ပဏီဖြစ်ရမည့်အပြင် တာချီလိတ်မြို့နယ်အတွင်း စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရရှိထားသည့် စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်အနည်းဆုံးရှိရမည်ဖြစ်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏တာချီလိတ်မြို့သို့ နယ်စပ်ဖြတ်ကျော် ဒီဇယ်ဆီတင်သွင်းခွင့်သက်တမ်းရှိ သွင်းကုန်လိုင်စင်ရရှိထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပုံစံတစ်စောင်လျှင်ကျပ် ၁၀၀၀၀၀နှုန်းဖြင့် အောက်ပါအတိုင်း ဝယ်ယူယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | High Speed Diesel(0.05%S) (500 ppm S) | 2,273,000.±5%Ltrs |

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံဝယ်ယူနိုင်သည့်နေရာ | - | ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော် |
| ၃။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၈-၁-၂၀၁၈ |
| ၄။ | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂၅-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီ |
| ၅။ | တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | - | ၂၅-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီ |
| ၆။ | တင်ဒါဖွင့်မည့်နေရာ | - | မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော် |

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၄၈၇၊ ၀၆၇-၃၄၁၁၄၈၆၊ ၀၆၇-၃၄၁၁၂၈၀၊ ၀၆၇-၃၄၁၁၁၂၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၆)၊ နေပြည်တော်**

---

# Invitation to Bid-Works/Construction

The Danish Refugee Council (DRC) has received funding from DKK & OCHA for the implementation of humanits ian aid Rakhine State.

DRC is seeking new vendors and equests you to submit price bids for: ITB-MM-STW-2018-01: Single Latrine and Two Units Latrine Full Rehabilitation Work at OTG-S,Sittwe Township,Rakhine State

ITB lssuing Date: 19 Jan 2018

ITB Closing Date: 2 Feb 2018-16:00

For more information on how obtain the full tender package,please contact:

Zaw Khin Linn-Ph:09-250124255,zawkhin.linn@drcmm.org

Maung Oo Kyaw-Ph:09-421751233

---

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2299 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/2337 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8564 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၂၈၂၉ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabai Phyu Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8377 SKAT LFJ 3048 G1, Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ Myanmar New Power Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

---

# ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၇၀၃/ခ၊ မြေကွက်တည်နေရာအမှတ် ၇၀၃/က၊ ဝေဇယန္တာလမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်ယုံ ၁၂/သကတ(နိုင်)၀၉၂၃၂၁ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ယုံ ၁၂/သကတ(နိုင်)၀၉၂၃၂၁ထံမှ ပိုင်ဆိုင်စာချုပ်(၂၄၃၆/၁၇)ဖြင့် ပိုင်သူ ဒေါ်တင်မာလွင် ၁၂/သကတ(နိုင်)၀၁၇၁၄၈မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်း ထောက်ခံစာ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းသည် နာဂစ်မုန်တိုင်းတိုက်ခတ်ရာမှ အမှန်တကယ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁-၉-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ လျှောက်ထားလာရာ မြေပြင်၌ တစ်ထပ်ကျောက်ပြားကာ တစ်လုံးတွင် ဒေါ်တင်မာလွင် ကိုယ်တိုင်နေထိုင်ပြီး ကျန်တစ်ထပ်ထရံကာအိမ် တစ်လုံးတွင် သားဖြစ်သူနေထိုင်ကြောင်း တွေ့ရှိရသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

AUNG ZABU TUN INDUSTRIAL LTD
Electrical Engineering Group

ISO 9001 : 2015
SGS
UKAS MANAGEMENT SYSTEMS 0005
Certificate TH 13 / 7386

CONGRATULATION ON ACHIEVEMENT OF ISO 9001:2015 CERTIFICATION

General Manager ၏ဦးဆောင်မှုအပေါ် ဟန်ချက်ညီညီ တက်တက်ကြွကြွ စည်းကမ်းရှိရှိ လိုက်နာဆောင်ရွက်ပြီး ကုမ္ပဏီ၏ Management System ISO 9001:2015 Certificate ကို ထိုက်တန်စွာ ရရှိစေသည်အထိ စွမ်းဆောင်ခဲ့ကြသော Manager များ၊ သက်ဆိုင်ရာဌာန တာဝန်ခံများ၊ ဝန်ထမ်းများ၊ အမှုထမ်းများ အားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း။

Chairman, Managing Director နှင့် Director အဖွဲ့ဝင်များ

AUNG ZABU TUN INDUSTRIAL LTD
No(C-19/20),U Wisara Road, North Dagon Industrial Zone, North Dagon Township, Yangon, Myanmar
Tel : +95-9-8618405, 95-9-421064291,95-9-421064293
Email: info@azbtmyanmar.com, azbt.industrial@gmail.com,
www.aungzabutun-indltd.com, facebook : Aung Zabu Tun Industrial

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အကြိမ်(၆၀)မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄) (ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း) (၁)နှစ်သင်တန်းဝင်ခွင့်
# လျှောက်လွှာခေါ်ယူခြင်း

ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံများ (မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီး၊ မကွေးပြည်သူ့ဆေးရုံကြီး၊ မုံရွာပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ပြည်သူ့ဆေးရုံကြီး၊ မြိတ်ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး) တို့တွင် ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ်အတွက် ၂၃-၄-၂၀၁၈ ရက်တွင် ဖွင့်လှစ်မည့် အကြိမ်(၆၀)မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)/ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း (Grade-II)(၁)နှစ် သင်တန်းသို့ တက်ရောက်ရန် အောက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ (ဓာတုဗေဒဘာသာရပ်၊ သင်္ချာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်တစ်ခုစီတွင် အနည်းဆုံး(၅၀)မှတ်ဖြင့် အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိသည်။ လျှောက်ထားခွင့်ရှိသူများအား စုစုပေါင်းရမှတ်အများအနည်းအလိုက် တန်းစီဇယားဖြင့် ရွေးချယ်ပါမည်။)

(၃) လျှောက်လွှာပိတ်သည့် ၁၉-၂-၂၀၁၈ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်အောက်ဖြစ်ရမည်။

(၄) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၅) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။

(၆) ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိရ။ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။

(၇) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ မိမိအစီအစဉ်ဖြင့် မိမိတက်ရောက်နိုင်သူဖြစ်ရမည်။

(၈) သင်တန်းအောင်မြင်ပြီးဆုံးပါက ဓာတ်ခွဲကျွမ်းကျင်-၄ (လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)နေရာများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ခံရပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၉) သင်တန်းတက်ရောက်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီး ဝန်ထမ်းအဖြစ်ခန့်အပ်ပါက အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၅၀၀၀၀/-) (ကျပ်ငါးသောင်းတိတိ) ပေးလျော်မည်ဖြစ်ကြောင်း ကတိဝန်ခံချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးပြီး ဝန်ထမ်းအဖြစ် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ပြီးမှသာ ဓာတ်ခွဲကျွမ်းကျင်(၄) သင်တန်းဆင်းအောင်လက်မှတ်ကို ပေးအပ်မည်ဖြစ်သည်။

၂။ **လျှောက်လွှာပေးပို့ရန်**

(၁) လျှောက်လွှာများကို(မည်သည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးတွင်မဆို)ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိလက်ရှိနေထိုင်သော သန်းခေါင်စာရင်းတည်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့သာလိပ်မူ၍ လျှောက်လွှာပိတ်ရက် ၁၉-၂-၂၀၁၈ ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

**(နေပြည်တော်၊ ကုသရေးဦးစီးဌာန၊ ရုံးချုပ်သို့လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)**

(၂) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုန်ပေးသည့်အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မိတ္တူ)(၁)စောင်

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာပေးပွဲအောင် ရမှတ်စာရင်း(မူရင်း) (၁)စောင်

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်

၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာ(မူရင်း) (၁)စောင်

၅။ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက် (သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး) ထောက်ခံစာ(မူရင်း) (၁)စောင်

၆။ ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း) (၁)စောင်

၇။ မိမိလက်ရှိနေထိုင်သော သန်းခေါင်စာရင်း(မိတ္တူ) (၁)စောင်

၈။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ(မူရင်း) (၁)စောင်

၉။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး ဓာတ်ပုံ(၂)ပုံကို ပူးတွဲပေးပို့ရမည်။ (ခြောက်လအတွင်းရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်များရေးရမည်။)

(**မှတ်ချက်။** ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ် ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)

၃။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့်သင်တန်းတည်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ဆေးရုံကြီးသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း မည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)

၄။ အောက်ပါအချက်များနှင့် ငြိစွန်းသည့် လျှောက်လွှာကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၁) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ

(၂) သတ်မှတ်ချက်စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ

(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပို့သည့် လျှောက်လွှာများ

(၄) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ

၅။ သင်တန်းတက်ခွင့်ရ အမည်စာရင်းနှင့် သင်တန်းနေရာ ထုတ်ပြန်သတ်မှတ်ကြေညာခြင်း ၂၀၁၈ခုနှစ် မတ်လ ၃၀ ရက်တွင် အောက်ပါဌာနများ၌ ကြော်ငြာထားပါသည်။

(၁) ကုသရေးဦးစီးဌာန၊ နေပြည်တော်။

(၂) ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့။

(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကုသရေးဦးစီးဌာမှူးရုံးများ။

(၄) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းများတည်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံကြီးများ။

(**မှတ်ချက်**။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး နှစ်ပတ်ထက် နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)

(၅) သင်တန်းတက်ရောက်ခွင့် အမည်စာရင်းကို သီးသန့်ခေါ်စာ ပေးပို့မည် မဟုတ်ပါ။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံးများမှ ကြေညာမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးများ

(၂) ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဖုန်း-၀၁-၃၇၁၉၅၇၊ ၀၁-၃၇၁၉၂၅

**ကုသရေးဦးစီးဌာန**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် နွယ်ခွေ သိုလှောင်ရုံအမှတ်(၁၂) (၁၂၁'×၅၀'×၁၅')၊ သိုလှောင်ရုံအမှတ်(၁၃) (၁၂၁'×၅၀'×၁၅')၊ သိုလှောင်ရုံအမှတ်(၁၄) (၁၂၁'×၅၀'×၁၅')၊ သိုလှောင်ရုံအမှတ်(၁၅) (၁၂၁'×၅၀'×၁၅')တို့ပါဝင်သော ခန့်မှန်းမြေဧရိယာ(၂ဒသမ၂၆၈) ဧကပေါ် တည်ဆောက်ထားသော သိုလှောင်ရုံ(၄)လုံးအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ငှားရမ်းမှု အိတ်ဖွင့်တင်ဒါ ဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါရောင်းချမည့်ရက်** - ၁၉-၁-၂၀၁၈ရက်မှ ၅-၂-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း

**တင်ဒါရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၀-၂-၂၀၁၈ ရက် ၁၃း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်အသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၁၉၆ နှင့် ၀၆၇-၄၁၀၅၂၄ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ မြခါညိုလမ်းရှိ ဘေထုပ်စက်ရုံဝင်းမှ သိုလှောင်ရုံ(၁)လုံး (၁၂၀ပေ ×၅၀ပေ×၁၅ပေ) မြေဧရိယာအလျား(၁၈၀ပေ)၊ အနံ(၁၀၀ပေ)အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ငှားရမ်းမှု အိတ်ဖွင့်တင်ဒါ ဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါရောင်းချမည့်ရက်** - ၁၉-၁-၂၀၁၈ရက်မှ ၅-၂-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း

**တင်ဒါရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၀-၂-၂၀၁၈ ရက် ၁၃း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်အသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၁၉၆ နှင့် ၀၆၇-၄၁၀၅၂၄ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့ဖြန့်ဖြူးရေးဌာနပိုင် ရေနံဓာတ်ငွေ့ရည်တင်တွဲ L.P-101,L.P-102, L.P-104တွဲ (၃)တွဲ တွန်းရေယာဉ် ဆင်ပြောင်(၁၇)နှင့် ဆီတွဲအမှတ် ဆ-၈၀၁၂ တို့အား မျက်မြင်အခြေအနေအတိုင်း ပြည်တွင်းကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၂-၂၀၁၈ရက်မှ ၁၅-၂-၂၀၁၈ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရန် နောက်ဆုံးရက် အချိန်နှင့် နေရာ** - ၁၅-၂-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်အချိန်** - ၁၅-၂-၂၀၁၈ ရက် ၁၄း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အထွေထွေစီမံခန့်ခွဲရေးဌာန ဖုန်း-၀၆၇-၃၄၁၁၁၉၅ ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့ဖြန့်ဖြူးရေးဌာန ဖုန်း-၀၉-၂၅၄၀၁၇၆၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
# အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၈၄/မမ/(CE) တိုင်း(၂) | ရွာထောင်နယ်မြေ၊ရွာထောင်-မုံရွာ ရထားလမ်းပိုင်း အလကပ္ပ-ချောင်ဦးကြား မိုင်(၄၄၀/၂-၃) ရှိ တံတားအမှတ် (၇၂-A )(3 x20') တံတားရေလည်တိုင် အမှတ် (၁)နှင့်(၂) တွင် (4' Ø Short Well Foundation )ပြုလုပ်ခြင်း |
| ၂ | ၈၅/မမ/(CE) တိုင်း(၅) | နေပြည်တော်ဘူတာရှိ ၊စက်မှုနှင့်လျှပ်စစ်ဌာနဘက်ခြမ်းတွင် ယာဉ်ရပ်နားစခန်း ပြုပြင်ဆောက်လုပ်ခြင်း(100' ) နှင့် နေပြည်တော်ဘူတာ မြို့ပြအင်ဂျင်နီယာ ဌာနဘက်ခြမ်းတွင် ယာဉ်ရပ်နားစခန်း ပြုပြင်ဆောက်လုပ်ခြင်း(148') |
| ၃ | ၈၆/မမ/(CME) | Propane Gas in Cylinder (15000-Kg) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁ ) နှင့် (၂) ၈. ၂.၂၀၁၈ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ
အမှတ်စဉ် (၃ ) ၁၉. ၂.၂၀၁၈ (တနင်္လာနေ့)(၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉ .၁.၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

---

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

Zenith Crop Sciences Bulgaria Ltd. မှ ထုတ်လုပ်သော အောက်ဖော်ပြပါပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို Anawrahtar Production Co.,Ltd. မှ Buronos Private Co.,Ltd. သို့ လွှဲပြောင်းဖြန့်ဖြူးမည်ဖြစ်ပါသည်။

ဤလွှဲပြောင်းဖြန့်ဖြူးခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့်သက်သေအထောက်အထားများနှင့်တကွ Anawrahtar Production Co.,Ltd. သို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| S/N | Trade Name | Active Ingredient | Registration Number | Registration Type | Category |
|---|---|---|---|---|---|
| 1 | Scorpio 7.5 EC | Fenoxaprop-P-ethyl 7.5 % EC | 2014-2135 | Provisional | H |
| 2 | Been 250SL | Fomesafen 250 g/l SL | 2014-2136 | Provisional | H |
| 3 | Picador 20 SL | Imidacloprid 20 % SL | 2014-2137 | Provisional | I |

Anawrahtar Production Company Limited
Building (34), Room No (7), Sabai Street, Mayangone Township, Yangon, Myanmar

---

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

Zenith Crop Sciences Bulgaria Limited. မှ ထုတ်လုပ်သော အောက်ဖော်ပြပါ မှိုသတ်ဆေးမှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို Shwe Thit Oo Company Limited မှ Buronos Private Company Limited. သို့ လွှဲပြောင်းဖြန့်ဖြူးမည်ဖြစ်ပါသည်။

ဤလွှဲပြောင်းဖြန့်ဖြူးခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့်သက်သေအထောက်အထားများနှင့်တကွ Shwe Thit Oo Company Limited. သို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| S/N | Trade Name | Active Ingredient | Registration Number | Registration Type | Category |
|---|---|---|---|---|---|
| 1 | Cadilac 80 WP | Mancozed 80%WP | 2015-2181 | Provisional | F |

Shwe Thit Oo Company Limited
K/13, Yuzana St., Bayint Naung Warehouses, Mayangone Township, Yangon, Myanmar

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
# ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၈)ကို ၁၉-၂-၂၀၁၈ရက်မှ ၃၀-၃-၂၀၁၈ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသည့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ မည်သူမဆို ၉-၂-၂၀၁၈ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လျှပ်စစ် စစ်ဆေးရေးသင်တန်းဌာန** - အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၃၇၅၃

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်** - ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့)

**အချိန်** - မွန်းတည့် ၁၂း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၇၅၀၊ ၂၅၆၃၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး-ပုသိမ်မြို့**
**ဧရာဝတီတိုင်းဒေသကြီး**

---

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သီရိရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၁၁၁/၂)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကွက်အား ဒေါ်ရန်ချင့်လန် ၁/မမန(နိုင်)၀၁၂၃၅၅ မှ အဆောက်အအုံ ဆောက်လုပ်ပိုင်ဆိုင်ခဲ့ပါကြောင်းနှင့် မြေငှားဂရန် အမှုတွဲအမှတ် ၁၁၄၈ ငှားသ (၂၀၁၆-၂၀၁၇) ဒေါ်ရန်ချင့်လန်အမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရန်ချင့်လန် ၁/မမန(နိုင်)၀၁၂၃၅၅**
**အောင်သီရိရပ်ကွက်၊ လွယ်ဂျယ်မြို့**

---

# ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အေးမြသာယာရပ်ကွက်(၃)နေ မြစ်ကြီးနားအဝေးသင်တက္ကသိုလ် ဒုတိယနှစ် (English) မှ မမေရီထု၏ ဖခင်အမည်မှန်မှာ ဦးအိုက်ပန်(ခ)ဦးစိုင်းဆန်ပန် ၁၃/သပန(နိုင်)၀၁၃၅၆၀ ဖြစ်ပါကြောင်း။ **ဦးအိုက်ပန်(ခ)ဦးစိုင်းဆန်ပန်**

---

# တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်-သင်္ချာအထူးပြုဘာသာရပ်၊ စတုတ္ထနှစ်မှ မသင်းသင်းကြိုင်၏ဖခင် ဦးစိုးမင်းစိုးနှင့် ဦးစိုးမင်း ၅/ကဘလ(နိုင်)၀၅၈၀၀၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးမင်းစိုး(ခ)ဦးစိုးမင်း**

---

# ဖခင်အမည်မှန်

မိုးမောက်မြို့၊ အထကခွဲ မိုးခတ်ကျောင်း နဝမတန်း(B)မှ မအေးဟွမ်၏ဖခင်အမည်မှန်မှာ ဦးမောင်လောဖြစ်ပါသည်။ **ဦးမောင်လော**
**မိုင်းခတ်ကျေးရွာ၊ မိုးမောက်မြို့နယ်**

---

# ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ကုန်းကြီး၊ကပစ(၁၀)၊ အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်အောင်ပြေဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ၈/မလန(နိုင်)၀၈၁၄၁၈ ဖြစ်ပါကြောင်း။ **ဦးမျိုးဝင်း**

---

# မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊မောင်းတုန်းရွာ၊ အလက၊ အဋ္ဌမတန်းမှ (ဘ) ဦးကျော်ဦး ၈/ဆပဝ(နိုင်)၀၇၃၆၂၀၏သမီး မအိမွန်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၉-၂၀၀၄ ဖြစ်ပါကြောင်း။ **မအိမွန်ကျော်**

---

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6657 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အကြိမ်(၂၀)မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးပွဲကြီးကျင်းပမည်

အကြိမ်(၂၀)မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်ကျေးရွာ၊ ဓမ္မဒူတ ဇေတဝန်တောရ ဆောက်န္တာရာမကျောင်းတိုက်ကြီးအတွင်း နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဓိပတိဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ ပန္နရသမရွှေကျင်သာသနာပိုင် ဝိဇ္ဇောတာရုံ ဆရာတော်ဘုရားကြီး အမှူးပြုသော ပြည်တွင်း/ပြည်ပ ရွှေကျင်နိကာယ သံဃာတစ်ထောင်တက်ရောက်လျက် ၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၃၊ ၁၄၊ ၁၅) ရက် ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၉၊ ၃၀၊ ၃၁) ရက်နေ့များတွင် နေ့စဉ်နံနက် (၈)နာရီ တစ်ကြိမ်၊ မွန်းလွဲပိုင်း (၁)နာရီတစ်ကြိမ် ကျင်းပမည်ဖြစ်ပါသည်။

ယင်းအစည်းအဝေးပွဲကြီးသို့ ကြွရောက်မည့် ဆရာတော်များသည် ခရီးစဉ်အဆင်ပြေစေရန် အရှင်ဉာဏိသာရ ဖုန်း– ၀၉ ၅၁၂ ၁၈၉၁ ၊ အရှင်သိရီကဉ္စနာဘိဝံသ ဖုန်း– ၀၉ ၅၀၆ ၅၅၉၁၊ ဦးလှကြည် ဖုန်း–၀၉ ၅၀၀ ၁၆၆၉၊ ဦးဝင်းဦး ဖုန်း– ၀၉ ၂၀၀ ၄၇၈၇၊ ဦးဝင်းစိန် ဖုန်း – ၀၉ ၄၅၆ ၆၇၂ ၆၉၈ ၊ ဦးကျော်ဦးမောင် ဖုန်း – ၀၉ ၉၇၄ ၉၀၂ ၅၅၅ သို့ဆက်သွယ်ကြပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

**ဓမ္မသဘင်အစီအစဉ်**

၀ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၈–၁–၂၀၁၈ (တနင်္ဂနွေနေ့) — ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ တိပိဋကဓရ ယောအဆရာတော်၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၉–၁–၂၀၁၈ (တနင်္လာနေ့) — ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

.၀ တပို့တွဲလဆန်း ၁၄ ရက်၊ ၃၀–၁–၂၀၁၈ (အင်္ဂါနေ့) — ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ(သာသနာပြု) တက္ကသိုလ်ပါမောက္ခချုပ်၊ မဟာသုဗောဓာရုံစာသင်တိုက်၊ စစ်ကိုင်းမြို့။

**ဆရာတော်များ ည (၇း၀၀) နာရီအချိန်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပါမည်။**

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာအမှတ် ၁/၂၀၁၈ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ–ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ နွယ်သာကီလမ်းရှိ ရတနာမာရ်အောင် တောရဓမ္မရိပ်သာများ၏ ဦးစီးပဓာနနာယက ပြည်တွင်း/ပြည်ပ သာသနာပြုဆရာတော် **ဘဒ္ဒန္တဝါယာမိန္ဒ** (မြောက်ဦးဆရာတော်)အား **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ပြည်တွင်း ပြည်ပရှိ တရားလိုလား သူတော်ကောင်းများအား အပါယ်လွတ်ကြောင်း ဝိပဿနာတရားကောင်းများကို သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့အကျိုးကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ရှိခိုးပူဇော် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**မန္တလေးဓမ္မဝန်ဆောင်အဖွဲ့**

---

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် ဦးသိန်းဝင်းဇော် (MD-Shwe Byain Phyu Co.,Ltd)၏ဇနီး **ဒေါ်တင်လတ်မင်း** (Director-Shwe Byain Phyu Co.,Ltd)သည် **သီဟသုဓမ္မသီရိဂီဘွဲ့**ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး၊ လူမှုအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း နှစ်သစ်ဆုတောင်းမင်္ဂလာနှင့်အတူ ရွှေဗျိုင်းဖြူစက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများမှ ဂုဏ်ပြုအပ်ပါသည်။

**Shwe Byain Phyu Co.,Ltd စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများ**

---

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် ဦးသိန်းဝင်းဇော် (MD-Shwe Byain Phyu Co.,Ltd.) ၏ဇနီး **ဒေါ်တင်လတ်မင်း** (Director-Shwe Byain Phyu Co.,Ltd.) သည် **သီဟသုဓမ္မသီရိဂီဘွဲ့**ကို ထိုက်တန်စွာချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး၊ လူမှုအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း နှစ်သစ်ဆုတောင်းမင်္ဂလာနှင့်အတူ ဂုဏ်ပြုအပ်ပါသည်။

**သိန်းကမ္ဘာပီနံအိတ်စက်ရုံ ဝန်ထမ်းများ**

---

### မွေးသက္ကရာဇ်နှင့် အမည်မှန်

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ဇီးကုန်းအုပ်စု၊ ပိန္နဲကုန်းကျေးရွာနေ (ဘ) ဦးကျော်နိုင်၏သမီး မသုတွယ်တာ ၁၁/ဂမန(နိုင်)၀၅၄၄၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ (၁– ၇–၂၀၀၁) ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊(၇)လမ်း၊အိမ်အမှတ် ၃၀၇/က နေ ဒေါ်မီမီမောင် (ဘ) ဦးမောင်မောင်ဌေး ၉/လဝန(နိုင်)၁၃၂၁၄၉ အမည်ပေါက်ပိုင်ဆိုင်သည့် သပြေကုန်းဈေးဆိုင်ခန်း အမှတ်(ရ–၁၉)ဆိုင်ခန်း၏ ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်ပျောက်ဆုံးသွားပါသဖြင့် လိုင်စင်ကတ် ထပ်မံလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက ဒေါ်မီမီမောင် (ဘ) ဦးမောင်မောင်ဌေး ၉/လဝန(နိုင်)၁၃၂၁၄၉ အမည်ပေါက်ထုတ်ပေးထားသည့် ယခင်လိုင်စင်ကတ်အား ပယ်ဖျက်၍ ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် ၆၉၊၇၀၊ ဧရိယာ ၀ဒသမ ၂၁၇၈ဧကရှိ မြေကွက်အား ဦးနေဝင်းထွန်း (ဘ) ဦးမောင်မောင် ၉/တကန(နိုင်)၁၀၃၈၃၂ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်၊ အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူးဉာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂–ဘီ/၅ (ပေါင်းကူးဉာဏစီမံချက်)၊ မြေကွက်အမှတ်(၅၃၈)၊ မြေကွက်တည်နေရာအမှတ်(၅၃၈)၊ မဋ္ဌူလမ်း၊ ပေါင်းကူးဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်မြစိန် ၁၂/မဂဒ(နိုင်)၁၀၂၅၈၇ ကိုယ်တိုင်မှ ပေါင်းကူးဉာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်း
### အသက်(၅၆)နှစ်

စစ်တက္ကသိုလ် အမှတ်စဉ်(၄၆)မှ ဦးနေဝင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ဖခင်သည် ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၆)**
**ကျောင်းဆင်းအရာရှိသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကြည်
### သံမှူးကြီး၊ မြန်မာသံရုံး၊ ရီယာဒ်မြို့
### အသက်(၅၄)နှစ်

ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ မြန်မာသံရုံးမှ သံအရာရှိ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ မရည်ရွယ်ချမ်းမြေ့ကြည်၏ ဖခင်ဖြစ်သူ ဆော်ဒီအာရေဗျနိုင်ငံ၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးအောင်ကြည်သည် ၁၄-၁-၂၀၁၈ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့်သံရုံးမိသားစု**
**မြန်မာသံရုံး၊ တိုကျိုမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမြင့်အောင်
### အတွင်းရေးမှူး
### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(လမ်းမတော်)
### အသက်(၄၉)နှစ်

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးပညာသင်ကြားရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဦးတင်ထွန်းအောင်၏ ချစ်လှစွာသောညီ ဦးထွန်းမြင့်အောင် အသက်(၄၉)နှစ်သည် ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၃၆၁၊ မြေကွက်တည်နေရာအမှတ် ၃၆၁၊ မြိတ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ ဦးမဲ(LMA-၀၂၃၈၁၃) ၁၂/ဗဟန(နိုင်)၀၁၃၅၃၅၊အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမဲ (LMA-၀၂၃၈၁၃) ၁၂/ဗဟန(နိုင်)၀၁၃၅၃၅ထံမှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အရောင်းအဝယ်စာချုပ်အမှတ် ၅၀၄/၉၈အရ ဒေါ်မြင့်မြင့်သန်း(D/RGN-၀၀၈၇၆၃) ၁၂/မဂဒ(နိုင်)၀၆၄၄၂၉မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ မိခင်ဒေါ်မြင့်မြင့်သန်းသည် ၅-၂-၂၀၁၀ရက်တွင်လည်းကောင်း၊ ဖခင်ဦးစိုးမြင့်သည် ၂၅-၃-၁၉၉၇ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်လွင်မာစိုး ၁၂/ဒဂတ(နိုင်)၀၀၁၉၈၀၊ (၂) ဒေါ်မြတ်စန္ဒာစိုး ၁၂/ဒဂတ(နိုင်)၀၂၇၉၄၈၊ (၃)ဦးဝေဖြိုးအောင် ၁၂/ဒဂတ(နိုင်)၀၅၆၁၈၈မှ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ် ၁၉၈၁/၁၆ဖြင့် မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၁၉၈၀/၁၆)(၁၉၇၉/၁၆)(၂)စောင်၊ ဂရန်မူရင်း၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ ၁၉၉၇ခုနှစ်တွင် ကူးယူခဲ့သောမြေပုံသည် အိမ်ဆောက်ရန်မြေပုံကူးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိတင်ပြ၍ ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်အုတ်ညှပ် ပျဉ်ထောင်တစ်လုံးရှိပြီး၊ ကိုယ်တိုင်နေထိုင်ပါကြောင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁/တိုးချဲ့၊ မြေကွက်အမှတ် ၃၈၁၊ မြေကွက်တည်နေရာအမှတ် ၃၈၁၊ အောင်ချမ်းသာ(၃)လမ်း၊ (၅၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် (ဒေါ်စိန်ညွှန့်) ၁၂/လကန(နိုင်)၀၅၆၈၈၁ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်ညွှန့်ထံမှ ၂၆-၅-၂၀၀၂ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်မြင့်မြင့်ဦးက ဝယ်ယူခဲ့ပြီး ၎င်းထံမှ (၂၆-၁၀-၂၀၀၃)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးမျိုးအောင်မှလည်းကောင်း၊ ၁၅-၂-၂၀၁၂ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်မိုးမိုးစိုးမှလည်းကောင်း ဝယ်ယူခဲ့ပြီး ၆-၆-၂၀၁၆ရက်တွင် ပါမစ်မူရင်းတင်ပြ၍ ဒေါ်မိုးမိုးစိုး ၁၂/ဥကမ(နိုင်)၁၂၀၂၇၆မှပါမစ်မူရင်း၊ နိုင်ကတ်၊ စာချုပ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာပါသည်။ ဌာနမှ ကွင်းဆင်းစစ်ဆေးရာ မြေပေါ်နေထိုင်သူ ဦးအောင်စိုး စာချုပ်(၁)ဝယ်ယူသူ(ဒေါ်မြင့်မြင့်ဦး၏ခင်ပွန်း)မှ တရားလိုပြု၍ ဒဂုံမြောက်မြို့နယ် တရားရုံးတွင် ဦးမျိုးအောင်နှင့် ဒေါ်မိုးမိုးစိုးတို့အပေါ် ချေးယူသည့်ငွေကျပ်သိန်း ၂၀အား ပြန်လည်ပေးအပ်သည်ကို လက်ခံလျက် ၂၆-၁၀-၂၀၀၃ရက်စွဲဖြင့် ဟန်ဆောင်အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ် အရပ်ကတိစာချုပ်အား ဖျက်သိမ်းပေးစေလိုမှုဖြင့် တရားစွဲဆိုထားသည့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၁၄/၂၀၁၇၏ နေ့စဉ်မှတ်တမ်းနှင့်တွဲဖက်မြို့နယ်တရားသူကြီး(၂)ဒဂုံမြောက်မြို့နယ် တရားရုံး၏ ၇-၄-၂၀၁၇ရက်တွင် ထုတ်ပေးထားသည့် ငြင်းချက်ထုတ်ရန်ဆင့်စာတို့ တင်ပြကန့်ကွက်လာခြင်းနှင့် ပတ်သက်၍ အဆိုလွှာတာဝန်ခံမိတ္တူမှန်အား ရက်ပေါင်း ၃၀အတွင်း လာရောက်တင်ပြရန် ဦးအောင်စိုးထံအကြောင်းကြားခဲ့ရာ လာရောက်တင်ပြခြင်းမရှိပါသဖြင့် ဒေါ်မိုးမိုးစိုး၏ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်းတင်
### တန့်ဆည်မြို့နယ်
### အသက်(၈၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်း - ဒေါ်ချိုချိုတို့၏ မိခင် ဒေါ်အုန်းတင် အသက်(၈၉)နှစ်သည် ၁၇-၁-၂၀၁၈ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ရုံးအဖွဲ့**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး**

## ဒေါ်မေမေခင် (မော်လမြိုင်)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၃၁(အေ)နေ ဦးစိန်ဘင်-ဒေါ်အေးသင်တို့၏သမီး၊ (သဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် ဦးချစ်တင်-သဒ္ဓမ္မဇောတိကဓဇ ဆရာမကြီး ဒေါ်မြသွင်)၊ (ဦးရွှေသွင်)-ဒေါ်ငြိမ်းကျင်(အထက-၆၊ ဗိုလ်တထောင်၊ ငြိမ်း)၊ (ဒေါ်တင်မေ)၊ ဒေါ်အုန်းကြည်တို့၏ညီမ၊ Australia, PERTH မြို့နေ ဦးမျိုးညွှန့်-ဒေါ်တင်မြရီ၊ ဦးသန်းဝင်း-ဒေါ်ခင်မျိုးရည်၊ ဦးမျိုးဝင်း(Naung Yoe Technologies Co.,Ltd.)-ဒေါ်တင်ချိုဦး၊ ဦးညွှန့်ဦး-ဒေါ်ကျင်ငွေး၊ (ဦးတင်ရွှေဦး)၊ ဦးလှဦးရွှေ(TARGET Engineering Group Co., Ltd.)-ဒေါ်ချိုမာဝင်းတို့၏အဒေါ်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၁၇-၁-၂၀၁၈ရက် ည ၁၁း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးခင်မောင်ဝင်း(ကျိုက်ထိုမြို့) အသက်(၇၈)နှစ်
### B.A (Philosophy)
### မန်နေဂျာ(ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
### ကုန်သွယ်ရေး(၁၂)မော်လမြိုင်

ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်နေ(ဦးရင်စိန်-ဒေါ်သန်း)တို့၏သား၊ ဘီးလင်းမြို့နေ ဦးတင်လှိုင်-ဒေါ်မြမြဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၄၊ C/7နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ (ဦးသန်းထွန်းဝင်း)၊ ဒေါ်ချယ်ရီဝင်း(ခေတ္တ-Germany)-ဦးထင်ပေါ်ဝင်းအောင်၊ ဒေါက်တာမေရီဝင်း(Acco ဗဟိုရိုရှစည်ဆေးရုံ)-ဦးမြင့်သိန်း၊ ဒေါ်သင်းသင်းဝင်း(ခေတ္တ-Thailand)-Papid Kamel၊ (ဦးမောင်မောင်ဝင်း)တို့၏ဖခင်၊ မောင်လင်းထက်အောင်၊ မောင်ဟန်ထွန်းဇော်၊ မထက်ထက်ဝင်း၊မောင်ဇော်လင်းထွန်း၊ Dee Dee တို့၏အဘိုး၊ ပေါင်းတည်မြို့နေ ဦးညွှန့်လှိုင်-ဒေါ်နီလာငွေး၊ ဘီးလင်းမြို့နေ ဦးဝင်းကိုကို-ဒေါ်စုစုလှိုင်တို့၏ဘကြီးသည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာမဒေါ်ရွှေယဉ် (ဘူးသီးတောင်)
### အသက်(၇၈)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးကျော်မိုး (ဒုတိယညွှန်ကြားရေးမှူး)၏ မိခင်ကြီး ဆရာမဒေါ်ရွှေယဉ်သည် ၁၂-၁-၂၀၁၈ရက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာမ ကောင်းရာသုဂတိလားပါစေ။

**ဒေါက်တာသိန်းစောထွန်း**
**'ထွန်း'ဆေးရုံ၊ စစ်တွေမြို့နှင့်**
**ဘူးသီးတောင်မြို့နယ်အသင်း(စစ်တွေ)**
**အသင်းသူ/သားများ**

## ဒေါ်တင်တင်ထွေး (ဝါးခယ်မမြို့)
### အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ စာတိုက်မှူး (ဦးဘရှင်-ဒေါ်သန်းရင်)တို့၏သမီး ၊(ဦးတင်မောင်-ဒေါ်တင်တင်စိုး)၊(ဗိုလ်မြသွေး-ဒေါ်ဦးခင်)၊ (ဦးဝင်းဖေ-ဒေါ်အေးမိ)၊ (ဦးဖေသိန်း)-ဒေါ်လှသန်း၊ (ဦးစောလွင်)-ဒေါ်ခင်လေးမြိုင်၊ (ဦးသိန်းထွန်း)-ဒေါ်အုန်းမြင့်၊ (ဦးတင်ထွဏ်း)-ဒေါ်တင်တင်အေးတို့၏ညီမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်း၊ တိုက် ၃၆၃၊ အခန်း ၁၀နေ (ဗိုလ်ကြီးသူရမောင်ချို)၏ဇနီး၊ ဦးမိုးမင်းသိန်း၏မိခင်သည် ၁၈-၁-၂၀၁၈ရက် နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးမြသိန်းတန်
### အသက်(၆၂)နှစ်

အထက(၃)အလုံကျောင်းသူဟောင်း ဒေါ်သန်းသန်းစိန်(မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့)၏ခင်ပွန်း ဦးမြသိန်းတန်သည် ၁၇-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၃)အလုံ (မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့၊**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့)**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နော်ထူးမေ(ခ)ဒေါ်ရွှေ
### အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဆင်ကူးကြီးကျေးရွာနေ (ဦးဘသာကြီး-နော်ရှဲခင်)တို့၏သမီး၊ ဒေါ်နော်ထူးလာ - (ဦးစိန်ငွေး)တို့၏အစ်မ၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်နေ ဦးချစ်ခိုင်၏ဇနီး၊ ဒေါ်အေးအေးခိုင်-ဦးလှိုင်ဝေထွန်းတို့၏မိခင်၊ ကိုမှူးသက်ပိုင်ထွန်း (Star Academy)၊ ကိုဖွဲ့ထက်ပိုင်ထွန်း (D.B.A, KBTS)၊ မခွန်းဆက်လှိုင်ဝေထွန်း(ICEC)တို့၏ အဘွားသည် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးစိုးမြင့်(ငြိမ်း)
### ရွှေမန်းသူ(မုံရွာ)ဂိတ်မှူး
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ ၄လမ်း၊ အမှတ် ၃၃၃နေ (ဗိုလ်ကြီးထွန်းစံ၊ ငြိမ်း)-ဒေါ်လှနော်ဖြူတို့၏တူသား၊ (ဦးဦးကျော်မြ-ဒေါ်ငွေရှိန်)တို့၏သား၊ (ဦးမောင်လှိုင်-ဒေါ်ခင်လှ)တို့၏သားသမက်၊ဒေါ်ခင်နု၊ ဒေါ်ခင်စိန်၊ ဦးစိန်မြ၊ (ဒေါ်ဦးခင်သန်း)တို့၏ညီ/မောင်၊ ဦးသိန်းဆန်း-ဒေါ်သန်းသန်းမြင့်၊ဦးဝင်းမြင့်၊ဦးအောင်ကြည် - ဒေါ်ဖြူဖြူဆွေတို့၏ အစ်ကို၊ မောင်မျိုးမင်းစိုး-မလှဥမ္မာ၊ မောင်သန်းထိုက်အောင်-မနှင်းမြတ်စိုးတို့၏ ဖခင်၊ (ဒေါ်လှလှကြည်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၁း၁၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းအုန်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ တိုက် ၇၊ အခန်း ၃၀၁နေ (ဦးဝင်းမြင့်-ဒေါ်အုန်းတင်)တို့၏သမီး၊ ဗိုလ်ကြီးစန်းမြင့်(ငြိမ်း)၏ဇနီး၊ ကိုရဲဝင်းရှိန်-မဝင်းဝင်းစိုး(Smile Mobile ယုဇနပလာဇာ)၊ဒုရဲအုပ်နေလင်းဦး[အမှတ်(၆)နယ်မြေရဲစခန်း၊ ချမ်းအေးသာဇံမြို့နယ်] - မခိုင်မာမျိုးမြင့် (ဌာနခွဲစာရေး၊ အား/ကာသိပ္ပံ၊ မန္တလေး)တို့၏ မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်းနိုင်
### Denko ဆီဆိုင်၊ ရပ်စောက်
### အသက်(၆၀)

ရွှေညောင်ပင်မြို့နေ (ဦးသန်းဆွေ-ဒေါ်သီတာစိုး)တို့၏သား၊ ဒေါ်စန်းစန်းငွေး(ဒေါ်ဒေါ်)၏ခင်ပွန်း၊ (ဗိုလ်ကြီးသန်းနိုင်)-ဒေါ်ခင်သိန်း၊ ဦးထွန်းနိုင်-ဒေါ်ငွေးငွေးဦး၊ (ဦးသောင်းရွှေ-ဒေါ်ကြည်ကြည်နိုင်)၊ ဦးလှအောင်-ဒေါ်တင်လေးနိုင်(မေတိုး)တို့၏ ညီ/မောင်၊ ဦးကျော်မိုးနိုင်-ဒေါ်သန်းစိန်(ဘုရားကြီး)၊ ဒုဗိုလ်မှူးကြီးရန်လင်းနိုင်-ဒေါ်ခင်လေးဖြူ(အောင်ပန်း)၊(ဦးတင်အောင်နိုင်-ဒေါ်စန္ဒာမြင့်သိန်း)၊(ကိုအောင်ဆွေနိုင်)တို့၏ အစ်ကို၊ မသွဲ့ဆုနိုင်(ညေးညေး)၊ မတိုးအိလင်းနိုင်(ကေးကေး)တို့၏ ဖခင်သည် ၁၈-၁-၂၀၁၈ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မသာမိ
### သာသနာ့ဓဇဓမ္မာစရိယ၊ ရပ်ကွက်(၆)သံဃနာယကဥက္ကဋ္ဌ
### သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ (၆)ရပ်ကွက်၊ သခွတ္တောရပ်ရှိ မဏိရတနာပုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်သည် ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇော်ပွဲကို ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်၊ ဒါယကာ၊ ဒါယိကာမပေါင်းတို့အား မဏိရတနာပုံပရိယတ္တိစာသင်တိုက်သို့ မွန်းလွဲ ၁နာရီတွင် ကြွရောက်ပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူတပည့်ဒါယကာ၊ ဒါယိကာမများ

## တပ်ကြပ်ကြီးမြထွန်း(ငြိမ်း) အသက်(၉၆)နှစ်
### ကိုယ်ပိုင်အမှတ်(ဒ/၁၅၃၄)၊ အမှတ်(၂၁၂)ဆက်သွယ်ရေးတပ်ရင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့နေ (ဦးသာလှ-ဒေါ်ညို)တို့၏သား၊ (ဒေါ်ချစ်မေ)၏ခင်ပွန်း၊ (ဦးခင်မောင်ဦး)-ဒေါ်ခင်အုန်းမြင့်၊ ဦးခင်မောင်ဆွေ-ဒေါ်ခင်နွဲ့နွဲ့၊ ဦးခင်မောင်ကြွေ-ဒေါ်မြသန်းတင်၊ (ဦးခင်မောင်အေး-ဒေါ်ခင်မြဝေ)၊ ဦးခင်မောင်ရင်-ဒေါ်နန်းထား၊ ဦးခင်မောင်မြ-ဒေါ်နန်းသိန်းရင်၊ (ဦးခင်မောင်ထွန်း)-ဒေါ်ငယ်ငယ်စိုး၊ ဦးခင်မောင်ထွန်း-ဒေါ်ခင်မြထွေး၊ (ဦးခင်မောင်ထူး)-ဒေါ်နန်းဖိုင်လားတို့၏ဖခင်၊ မြေး ၂၆ယောက်၊ မြစ် ၃၂ယောက်တို့၏အဘိုးသည် ၁၇-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် သာစည်မြို့နယ်၊ ကြက်မောက်ကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ကြက်မောက်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစောလေးထူး
### (လဝကဦးစီးအရာရှိ၊ ငြိမ်း)
### အသက်(၈၄)နှစ်

မော်လမြိုင်မြို့နေ (ဦးသာအေး-ဒေါ်ဒေစီ)တို့၏သား၊ (ဦးလှဖေ-ဒေါ်စိန်တင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်ရွှေဗျိုင်းလမ်း၊ အမှတ် ၅၉၇-ကနေ ဒေါ်ခင်လှမြင့်၏ခင်ပွန်း၊ ဒေါ်ခင်သူဇာနိုင်၊ ဦးဇော်မြင့်နိုင်၊ ဒေါ်ခင်မိုးမိုးနိုင်၊ ဦးကျော်စွာနိုင်-ဒေါ်ချို၊ ဦးကျော်သူရနိုင်၊ ဦးနိုင်ဝင်း-ဒေါ်ခင်မူယာနိုင်၊ ဦးသော်ဟိန်းနိုင်-ဒေါ်မိုးသန္တာတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သင်းသင်း(ကျိုက်လတ်) အသက်(၆၄)နှစ်
### အုန်း၊ ငှက်ပျောရောင်းဝယ်ရေး

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါလမ်းမကြီး၊ အမှတ် ၉၃၈နေ (ဦးသန်း-ဒေါ်မြရင်)တို့၏သမီး၊ ဦးလှတိုး-ဒေါ်ခင်မြင့်၊ (ဦးဒေါင်း-ဒေါ်မြ)၊ ဦးကျော်ဝင်း-(ဒေါ်လှလှ)၊ ဦးကြည်မြင့်-(ဒေါ်ခင်ဝင်း)တို့၏ညီမ၊ ဦးမြင့်ရွှေ [ဥက္ကဋ္ဌ၊ (၂)ရပ်ကွက် NLD]-ဒေါ်တင်တင်ယု၊ ဦးမြင့်ငွေ-ဒေါ်မြင့်မြင့်အေး၊ ဦးသိန်းအေး-ဒေါ်စန်းစန်းထွေးတို့၏အစ်မ၊ တူ၊ တူမ ၂၂ယောက်တို့၏အဒေါ်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးမြသိန်းတန်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၆၇၊ လေးလွှာနေ (ဦးသိန်းအုံး-ဒေါ်မြစိန်)တို့၏သား၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်မူမူ၊ ဦးမျိုးမြင့်၊ (ဦးအောင်မြင့်ကြွယ်)-ဒေါ်ခင်မြတ်လှ၊ ဒေါ်မာဂရက်သိန်းအုံ(ခ)ဒေါ်ခင်မာကြူ(စင်ကာပူ)တို့၏မောင်/အစ်ကို၊ ဦးအောင်ခန့်သူ-ဒေါ်စုစုသိန်းတန်တို့၏ဖခင်၊ ဒေါ်သန်းသန်းစိန်၏ခင်ပွန်း၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၇-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ဝေ(ခ)ရှောက်ဝေ
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက် ၁၊ အခန်း ၁၀၃၊ အောင်မြေသာစည်အိမ်ရာနေ (ဦးဟိုက်ရှင်း) - ဒေါ်ကြူရှင်တို့၏ သား၊ (ဦးစံထွန်း-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ကံမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကြည်ထွန်း-ဒေါ်စန်းစန်း (မကာအို)၊ Mr. အားလုံ-ဒေါ်ရင်ရင် (U.S.A)၊ ဒေါ်သန်းသန်းဝင်း(ခ)ဒေါ်ကျင်ကျင်၊ ဦးမောင်မောင်ရီ-ဒေါ်ဝင်းမာလွင်တို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဘကြီးသည် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၀၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဇေယျာဝင်း
### တွံတေး၊ သစ်တောဦးစီးဌာန
### အသက်(၄၉)နှစ်

နေပြည်တော်၊ ဇက (၁၀၀၀)နေ ဦးသောင်းစိန်-(ဒေါ်လှလှ)တို့၏သား၊ အင်းစိန်မြို့နယ်၊ က(၄)လမ်း၊ အမှတ် ၂၈၁နေ သိက္ခာတော်ရ ဆရာတော် စောပီတာညွှန့်-(နော်အက်စတာ)တို့၏ သားသမက်၊ နော်ဗွိုင်းလက်ညွှန့်(ခ) ကောကော၏ ချစ်လှစွာသောခင်ပွန်း၊ စောဂျိုင်းဝင်း(ဧရာဝတီဘဏ်)-မဇမြတ်မော်(အမက-၁၂၊ အင်းစိန်)၊ နော်ဟာမိနီဝင်း၊ စောစတုန်းညွှန့်တို့၏ဖခင်သည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ က/၄လမ်း၊ အမှတ် ၂၈၅ နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ကရင်နှစ်ခြင်းခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ လုပ်ဖော်ကိုင်ဖက်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင်ကွေ့ချောင်းခံတပ်လမ်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**
မကွေးတိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင် ကွေ့ချောင်းခံတပ်သို့သွားသည့်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင်ကွေ့ချောင်းခံတပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်လေ့လာနိုင်ရန် ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ထိုသို့ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ကွေ့ချောင်းခံတပ်သို့ သွားသည့်လမ်းတစ်မိုင် နှစ်ဖာလုံသည် မကွေး-တောင်တွင်းကြီး လမ်းနှင့် မလွန်တံတားတို့ကို ဆက်သွယ်ထားသည့် ပဌနဂိုရ်လမ်းပေါ်ရှိ ကွေ့ချောင်း(တောင်ရွာ)နှင့် (မြောက်ရွာ) ထိပ်မှ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်ပြီး ရေဝတီမြစ်ကမ်းဘေးတွင် တည်ရှိပါကြောင်း၊လမ်း၏အခြေအနေအမှာ မြေနီကျောက်စရစ်လမ်းအမျိုးအစား ဖြစ်ပါကြောင်း။

အဆိုပါ ပဌနဂိုရ်မှ မကွေး- တောင်တွင်းကြီး ကားလမ်းမကြီးသို့ ဆက်သွယ်သည့်လမ်းသည် စွမ်းအင်ဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီး မြေနီကျောက်စရစ်လမ်းအမျိုးအစား ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကွေ့ချောင်းခံတပ်လမ်းသည် ရေဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့် ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး လမ်းအဆင့် သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့်(၂)တွင် ပါရှိပါကြောင်း၊ သို့သော်လည်း ကွေ့ချောင်း

စာမျက်နှာ ၇ ကော်လံ ၁ ❑

# ခုတင် ၁၀၀ အဆင့်မြှင့်တင်ရန်အတွက် ခွင့်ပြုခုတင်အသုံးချမှု ရာခိုင်နှုန်းအနည်းဆုံး ၁၅၀ ရှိရမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆင်ဖြူကျွန်းဆေးရုံ၊ ၁၆ ခုတင်ဆံ့ရှိသည့် တညောင်တိုက်နယ်ဆေးရုံ၊ လင်းဇင်းတိုက်နယ်ဆေးရုံနှင့် သရက်တောတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ ငါးရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၀ ဖွင့်လှစ်ထားရှိပြီး လူဦးရေ နှစ်သိန်းသုံးသောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

စလင်းမြို့နယ်ပြည်သူ့ဆေးရုံ၏ တစ်နေ့ ပျမ်းမျှအတွင်း လူနာဦးရေမှာ ငါးနှစ်စာ ပျမ်းမျှခြင်းအနေဖြင့် ၆၀ ၊ ဆေးရုံခွင့်ပြုခုတင် အသုံးပြုမှုရာခိုင်နှုန်းမှာ ငါးနှစ်စာ ပျမ်းမျှခြင်းအနေဖြင့် ၁၂၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်တွင် ခုတင် ၁၀၀ အဆင့်မြှင့်တင်ရန်အတွက် ခွင့်ပြုခုတင်အသုံးချမှု ရာခိုင်နှုန်းအနည်းဆုံး ၁၅၀ ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး ၁၂၀ ရာခိုင်နှုန်းသာ ရှိကြောင်း၊ သို့သော်လည်း ယခုနောက်ပိုင်းတွင် ခုတင်အသုံးပြုမှုများလာသည်ကို တွေ့ရသော်လည်း ခုတင် ၅၀ မှ ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း၊ ခုတင် ၅၀ မှ ၁၀၀ သို့ တိုးမြှင့်ပေးလျှင် ဝန်ထမ်း ၂၀၁ ဦး ခန့်အပ်ရကြောင်း၊ အထူးကုဘာသာရပ် ကိုးမျိုး ပေးရသောကြောင့် ခုတင် ၁၀၀ ဆံ့ မတိုးပေးသော်လည်း ဆရာဝန် ပိုခန့်ပေးမည်ဖြစ်ပြီး ဆေးပစ္စည်း၊ ခုတင်၊ အဆောက်အအုံစသည့် လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးထံ စီစဉ်ညွှန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ◆

# လာမည့်တစ်နှစ်တာအတွင်း မြန်မာ့စီးပွားရေးအတွက် အလားအလာကောင်းများကို အကျိုးရှိစွာအသုံးချရန် လိုအပ်ဟု စီးပွားရေးအစီရင်ခံစာက ဖော်ပြ

**နေပြည်တော် ဇန်နဝါရီ ၁၈**
မြန်မာနိုင်ငံ၏ နောက်ဆုံးစီးပွားရေး အစီရင်ခံစာတစ်စောင်ကို အောက်စဖို့ဒ် စီးပွားရေးလုပ်ငန်းစုမှ ယနေ့ထုတ်ပြန်ခဲ့ရာ ယင်းအစီရင်ခံစာတွင် လက်ရှိနိုင်ငံရေး မငြိမ်သက်မှုများနှင့် နှေးကွေးသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် စိုးရိမ်မှုများရှိသော်လည်း လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းကတည်းက ကြိုးစားတည်ဆောက်ခဲ့သည့် အကောင်းဘက်သို့ ဦးတည်သည့် လုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် လတ်တလောနှင့် များမကြာမီကာလများအတွင်း ဆက်လက်အရှိန် အားကောင်းနေဦးမည်ဖြစ်ကြောင်း ယနေ့ရက်စွဲဖြင့် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၈ ခုနှစ် မတ်လတွင် ကုန်ဆုံးမည့် လက်ရှိဘဏ္ဍာနှစ်အတွင်း ၆ ဒသမ ၇ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ဖော်ပြထားသည်။ အဆိုပါ ပမာဏသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရရှိခဲ့သည့် ၅ ဒသမ ၉ ရာခိုင်နှုန်းထက်များပြားခဲ့ပြီး (IMF) ၏ ၂၀၁၇ ခုနှစ်အတွင်း အရှေ့တောင်အာရှဒေသတစ်ခုလုံးအတွက် ခန့်မှန်းချက် ဖြစ်သည့်

စာမျက်နှာ ၁၁ ကော်လံ ၁ ❍



စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အဓိကကျပြီး အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါလျက်ရှိသည်။ ဓာတ်ပုံ - Victory Gabriel



သစ္စာအားမာန်အသင်းတိုက်စစ်မှူး ခင်မိုးဝေ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# KBZ Bank Women's League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၈**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၄) တတိယနေ့အဖြစ် သစ္စာအားမာန်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့သည် ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

သုံးပွဲဆက် ရှုံးပွဲမရှိသေးသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်သောကြောင့် အပြန်အလှန်ရှိခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးပြတ်အနိုင်ရနေသော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ နှစ်သင်းစလုံးတွင် လက်ရွေးစင်ကစားသမားအများအပြားစုပါဝင်ခဲ့သော်လည်း အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းခေါင်းဆောင် ခင်မာလာထွန်းမှာ ပွဲအစမိနစ် ၂၀ တွင် ဒဏ်ရာရခဲ့သောကြောင့် တိုက်စစ်အားပျော့ခဲ့ရသည်။ ပထမပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၃၈ မိနစ်တွင် တိုက်စစ်မှူး ရီရီဦးက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ လေးမိနစ်အကြာတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

## ဒေါက်တာ အေးမောင်အား ဖမ်းဆီးရမိ၊ ချုပ်ရမန်ရယူပြီး စစ်တွေအကျဉ်းထောင်တွင် ချုပ်နှောင်

စာ ➢ ၁၀



